# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၂၂]


အရိယ သစ္စာန ဒဿနံ
တေံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် ကျေးရွာများ၏ လူမှုစီးပွားဘဝ ပြန်လည် ထူထောင်နိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်းများဖြင့် ကူညီပံ့ပိုးပေးမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကောလင်းမြို့ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးကျော်လွင်၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့သို့ရောက်ရှိကြပြီး

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**ပြည်တွင်း**

## သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲတွင် ကောင်စီဝင် ၂၄ ဦး ရွေးချယ်

စာမျက်နှာ ➤ ၃

**နိုင်ငံတကာ**

## ရွှေ့ပြောင်းနေထိုင်သူများကို ဟန့်တားရန် ဆလိုဗေးနီးယားတပ်အသုံးပြုမှုစတင်

စာမျက်နှာ ➤ ၄

**ပြည်တွင်း**

## မိုင်းရှူးမြို့ရှိ ရှမ်းစာပေယဉ်ကျေးမှုကျောင်းအနီးတွင် ချိန်ကိုက်မိုင်းတစ်လုံးပေါက်ကွဲ

စာမျက်နှာ ➤ ၅




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စာရင်းဇယားကောင်းမှ တိုးတက်မည်

မည်သည့်လုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ စာရင်းဇယားများကို အခြေခံဆောင်ရွက်ရသည်ဖြစ်၍ စာရင်းဇယားများ စနစ်တကျထားရှိလုပ်ကိုင်ရန် အရေးကြီးပေသည်။ စာရင်းအင်း၊ စာရင်းဇယားများသည် လုပ်ငန်းတစ်ခုချင်းစီအလိုက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အခြေခံမူများချမှတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာရင်းဇယားများကိုအခြေခံ၍ လုပ်ဆောင်ကြရပေသည်။ စာရင်းဇယားများကို အခြေခံကျကျနိုင်နင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မှသာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်မှုရှိမည်ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက်အလက်များကို မည်သည့်ဒေသမှမဆို အင်တာနက်မှတစ်ဆင့် အလွယ်တကူ ကြည့်ရှုနိုင်ပြီဖြစ်ပါသည်။ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA) အကူအညီဖြင့် မြန်မာစာရင်းအင်းဆိုင်ရာ အချက်အလက်ဝန်ဆောင်မှုစနစ် ဝက်ဆိုက် www.mmis.gov.mm ကို စတင် ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။ ဤဝက်ဆိုက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော သတင်းအချက်အလက်များကို တွေ့ရမည်ဖြစ်ပါသည်။

သို့သော် သတင်းအချက်အလက် ဝက်ဆိုက်တစ်ခုသည် up to date ဖြစ်နေရန် လိုအပ်မည်ဖြစ်ပါသည်။ လအလိုက်၊ နှစ်အလိုက်၊ ရက်အလိုက် စာရင်းဇယားအချက်အလက်များ တိုးတက်နေရမည်ဖြစ်ပါသည်။ သို့မှသာ စာရင်းဇယားများကို ကိုးကားအသုံးပြုရာတွင် အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ အလွန်နောက်ကျနေသော စာရင်းဇယားများသည် ရှေ့ဆက်လက်ဆောင်ရွက်မည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အသုံးဝင်မှုအားနည်းနေမည်ဖြစ်ပါသည်။

စာရင်းဇယားများကို အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိက တစ်ဦးချင်းအနေဖြင့်လည်း ထားရှိဆောင်ရွက်မည်ဆိုလျှင် များစွာအကျိုးရှိနိုင်မည်ဖြစ်ပါသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ကွန်ပျူတာအခြေပြုစာရင်းအင်းကဏ္ဍများ လျင်မြန်စွာ တိုးတက်လျက်ရှိပါသည်။ လုပ်ငန်းတစ်ခုချင်းစီအလိုက်၊ လအလိုက်၊ နှစ်အလိုက်တိုးတက်ပြောင်းလဲမှုများကို ကွန်ပျူတာ အသုံးချ၍ ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။ သို့သော် လုပ်ငန်းအများစုမှာ စာရင်းဇယားများရှိသော်လည်း အသုံးချတတ်မှု အားနည်းလျက်ရှိပါသည်။ အချို့လုပ်ငန်းများတွင် စာရင်းဇယားစနစ်တကျထားရှိသော အလေ့အကျင့်ပင် မရှိကြပါ။

နေရာတိုင်းတွင် စာရင်းဇယားများကိုထားရှိပြီး အနာဂတ်လုပ်ငန်း အစီအမံများကို လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ စာရင်းဇယားများကို စနစ်တကျထားရှိပြီး ကောင်းမွန်စွာ အသုံးချနိုင်မှသာ အနာဂတ်ဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၀၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ချက်သမ္မတနိုင်ငံအစိုးရတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ချက်သမ္မတနိုင်ငံအစိုးရတို့အကြား ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် ချက်သမ္မတနိုင်ငံ အစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ချက်သံအမတ်ကြီး Mr. Jaroslav Dolecek တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်နွှယ်မှုများ၊ ကုန်သွယ်ရေးနှင့် စက်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဖောင်တော်ဦးရုပ်ပွားတော်များ ကြွချီအပူဇော်ခံပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့တွင် အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်လေးဆူသည် ၂၁ ဌာနသို့ ကြွချီ အပူဇော်ခံရန် ညောင်ရွှေမြို့ အဌဒိသာ ဓမ္မဝိဟာရ စံကျောင်းတော်၌ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ အပူဇော်ခံ သွားမည်ဖြစ်၍ ဒေသခံပြည်သူများလာရောက်ပူဇော်ပွဲနှင့် လှေပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်က ဖောင်တော်ဆိပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဖောင်တော်ဦး ရုပ်ပွားတော်တစ်ဆူ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရုပ်ပွားတော်တစ်ဆူ၊ ပြည်နယ်ဝန်ကြီးများက ရုပ်ပွားတော်တစ်ဆူ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ရုပ်ပွားတော်တစ်ဆူ အသီးသီး ပင့်ဆောင်ခဲ့ကြသည်။ ဖောင်တော်ဦး ရုပ်ပွားတော်များကို ညောင်ရွှေမြို့ တစ်ပတ်ပတ်၍ လှည့်လည်အပူဇော်ခံခဲ့သည်။

လှေလှော်ပြိုင်ပွဲတွင် ဆုရရှိသူများကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးက ၄၆ တက် အမျိုးသားဗိုလ်လုပွဲ ပထမရရှိသော ရာကျော်လှေ (အမျိုးသား) အဖွဲ့အားလည်းကောင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ၄၆ တက် အမျိုးသားဗိုလ်လုပွဲ ဒုတိယရရှိသော ရာကျော်လှေ (အမျိုးသား) အဖွဲ့အားလည်းကောင်း၊ တာဝန်ရှိသူများက ဆုရရှိသော လှေလှော်အသင်းများကိုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အထူးရဲတပ်ဖွဲ့ဝင်များအား လုံခြုံရေးသင်တန်းပေး



**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့၊ အထူးရဲတပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် က ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ သင်တန်းသို့ အထူးရဲတပ်ဖွဲ့ဝင် သင်တန်းသား ၅၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဥတ္တရသီရိမြို့နယ်တွင် မဲရုံ ၅၃ ရုံ ထားရှိမည်ဖြစ်ရာ မဲရုံတစ်ရုံလျှင် အထူးရဲတပ်ဖွဲ့ဝင်တစ်ဦးနှုန်း ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ဇေယျာသီရိ၌ အထူးရဲသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်း ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်ဝင်းရှိန်က အထူးရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့် စည်းကမ်းနှင့် လုံခြုံရေးဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

**(မြန်မာ့အလင်း)**

အမြို့မြို့အနယ်နယ်ပြန့်သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၈ |
| ဥရောပ | တစ်ယူရို | ၁၄၅၄.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၁.၅၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁.၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅.၂၉ |

ခင်ရတနာ-စုစည်းသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် စက်တင်ဘာ ၂၈ ရက်က လွှတ်တော်ရုံးခွဲ(ရန်ကုန်)တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅)နှင့် အောက်တိုဘာ ၈ ရက်က နေပြည်တော်၌ ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၅)၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် သုံးသပ်ဆောင်ရွက်ပြီးသော ဥပဒေများ၊ ဆောင်ရွက်ရန်ကျန်သော ဥပဒေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးသည်။



အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ၊ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲတွင် ကောင်စီဝင် ၂၄ ဦးရွေးချယ်

သတင်း-ရီရီသန့်
ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန် အောက်တိုဘာ ၂၁**

သတင်းမီဒီယာ ကောင်စီဝင် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ နိုင်ငံတကာမြန်မာသတင်းဌာန၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူများ၊သတင်းမီဒီယာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များနှင့် မီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမော်သန်းက ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ရွှေမိုးညွန့်က မဲပေးရွေးချယ်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဝင်များကို သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်ကြသည်။

ယင်းနောက် ဦးဟန်ညွန့်(ဥပဒေ)က သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက် ခြောက်ချက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) အတွင်းရေးမှူး ဦးကျော်မင်းဆွေက မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခံရသည့် ကိုယ်စားလှယ် ၂၄ ဦးက ရွေးချယ်ခံရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမော်သန်းက နိဂုံးချုပ်ပြောကြားသည်။

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)သည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများအရ သတင်းမီဒီယာကောင်စီကိုဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းပေးရန်အတွက် ယနေ့ သတင်းမီဒီယာ ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

ယနေ့ကျင်းပသည့် သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားတွင် တစ်ဦးချင်း ကိုယ်စားလှယ်များအဖြစ် ဦးအုန်းကြိုင်နှင့် ဦးတင်ထွန်း၊ သတင်းအေဂျင်စီများ ကိုယ်စားလှယ်အဖြစ် ဦးဟံသာညိန်း၊ ပုံနှိပ်ထုတ်ဝေသူများနှင့် ဖြန့်ချိသူများကိုယ်စားလှယ်များအဖြစ် ဦးသိမ်းစိုးနှင့် ဦးမင်းဟန်၊ စာရေးဆရာ ကိုယ်စားလှယ်များအဖြစ် ဦးဇေယျနှင့် ဦးချစ်နိုင် (စိတ်ပညာ)၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာစာနယ်ဇင်းသမဂ္ဂနှင့်နိုင်ငံတကာ မြန်မာသတင်းဌာနများ၏ ကိုယ်စားလှယ်များအဖြစ် ဦးသီဟစော၊ ဒေါ်သင်းသင်းသာ၊ ဦးဇေယျာလှိုင်နှင့် ဦးခိုင်မြတ်ကျော်၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ကိုယ်စားလှယ်များအဖြစ် ဦးခင်မောင်လေး (ဖိုးသောကြာ)နှင့် ဦးဖေမြင့်၊ သတင်းမီဒီယာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအဖြစ် ဦးကျော်စွာမင်း၊ ဒေါက်တာမောင်မောင်စံ၊ ဒေါက်တာဇော်သန်း၊ ဦးမျိုးမင်းယု(ခ)မျိုးကိုမျိုးနှင့် ဦးမြင့်ကျော်၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်း ကိုယ်စားလှယ်များအဖြစ် ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)၊ ဒေါက်တာမျိုးသန့်တင်နှင့် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်၊ နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးဟန်ညွန့် (ဥပဒေ)၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကအဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးအောင်လှထွန်းနှင့် အမျိုးသားလွှတ်တော်က အဆိုပြုသည့် ကိုယ်စားလှယ်အဖြစ် ဦးတင်မောင်အေးတို့အပါအဝင် သတင်းမီဒီယာ ကောင်စီဝင် ၂၄ ဦးကို ရွေးချယ်ခဲ့ကြသည်။



ယနေ့ကျင်းပသည့် သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမော်သန်းက "ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသဖြင့် တာဝန်အသီးသီးသတ်မှတ်ဖို့ သတင်းမီဒီယာ နည်းဥပဒေအရ ရွေးကောက်ပွဲအပြီး ခုနစ်ရက် စောင့်ရမယ်ဆိုတဲ့အတွက် စောင့်ပြီးမှ ရွေးရမှာဖြစ်ပါတယ်။ ဒီနေ့ ၂၁ ရက်ဆိုတော့ ၂၇ ရက်နေ့မှာ ခုနစ်ရက်ပြည့်မှာဖြစ်တဲ့အတွက် ထပ်ပြီး ရွေးဖို့ ဘယ်နေရာ ဘယ်အချိန်ဆိုတာ ကြေညာအသိပေးပါမယ်"ဟု ပြောသည်။

# တပ်ရင်းတပ်ဖွဲ့ရှိ မဲရုံများသို့ ဝင်ရောက်လေ့လာခွင့်ရသဖြင့် ဥရောပသမဂ္ဂ EU အဖွဲ့က ဝမ်းမြောက်လျက်ရှိ

**ကျော်သဲအိမ်**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရန် မိမိတို့၏ ဥရောပသမဂ္ဂ EU ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အား တပ်မတော်တပ်ရင်းတပ်ဖွဲ့ရှိ မဲရုံများသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ EU ရွေးကောက်ပွဲလေ့လာရေးအဖွဲ့၏ အကြီးအကဲဖြစ်သူ အလက်ဇန္ဒားဂရက်ဖ်လမ်းဘ်စဒေ့ါဖ်က အောက်တိုဘာ ၂၀ ရက်က ပြောကြားသည်ဟု ရိုက်တာသတင်းများတွင် ရေးသားဖော်ပြထားသည်။

အလက်ဇန္ဒားဂရက်ဖ်လမ်းဘ်စဒေ့ါဖ်က နေပြည်တော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဗိုလ်ချုပ်မှူးကြီးက ၎င်းတို့ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အား တပ်ရင်းတပ်ဖွဲ့များရှိ မဲဆန္ဒနယ်များကို ဝင်ရောက်လေ့လာခွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအား စစ်အခြေစိုက်စခန်းများကို ဝင်ရောက်ခွင့်ရရှိရေးသည် ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုရှိကြောင်းပြသရာတွင် အဓိကကျသည့်အချက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် အလက်ဇန္ဒားဂရက်ဖ်လမ်းဘ်စဒေ့ါဖ်က ရွေးကောက်ပွဲကာလအတွင်း တပ်ရင်းတပ်ဖွဲ့များရှိ မဲရုံများသို့ လေ့လာကြည့်ရှုခွင့်ရသည့်အတွက် အလွန်ပင်ဝမ်းမြောက်ပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် ဘယ်နိုင်ငံရေးပါတီအနိုင်ရသည်ဖြစ်စေ အရေးမကြီးကြောင်း၊ ဘက်မလိုက်မှုနှင့် ပွင့်လင်းမြင်သာမှု ရှိ မရှိကိုသာ အလေးထားစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ဥရောပသမဂ္ဂ EU သည် ရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၈ ရက်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုစလုံးရှိ မဲဆန္ဒနယ်များ၌ ၎င်းတို့၏ စောင့်ကြည့်လေ့လာသူပေါင်း ၁၅၀ ဖြင့် ဖြန့်ကြက်ကာ လေ့လာမှုများပြုလုပ်သွားမည်ဟု သိရသည်။

# မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**သဲကုန်း အောက်တိုဘာ ၂၁**

ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ အသိပညာပေးဆင့်ပွားသင်တန်း အဆင့်(၃) (၄/၂၀၁၅)ကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်ထွေ/အုပ်ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က အမှာစကားပြောကြားပြီး ပြည်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ညွန့်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက် ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ပြည်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်ကြည်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က စည်းကမ်းချက်များ၊ မဲရုံလုံခြုံရေးနှင့် မီဒီယာစည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၇၈ ဦး တက်ရောက်ပြီး သင်တန်းကာလ နှစ်ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပလူတိုနီယမ် လက်ဝယ်ထားရှိခြင်းအပေါ် တရုတ်နိုင်ငံ၏ဖော်ပြမှု ဂျပန်ငြင်းဆို

**တိုကျို အောက်တိုဘာ ၂၁**

လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးက ဂျပန်နိုင်ငံသည် ပလူတိုနီယမ် အမြောက်အမြားကို အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ ပိုမိုအင်အားကောင်းစေရန် အသုံးပြုနေကြောင်း တရုတ်နိုင်ငံ၏ ဖော်ပြချက်အပေါ် အပြင်းအထန် ခုခံငြင်းဆိုခဲ့သည်။

အောက်တိုဘာ ၂၀ ရက်က အမေရိကန်နိုင်ငံ နယူးယောက်တွင်ကျင်းပသည့် ကုလသမဂ္ဂ၏ လက်နက်ဖျက်သိမ်းရေးကော်မတီအစည်းအဝေးတွင် တရုတ်နိုင်ငံ သံအမတ်ကြီးဖုကွန်က အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ဂျပန်နိုင်ငံသည် အဖျက်စွမ်းအား ပိုမိုကြီးမားသည့် နျူကလီးယားလက်နက်ကို အချိန်တိုအတွင်း ပိုမိုအင်အားကောင်းစေရန်အတွက် ပလူတိုနီယမ် ၄၇ တန်ကို အသုံးပြုနေကြောင်း ပြောခဲ့သည်။

ထို့အပြင် ဂျပန်နိုင်ငံ၏ အချို့နိုင်ငံရေးအင်အားစုများသည် နျူကလီးယားလက်နက်တိုးတက်ပြန့်ပွားရေးအတွက် တိုက်တွန်းခဲ့ကြောင်း တရုတ်သံအမတ်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အဘယ်ကြောင့်ဂျပန်နိုင်ငံသည် ပလူတိုနီယမ် အမြောက်အမြား သုံးစွဲရသလဲဆိုသည်ကို ဂျပန်အရာရှိများအား ၎င်းက မေးမြန်းခဲ့သည်။ ဂျပန်နိုင်ငံသည် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ စုံစမ်းစစ်ဆေးသူများကို လက်ခံခဲ့ပြီး ၎င်းတို့၏ စောင့်ကြည့်မှုအောက်တွင် ဆောင်ရွက်နေကြောင်း ဂျပန်သံအမတ်ကြီး တိုရှီအိုဆာနိုက တုံ့ပြန်ပြောကြားသည်။

ဂျပန်နိုင်ငံ၏ လုံခြုံရေး မူဝါဒမှာ ကာကွယ်ရေးအတွက် အဓိက ဦးစားပေးဖြစ်ပြီး စစ်ရေးအရ အခြားတိုင်းပြည်များကို ခြိမ်းခြောက်မှုမရှိကြောင်း ဂျပန်သံအမတ်ကြီးက ဆက်လက်ပြောကြားသည်။ ထို့အပြင်ဂျပန်နိုင်ငံသည် နျူကလီးယား ပိုင်ဆိုင်ခွင့် သို့မဟုတ် ထုတ်လုပ်ခြင်းတို့တွင် အခြေခံစည်းကမ်းချက်သုံးခုကို ဆက်လက်လိုက်နာကျင့်သုံး လျက်ရှိကြောင်း ၎င်းသံအမတ်ကြီးက ဆက်လက်ပြောကြားသည်။



**(အင်န်အိတ်ချ်ကေ)**

# လေကြောင်းတိုက်ခိုက်မှုအတွက် ကျေးဇူးတင်ကြောင်းပြောရန် သမ္မတ အာဆတ် မော်စကိုသို့ရောက်ရှိ

**မော်စကို အောက်တိုဘာ ၂၁**

ဆီးရီးယားသမ္မတ ဘက်ရှာအယ်လ်အာဆတ်သည် ဆီးရီးယားရှိအိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှ ကူတိုက်ပေးသည့်အတွက် ရုရှားသမ္မတပူတင်အား ကျေးဇူးတင်ကြောင်းပြောကြားရန် အင်္ဂါနေ့ ညနေပိုင်းက မော်စကိုသို့တိတ်တဆိတ် ရောက်ရှိလာသည်။



ကရင်မလင်က ဆီးရီးယားသမ္မတလာရောက်မှုနှင့် ပတ်သက်ပြီး အစီအစဉ်အသေးစိတ်ကို ၎င်း ရောက်ရှိပြီး တစ်ရက်အကြာ ဗုဒ္ဓဟူးနေ့တွင် ပြည်သူလူထုအား ထုတ်ပြန်ပေးခဲ့သည်။

သို့ရာတွင် သမ္မတအာဆတ် မော်စကို၌ ဆက်လက်ရှိနေသလား၊ ဆီးရီးယားသို့ ပြန်ပြီလားဆိုသည့် သတင်းကိုမူ ဖော်ပြခြင်းမပြုခဲ့ပေ။ အဆိုပါ သွားရောက်မှုသည် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆီးရီးယား အကျပ်အတည်းဖြစ်ပွားပြီးနောက် သမ္မတအာဆတ်၏ ပထမဆုံးသော ပြည်ပခရီးစဉ်ဖြစ်သည်။

ရုရှားက စက်တင်ဘာ ၃၀ ရက်တွင် ဆီးရီးယား အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ပြီး သုံးပတ်အကြာ၎င်း၏ ခရီးစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။

**(ရိုက်တာ)**

# ရွှေ့ပြောင်းနေထိုင်သူများကို ဟန့်တားရန် ဆလိုဗေးနီးယားတပ်အသုံးပြုမှုစတင်

**ဆလိုဗေးနီးယား အောက်တိုဘာ ၂၁**

ဆလိုဗေးနီးယား ပါလီမန်သည် ၎င်း၏ ဟန်ဂေရီနယ်စပ်ကို ပိတ်လိုက်ပြီးနောက် ခရိုအေးရှားမှ ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းနေထိုင်သူများကို ဟန့်တားရန် ရဲအဖွဲ့ကို ကူညီရေးအတွက် တပ်အားအသုံးပြုရန် ဗုဒ္ဓဟူးနေ့စောစောပိုင်းက ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

အဆိုပါ ဥပဒေသစ်အရ ဆလိုဗေးနီးယားတပ်ဖွဲ့ဝင်များအနေဖြင့် ရဲတပ်ဖွဲ့ဝင်များမပါဘဲ နယ်စပ်ကို လုံခြုံရေးတင်းကျပ်စွာ လုပ်ဆောင်ခွင့်ရှိမည်ဖြစ်သည်။ ဆလိုဗေးနီးယားတပ်မတော်က တနင်္လာနေ့မှ စတင်ကာ ရဲတပ်ဖွဲ့ဝင်များရှိနေစဉ် နယ်စပ်လုံခြုံရေးကို ကူညီပေးလျက်ရှိသည်။

ဩစတြီးယားသို့ ဝင်ရောက်ရန် စနေနေ့ နံနက်ပိုင်းက ရွှေ့ပြောင်းနေထိုင်သူ ၂၀၀၀၀ ကျော်တို့ ဆလိုဗေးနီးယားသို့ ရောက်ရှိလာသည်။ ယင်းတို့အနက် ၆၀၀၀ ခန့်မှာ ယမန်နေ့ညက ဒုက္ခသည်စခန်းများ၌ ယာယီအမိုး အကာများအောက်တွင် အိပ်ခဲ့ကြရသည်။ ဆလိုဗေးနီးယားပါလီမန်က ရဲတပ်ဖွဲ့နှင့် ငွေကြေးအကူအညီရရှိရန် အီးယူသို့ တရားဝင် တောင်းဆိုသွားမည်ဖြစ်ကြောင်း ပါလီမန်၌ မဲခွဲဆုံးဖြတ်မှု မတိုင်မီဝန်ကြီးချုပ် မီရိုစီရာက သတင်းထောက်များအား ပြောသည်။

**(ရိုက်တာ)**



## ရုရှားတိုက်ခိုက်မှုများတွင် အရပ်သား ၁၂၇ ဦးသေဆုံး

**မော်စကို အောက်တိုဘာ ၂၁**

ဆီးရီးယားအတိုက်အခံအင်အားစုများနှင့် ဆက်စပ်နီးနွယ်နေသော လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ဆီးရီးယားရှိရုရှားလေကြောင်းတိုက်ခိုက်မှုများတွင် အရပ်သား ၁၂၀ ကျော် သေဆုံးခဲ့ကြောင်း ပြောကြားသည်။

ရုရှားသည် ဆီးရီးယားသမ္မတ ဘက်ရှာအယ်လ်အာဆတ် အစိုးရကို ထောက်ပံ့ကူညီရန် စက်တင်ဘာ ၃၀ ရက်ကတည်းက ဆီးရီးယားတွင် လေကြောင်းတိုက်ပွဲများ စတင်ဆင်နွှဲခဲ့သည်။

လွန်ခဲ့သော သုံးပတ်ကျော်မှစ၍ ရုရှား၏လေကြောင်းတိုက်ခိုက်မှုများတွင် အရပ်သား ၁၂၇ ဦးအပါအဝင် လူပေါင်း ၃၇၀ သေဆုံးခဲ့ကြောင်း ဗြိတိန် အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က အောက်တိုဘာ ၂၀ ရက်က ပြောခဲ့သည်။ အရပ်သားသေဆုံးမှုများတွင် အမျိုးသမီးနှင့်ကလေး များပါဝင်သည်။

အခြားသေဆုံးသူများမှာ အိုင်အက်စ်စစ်သွေးကြွများအပါအဝင် သောင်းကျန်းသူအဖွဲ့များမှ တိုက်ခိုက်ရေးသမားများဖြစ်ကြောင်း ယင်းအဖွဲ့က ပြောခဲ့သည်။

ပစ်မှတ်ထားတိုက်ခိုက်သူများနှင့် အရပ်သားခွဲခြားနိုင်ခြင်းမရှိသော ရုရှားတပ်ဖွဲ့များကို ယင်းလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြစ်တင်ဝေဖန်ခဲ့ကြသည်။ လက်တာကီယာ အနောက်ဘက်ပြည်နယ်တွင် တနင်္လာနေ့က လေကြောင်းတိုက်ခိုက်မှုကြောင့် သောင်းကျန်းသူ သူပုန်ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ကြောင်း ယင်းအဖွဲ့က ဖော်ပြပြောဆိုခဲ့သည်။

ဆီးရီးယားအစိုးရဆန့်ကျင်အဖွဲ့များနှင့် အမေရိကန်ပြည်ထောင်စုက အိုက်အက်စ်စစ်သွေးကြွများကိုတိုက်ခိုက်ခြင်းထက် ဆီးရီးယားအတိုက်အခံအုပ်စုများကို ပစ်မှတ်ထားတိုက်ခိုက်နေသော ရုရှား၏တိုက်ခိုက်မှုကို ပြစ်တင် ဝေဖန်လျက်ရှိကြသည်။

တစ်ချိန်တည်းမှာပင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏အကြမ်းဖက် ဆန့်ကျင်တိုက်ဖျက်ရေးလှုပ်ရှားမှုများသည် ပြည်တွင်းတွင်သာမက ဆီးရီးယားတွင်ပါ သက်ရောက်မှုရှိကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## အိုင်အက်စ်ချေမှုန်းရေး ကနေဒါရုပ်သိမ်းမည်ဆို

**အော့တဝါ အောက်တိုဘာ ၂၁**

ကွန်ဆာဗေးတစ် ပါတီကိုအနိုင်ရပြီး ကနေဒါဝန်ကြီးချုပ်ဖြစ်လာသော ဂျပ်စတင်ထရူဒိုးက အိုင်အက်စ်ချေမှုန်းတိုက်ခိုက်ရေးတွင် ကနေဒါတပ်ဖွဲ့ဝင်များကိုရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထရူဒိုးသည် အိုင်အက်စ်ချေမှုန်းရေးပူးပေါင်းအဖွဲ့မှ ကနေဒါနုတ်ထွက်ရန် ကတိပြုထားကြောင်း ၎င်းက အမေရိကန်သမ္မတ ဘားရက်အိုဘားမားကို အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ သို့ရာတွင် လူသားချင်းစာနာမှုဆိုင်ရာနှင့် လေ့ကျင့်ရေးမစ်ရှင်ကို ဆက်လက်ထားရှိမည်ဟု ဆိုသည်။

ထရူဒိုးသည် ၁၉၆၈ ခုနှစ်မှ ၁၉၈၄ ခုနှစ်ထိ ကနေဒါဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပီယာရီ၏သားဖြစ်သည်။ အသက် ၄၃ နှစ်အရွယ်သာရှိသေးသည့် ထရူဒိုး၏ လစ်ဘရယ်ပါတီသည် အမတ်နေရာ ၁၈၄ နေရာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**(ရိုက်တာ)**

# လာအိုနိုင်ငံ၌ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဒုတိယဝန်ကြီး ဦးတင်ငွေတက်ရောက်

(၉)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဝန်ကြီးများအဆင့် အစည်းအဝေးပြီးနောက် ဒုတိယဝန်ကြီး ဦးတင့်ငွေ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)




**နေပြည်တော် အောက်တိုဘာ ၂၁**

လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ (၉)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား ကျင်းပခဲ့ပြီး အောက်တိုဘာ ၁၆ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ခေါင်းဆောင်မှုအရည်အချင်း ဆုချီးမြှင့်ပွဲနှင့် အောက်တိုဘာ ၁၇ ရက်တွင်ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဝန်ကြီးများအဆင့် အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးတင်ငွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် “Public, Private and People Partnerships (4Ps) for the Post-2015 Sustainable Development in ASEAN” ခေါင်းစဉ်အပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မိမိတို့နိုင်ငံအလိုက် အတွေ့အကြုံများ မျှဝေဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ Public, Private and People Partnerships (4Ps) လက်တွေ့ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်ငွေက ရှင်းလင်းဆွေးနွေးခဲ့သည်။ ခေါင်းဆောင်မှုအရည်အချင်းဆုနှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံအလိုက် ရွေးချယ်တင်ပြသည့် NGOs/CSOs ၁၀ ဖွဲ့အား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံမှရွေးချယ်တင်ပြသည့် Network Activities Group မှ မြန်မာနိုင်ငံကိုယ်စားပြု NGO အဖြစ် ခေါင်းဆောင်မှုအရည်အချင်းဆုအား လက်ခံရရှိခဲ့ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၁၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ+၃နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် စတုတ္ထအကြိမ်မြောက် အာဆီယံဖိုရမ်သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအစဉ် မူဘောင် (၂၀၁၆-၂၀၂၀)ရေးဆွဲမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ Country Coordinator အဖြစ် တာဝန်ယူဆောင်ရွက်သွားနိုင်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းများအား အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြိတ်မြို့၌ အမျိုးသမီးငယ်များအား ပညာပေးဟောပြော

**မြိတ် အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းတက်ရောက်လျက်ရှိသည့် အမျိုးသမီးငယ်များအား အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးငယ်ရွယ်များ ပြုစုပျိုးထောင်းရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မျိုးဆက်ခြားကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ မြိတ်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးပညာဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်းနှင့် အဆိုပါဟောပြောပွဲသို့ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၄၁)မှ သင်တန်းသူများနှင့် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၇၀)မှ သင်တန်းသူများ စုစုပေါင်း ၇၀ ခန့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

# ဆူးလေရှန်ဂရီလာ ဟိုတယ်ရှေ့၌ ယာဉ် ၁၀ စီးဆင့်တိုက်



နေပြည်တော် အောက်တိုဘာ ၂၁

ကျောက်တံတားမြို့နယ်ရှိ ဆူးလေရှန်ဂရီလာဟိုတယ်ရှေ့ ဆူးလေဘုရားလမ်းပေါ်တွင် ယနေ့မွန်းလွဲ ၁ နာရီခွဲခန့် က ဘီအမ်အမျိုးအစား ခရီးသည်တင်ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်ဖြစ်ပြီး ကိုယ်ပိုင်ယာဉ်နှင့် အငှားယာဉ်များကို ဝင်တိုက်မိရာမှ ယာဉ် ၁၀ စီးဆင့်တိုက်မှုဖြစ်ပွားခဲ့ကြောင်း ကျောက်တံတားမြို့မရဲစခန်းမှ သိရသည်။

“ဆူးလေလမ်းနဲ့ ဗိုလ်ချုပ်လမ်းထောင့်က မီးပွိုင့် မီးစိမ်းပြချိန်မှာ သမ္မတခုံးတံတားဘက်ကနေ ဆူးလေဘုရားဘက်ကို အရှိန်နဲ့ ဆင်းလာတဲ့ဘီအမ်က သူ့ရှေ့မှာရှိတဲ့ ကားလေးတွေကို ဝင်တိုက်မိခဲ့တာ၊ ကား ၁၀ စီးအတွဲလိုက်ဆင့်တိုက်မှုဖြစ်ခဲ့တာကြောင့် ယာဉ်ကြောပိဆတ်ဆို့မှုတွေ နာရီဝက်လောက်ဖြစ်ခဲ့တယ်၊ ယာဉ်တိုက်မှုကျူးလွန်သူ ဘီအမ်ယာဉ်မောင်းကို ဖမ်းဆီးထားတယ်” ဟု ကျောက်တံတားမြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဘီအမ်ခရီးသည်တင်ယာဉ်ပေါ်မှ (၂၃ နှစ်)အရွယ် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာ များရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ထားကြောင်း၊ ဘီအမ်ယာဉ်မောင်းဦးအုန်ဟန်(၄၈ နှစ်)ကို ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့်အရေးယူရန်စစ်ဆေးနေကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ **(သတင်းစဉ်)**

**ဓာတ်ပုံ - Yangon Traffic Police**

# မိုင်းစံမြို့နယ်၌ မိုင်းပေါက်ကွဲမှုဖြစ်

**လွိုင်လင် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းစံမြို့တွင် အောက်တိုဘာ ၂၀ ရက် ည ၉ နာရီခွဲခန့်က မိုင်းစံ ယာယီရဲစခန်း၏ အရှေ့တောင်ဘက် ခြံစည်းရိုးနှင့် ကပ်လျက်နေရာတွင် မိုင်းနှစ်လုံးပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ထိုသို့ မိုင်းပေါက်ကွဲမှုကြောင့် ခြံစည်းရိုးနေရာနှစ်ခုပွင့်ထွက်ခဲ့ပြီး လိုင်းခန်းတွင် နံရံတစ်ချပ် ပေါက်ပြဲ၊ တစ်ချပ်ကွာကျ၊ ယာယီရဲစခန်းတွင် မိုင်းအစအန များထိမှန်သော်လည်း တပ်ဖွဲ့ဝင် မိသားစုများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ မိုင်းအမျိုးအစားနှင့် မိုင်းများစိစစ်ရန်အတွက် နယ်မြေခံတပ်ရင်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုင်းရှူးမြို့ရှိ ရှမ်းစာပေယဉ်ကျေးမှုကျောင်းအနီး၌ ချိန်ကိုက်မိုင်းတစ်လုံးပေါက်ကွဲ



**နေပြည်တော် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကျောင်းအနီး၌ ယနေ့ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ထောင်ထားသော ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုသို့ မိုင်းပေါက်ကွဲမှုကြောင့် မိုင်းရှူးမြို့နေ ဒေါ်နန်းလိတ် (၇၄ နှစ်)သည် ဘယ်ဘက်လက်ဖျံ၊ ရင်အုံနှင့် ဝမ်းဗိုက်တို့တွင်လည်းကောင်း၊ မနန်းခင် (၁၂ နှစ်) သည် ညာဘက်ပါး၊ လည်ပင်းနှင့် လက်ညှိုးတို့တွင်လည်းကောင်း မိုင်းစများထိမှန်ပြီး ဒဏ်ရာရရှိခဲ့ကြသည်။

အဆိုပါ ဒဏ်ရာရရှိသူများကို မိုင်းရှူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး မိုင်းရှူးတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်ထွေးနှင့် တာဝန်ရှိသူများက သွားရောက် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မည်သည့်အဖွဲ့မှလုပ်ဆောင်ခဲ့သည်ကို ဖော်ထုတ်နိုင်ရေး သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

# ကျေးလက်ဒေသနေပြည်သူများလိုအပ်နေသော ငွေကြေးအရင်းအနှီးကို ကျေးလက်အထိ ရောက်ရှိအောင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများက အလေးထားဆောင်ရွက်ရမည်

**နေပြည်တော် အောက်တိုဘာ ၂၁**



အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ (၄/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ အသေးစားငွေရေးကြေးရေး လုပ်ငန်းလိုင်စင်လျှောက်ထားသည့် သမဝါယမအသင်းတစ်ဖွဲ့၊ ပြည်တွင်းအသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း ခြောက်ဖွဲ့ စုစုပေါင်းခုနစ် ဖွဲ့တို့မှ လုပ်ငန်းတာဝန်ခံများက အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေရရှိမှုနှင့် ရင်းနှီးရန်အစီအစဉ်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း ၂၅၁ဖွဲ့ကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော ကျေးလက်ဒေသနေ ပြည်သူများလိုအပ်နေသော ငွေကြေးအရင်းအနှီးကို ကျေးလက်အထိရောက်ရှိအောင် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီ အဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးရာတွင် ကျေးလက်ဒေသများသို့ သွားရောက်လုပ်ကိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းများအား ဦးစားပေးထုတ်ပေးရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုမောင်က အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (ယာယီ) တစ်နှစ်ရရှိထားသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား အမြဲတမ်းလိုင်စင် ထုတ်ပေးရေး ကိစ္စရပ်များ၊ ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၄၁ လက်မ၊ မုဒုံမြို့ တွင် ၁ ဒသမ ၇၁ လက်မ၊ ပေါင်မြို့နှင့်ချောင်းဆုံမြို့တို့တွင် ၀ ဒသမ ၆၃ လက်မစီ နှင့်မော်ဘီမြို့တွင် ၀ ဒသမ ၄၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

✲ ကျောဖုံးမှ

ပွဲထွက်လာသည်။ နည်းပြ ဂွာဒီယိုလာ၏ ဘိုင်ယန်အသင်းသည် လီဝမ်ဒေါစကီးကို အထောင်ထားကာ ကွင်းလယ်တွင် အလွန်ဆို၊ ဒေါက်ကလပ်ကော်စတာ၊ အယ်ကန်တာရာ၊ မူလာ၊ ဗီဒယ်လ်တို့ပါဝင်ပြီး နောက်တန်းတွင် ဖိလစ်လမ်း၊ ဘားနတ်၊ ဂျာရိုမီဘိုတန်၊ အလာဘာနှင့် ဂိုးသမား နူအာတို့ ပါဝင်ခဲ့သည်။

ပွဲစစချင်း နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဖွင့်ကစားကြပြီး ပထမပိုင်းတွင် ဂိုးမရရှိဘဲ ဘိုင်ယန်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိပြီး ဂိုးပေါက်ကန်သွင်းခွင့် ရှစ်ကြိမ်ထိ ရရှိထားခဲ့သည်။ အိမ်ရှင် အာဆင်နယ်အသင်းမှာ ဘောလုံးပိုင်ဆိုင်မှုနည်းသော်လည်း ဂိုးပေါက်ကန်သွင်းခွင့် ကိုးကြိမ်ထိရခဲ့သည်။ ဒုတိယပိုင်း၌ အာဆင်နယ်အသင်း တိုက်စစ်မှူးဝဲလ်ကော့နေရာတွင် လူစားဝင်လာသော အိုလီဗာဂီရော့ဒ်က ပွဲချိန် ၇၇ မိနစ်၌ ဦးဆောင်ဂိုး သွင်းယူခဲ့သည်။

ပွဲချိန် မိနစ် ၉၀ တွင် အိုဇေး ကန်သွင်းခဲ့ရာ ဘိုင်ယန်ဂိုးသမား နူအာကာကွယ်ခဲ့သော်လည်း ဘောလုံးမှာ ဂိုးအတွင်းစည်းကိုကျော်လွန်ခဲ့ပြီး ဂိုးစည်းကြပ်ဒိုင်က ဂိုးအဖြစ်ပြောင်းလဲပေးခဲ့သည်။ ပွဲပြီးချိန်တွင် အာဆင်နယ်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (F) မှ သုံးပွဲကစားအပြီး အာဆင်နယ်အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်ရရှိပြီး ဘိုင်ယန်က နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေသည်။

အုပ်စု (F) မှ အခြားပွဲစဉ်အဖြစ် ဒိုင်နမိုဇာဂရက်နှင့် အိုလံပီယာကို့စ်ပွဲတွင် အိုလံပီယာကို့စ်က တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အိုလံပီယာကို့စ်သည် ရမှတ်ခြောက်မှတ်ရရှိထားပြီး ဘိုင်ယန်နှင့် အမှတ်တူကာ အဆင့် ၂ တွင် ရပ်တည်နေသည်။ ဒိုင်နမိုဇာဂရက်မှာ သုံးမှတ်ရရှိထားပြီး အာဆင်နယ်နှင့် အမှတ်တူနေသည်။

အုပ်စု (E)မှ ဘာစီလိုနာက ဘိုရီဆော့ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး လေဗာကူဆင်နှင့် ရိုးမားတို့မှာ တစ်ဖက်လေးဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ဘာစီလိုနာအသင်း သုံးပွဲကစားအပြီး ရမှတ်ခုနစ်မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး လေဗာကူဆင်မှာ ရမှတ်လေးမှတ်ရရှိထားကာ ဘိုရီဆော့က သုံးမှတ်၊ ရိုးမားက နှစ်မှတ်ဖြင့် ရပ်တည်နေသည်။

အုပ်စု (G) မှ ပေါ်တိုက မက္ကာဘီတဲအဗစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဒိုင်နမိုကိဗ်နှင့် ချယ်လ်ဆီးမှာ ဂိုးမရှိသရေကျခဲ့သည်။ ပေါ်တိုအသင်းရမှတ်ခုနစ်မှတ် ရရှိထားပြီး ဒိုင်နမိုကိဗ် ငါးမှတ်၊ ချယ်လ်ဆီး လေးမှတ်နှင့် မက္ကာဘီတဲအဗစ်မှာ အမှတ်မရရှိသေးပေ။

အုပ်စု (H) မှ ဇင်းနစ်က လိုင်ယွန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗလင်စီယာက ဂျန့်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇင်းနစ်အသင်းသည် ရမှတ်ကိုးမှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး ဗလင်စီယာက ခြောက်မှတ်ရရှိထားကာ ဂျန့်နှင့် လိုင်ယွန်မှာ တစ်မှတ်စီသာ ရရှိထားသည်။

# တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများတင်သွင်းရာတွင် အခက်အခဲရှိမှုကို မြို့နယ်ပညာရေးမှူးရုံးများက ဖြေရှင်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများ တင်သွင်းရာတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစေရန်နှင့် အခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်နှင့် တွေ့ဆုံဆွေးနွေးမေးမြန်းသည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံ တင်သွင်းခြင်းနဲ့ပတ်သက်ပြီး ပြောပြပေးပါ။**

ဖြေ ။ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာတွေကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်ကနေ အောက်တိုဘာ ၃၁ ရက်အတွင်း တင်သွင်းဖို့ လျှောက်လွှာတွေ ခေါ်ယူထားပြီးဖြစ်ပါတယ်။

**မေး ။ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြဖို့ ဘာသာတွဲ ဘယ်နှမျိုးသတ်မှတ်ထားပါသလဲ။**

ဖြေ ။ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ယခင်နှစ်တွေအတိုင်း ဘာသာတွဲရှစ်မျိုးအတွက် ဖြေဆိုခွင့်တင်သွင်းနိုင်မှာဖြစ်ပါတယ်၊ ဘာသာတွဲတိုင်းမှာ မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ်တွေကို ကျောင်းသား ကျောင်းသူတိုင်း ဖြေဆိုကြရပါမယ်။ ဘာသာတွဲအလိုက် **အတွဲ(၁)** ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊ **အတွဲ(၂)** ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ **အတွဲ(၃)** ပထဝီဝင်၊ သမိုင်း၊ စိတ်ကြိုက် မြန်မာစာ၊ **အတွဲ(၄)** သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ **အတွဲ(၅)** ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း၊ **အတွဲ(၆)** ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ **အတွဲ(၇)** ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ **အတွဲ(၈)** ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင် ဘာသာရပ်တွေ ဖြေဆိုကြရပါမယ်။

**မေး ။ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ပုံစံဖြည့်သွင်းရာမှာ အထူးဂရုပြုရမယ့် အချက်တွေကို ပြောပြပေးပါ။**

ဖြေ ။ ဖြေဆိုသူရဲ့အမည်၊ အဘအမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ် စတဲ့ကိုယ်ရေးအချက်အလက်တို့ကို မှန်ကန်အောင် သေသေချာချာ စိစစ်ပြီးတော့ ကျောင်းသားကိုယ်တိုင် ဖြည့်သွင်းဖို့လိုပါတယ်၊ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုပြီးရင် အမည်၊ မွေးသက္ကရာဇ်၊ မိဘအမည်စတဲ့ ကိုယ်ရေးအချက်အလက်တွေကို ပြန်လည်ပြင်ဆင်ခွင့် မပြုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

**မေး ။ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကို ကျောင်းဖြေတွေအတွက် ဘယ်လိုစီစဉ်ပေးပါသလဲ။**

ဖြေ ။ အခြေခံပညာကျောင်းတွေမှာ တက်ရောက်သင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေကို သူတို့တက်နေတဲ့ ကျောင်းကတစ်ဆင့် ဝင်ခွင့်လျှောက်လွှာတွေကို တင်သွင်းလို့ရပါတယ်၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတွေမှာ တက်နေတဲ့ ကျောင်းသားကျောင်းသူတွေကိုတော့ ကိုယ်ပိုင်ကျောင်းတာဝန်ခံက စုစည်းပြီး မြို့နယ်ပညာရေးမှူးရုံးကတစ်ဆင့် တင်သွင်းရပါတယ်။

**မေး ။ ပြင်ပက ဖြေဆိုလိုသူတွေအနေနဲ့ ဘယ်လိုလျှောက်လွှာတင်ရပါမလဲ။**

ဖြေ ။ တချို့ ကျောင်းသားတွေက ငွေကြေးမတတ်နိုင်လို့ ကျောင်းမတက်နိုင်တာတွေ၊ အိမ်ထောင်ကျသွားလို့ဖြစ်ဖြစ်၊ စီးပွားရေးအဆင်မပြေလို့ ဖြစ်ဖြစ်၊ ကျောင်းထွက်ပြီး အလုပ်လုပ်နေရသူတွေ၊ ကျန်းမာရေးမကောင်းလို့ ကျောင်းမတက်နိုင်သူတွေ၊ ကျောင်းနဲ့ဝေးလံလို့ ကျောင်းတက်ခွင့်မရသူတွေ စသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်ကျောင်းကို မတက်နိုင်တဲ့သူတွေရှိပါတယ်။ အဲဒီလို ကျောင်းသား ကျောင်းသူတွေအတွက် ပညာရေးဆိုင်ရာ နစ်နာမှုမရှိစေဖို့အတွက် နဝမတန်းအောင်ပြီး တစ်နှစ်ဆိုင်းငံ့ခြင်းမရှိဘဲ ပြင်ပဖြေအဖြစ် လျှောက်ထားလာရင် ဖြေဆိုခွင့်ပြုမှာဖြစ်ပါတယ်။ သူတို့ တစ်တွေအနေနဲ့ နဝမတန်းအောင်မြင်ပြီး ကျောင်းထွက်လက်မှတ်တင်ပြ လျှောက်ထားကြရမှာ ဖြစ်ပါတယ်။ ယခင်နှစ် ကျရှုံးသူတွေအတွက်ကတော့ ယခင်နှစ်ကဖြေဆိုခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်ကိုဖော်ပြ၍ လျှောက်ထားနိုင်ပါတယ်။

**မေး ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေက ကျောင်းသား ကျောင်းသူတွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေခွင့်ရှိပါသလား။**

ဖြေ ။ ဘုန်းတော်ကြီးသင်ကျောင်းတွေမှာ တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူတွေကိုတော့ သက်ဆိုင်ရာ ဘုန်းတော်ကြီးသင် ကျောင်းများက စုစည်းပြီး မြို့နယ်ပညာရေးမှူးရုံးကတစ်ဆင့် တင်သွင်းရပါမယ်။

**မေး ။ ကျောင်းမတက်ပဲ ပြင်ပမှာဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း (ကျူရှင်) ယူပြီး ပြင်ပဖြေလို့ရပါသလား။**

ဖြေ ။ ၁၉၈၄ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေမှာ သင်တန်းတည်ထောင်သူဟာ သင်တန်းတစ်ခုပဲ တည်ထောင်ခွင့်ရှိပြီး သင်တန်းတစ်ခုမှာ ဘာသာရပ်နှစ်ခုပဲသင်ကြားခွင့်ရတဲ့အတွက် ကျောင်းသားအနေနဲ့ ခြောက်ဘာသာဖြေဆိုရမယ့် စာမေးပွဲကိုဖြေဆိုနိုင်ဖို့အတွက် သင်တန်းသုံးနေရာကို သွားရောက်တက်မှသာ ဘာသာစုံသင်ကြားခွင့်ရပြီး စာမေးပွဲကိုဖြေဆိုလို့ ရပါလိမ့်မယ်။ အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းနဲ့ ဘုန်းတော်ကြီးသင် ကျောင်းတွေကတော့ တစ်နေရာတည်းမှာ ဘာသာစုံသင်ကြားပေးတဲ့အတွက် စာမေးပွဲကို အဆင်ပြေစွာ ဘာသာစုံဖြေဆိုနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရကျောင်းတွေက ကျောင်းသားကျောင်းသူတွေကို ကုန်ကျစရိတ် အသက်သာဆုံးနဲ့ ဘဝအတွက် အခြေခံလိုအပ်ချက်တွေ (Foundation Factors) ကို လေ့ကျင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျောင်းသား ကျောင်းသူတွေရဲ့ ပင်ကိုယ်၊ အထုံ၊ ဗီဇ၊ ဝါသနာ၊ စွမ်းရည်တို့ကို မြှင့်တင်ပေးနိုင်စွမ်းရှိတဲ့ အကြိုသက်မွေး ပညာရပ်တွေ၊ ပြည်သူ့နီတိ၊ စာရိတ္တပညာ၊ ကာယပညာ၊ လက်မှုပညာ၊ ဘဝတွက်တာ၊ ယဉ်ကျေးမှုစတာတွေကို သင်ကြားခွင့်ရလို့ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အနှစ်သာရတွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းနေဖက် သူငယ်ချင်းများစွာနဲ့ ထိတွေ့ဆက်ဆံခွင့်ရပြီး ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်နိုင်မှု၊ ကူညီစောင့်ရှောက်နိုင်မှု၊ စုပေါင်းဆောင်ရွက်တတ်မှု စတဲ့ အလေ့အကျင့်ကောင်းတွေကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ဒီနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုဖို့ လျှောက်လွှာတင်သွင်းရာမှာ အခက်အခဲရှိတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ဘယ်လိုဆောင်ရွက်ပေးပါမလဲ။**

ဖြေ ။ မြို့နယ်ပညာရေးမှူးရုံးတွေကို လျှောက်လွှာတင်သွင်းမှုအတွက် လိုအပ်သလို ကူညီပေးဖို့ မှာကြားထားပြီးဖြစ်ပါတယ်။ အခက်အခဲဖြစ်နေတဲ့ ကျောင်းသား ကျောင်းသူတွေရှိရင်လည်း မြို့နယ် ပညာရေးမှူးရုံးတွေက ဖြေရှင်းပေးနေပါတယ်။ ကာယကံရှင်ကိုယ်တိုင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန နေပြည်တော် (ရုံးချုပ်)နဲ့ ရန်ကုန်(ရုံးခွဲ)၊ ဖွဲ့ကပင်ဆောင်ရုံးတို့ကို တိုက်ရိုက် မေးမြန်းတင်ပြလျှောက်ထားလာရင်လည်း လက်ခံဆောင်ရွက်ပေးပါမယ်။

**မေး ။ အခက်အခဲရှိလာခဲ့ရင် ဘယ်လိုဆောင်ရွက်ရပါမလဲ။**

ဖြေ ။ လျှောက်လွှာတင်သွင်းရာမှာ မည်သည့်အခက်အခဲမျိုးမဆို ရှိလာခဲ့ရင်တော့ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)၊ ဖွဲ့ကပင်ဆောင်စတဲ့ ရုံးနှစ်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရန်ကုန်(ရုံးခွဲ) ဖုန်း - ၀၁-၆၅၃၅၀၉၊ နေပြည်တော်(ရုံးချုပ်) ဖုန်း - ၀၆၇-၄၃၀၁၆၈ ဖုန်းများသို့ မေးမြန်း ဆက်သွယ်နိုင်ပါတယ်။

**(သတင်းအဖွဲ့)**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အခမ်းအနား ဆီဆိုင်မြို့တွင်ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်(NCA) လက်မှတ်ရေးထိုးခြင်းထောက်ခံသည့် အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ကျင်းပခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့် အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့၊ မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၃) အုပ်စု၊ ဟိုပုံး၊ ပင်လောင်းဒေသခံ တိုင်းရင်းသားပြည်သူ ၂၀၀၀ ခန့်ဖြင့် စစ်ကြောင်းလေးကြောင်းခွဲကာ ပအိုဝ်း၊ ရှမ်း၊ ကယန်းတိုင်းရင်းသားများ ပါဝင်သော ဒေသခံပြည်သူများက အိုးစည်ဗုံမောင်းများ တီးခတ်၍ ဟိုပုံး-ဆီဆိုင်-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးအတိုင်း တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အောင်မြင်စွာလက်မှတ်ရေးထိုးပွဲအား ထောက်ခံအပ်ပါသည်ဆိုသည့် ဗီနိုင်းပိုစတာကြီးများနှင့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် ဆီဆိုင်မြို့မဈေးတစ်ပတ် စီတန်းလှည့်လည်ခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရာ ပအိုဝ်းအမျိုးသားဌာနေ ပြည်သူ့စစ်တာဝန်ခံ ဦးလှမြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းတိုင်းရင်းသား ဦးစိုင်းစံထူးက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ် အောင်မြင်စွာရေးထိုးခြင်းကို ထောက်ခံကြောင်း အဆိုအားလည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသား ဦးခွန်ချစ်လယ်က အဆိုကိုထောက်ခံကြောင်း ဆွေးနွေးပြောကြားကာ ထောက်ခံကြိုဆိုခြင်းအဆိုကို လည်းကောင်း တင်သွင်း ကြပြီး သဘာပတိက တက်ရောက်လာသူများ၏ ထောက်ခံသဘောတူညီခြင်းကို တောင်းခံရယူရာ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများက တစ်ခဲနက်ထောက်ခံခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




## မော်လိုက်မြို့၌ မြစ်ကမ်းပါးပြိုကျပြီး အန္တရာယ်ရှိနိုင်မှုကြောင့် နေအိမ်တစ်လုံးပြောင်းရွှေ့

**မော်လိုက် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် မြို့မ(၁)အုပ်စု စွယ်တော်ရပ်ကွက်၌ အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းက မြစ်ကမ်းပါးပြိုကျမှုကြောင့် ချင်းတွင်းမြစ်ကမ်းပါးနှင့် အလွန်နီးကပ်နေပြီး အန္တရာယ်ရှိနိုင်သည့် နေအိမ်တစ်လုံးကို မြို့နယ်နှင့် ရပ်ကွက်တို့မှ တာဝန်ရှိသူများ၊ ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍ နီးစပ်ရာ နေအိမ်သို့ ယာယီပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း သိရသည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အခမ်းအနားကျင်းပ

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့ဇွဲကပင်ခန်းမ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ခြင်းကို ထောက်ခံသည့်အခမ်းအနားအား ယနေ့နံနက် ၉ နာရီကကျင်းပသည်။

အခမ်းအနားကို ဖားစည်တီး၍ ကွဲချိုမှုတ် ဖွင့်လှစ်ပြီး ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆိုကြကာ သဘာပတိ ဦးစောအောင်ကျော်မင်း၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်တို့က အမှာစကားပြောကြား၍ KNU ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ပဒိုစောလှထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အဆိုအား ဦးစောချစ်သန်းက တင်သွင်းပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်အဆိုအား ဦးစောအောင်ကျော်ငြိမ်းက တင်ပြသည်။

ဆက်လက်၍သဘာပတိ ဦးစောအောင်ကျော်မင်းက တက်ရောက်လာသူများ၏ ထောက်ခံသဘောတူခြင်းကို ရယူရာ တက်ရောက်လာသူများက ထောက်ခံသဘောတူကြပြီး ကရင်အမျိုးသားငြိမ်းချမ်းရေးသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ကရင်စာပေ၊ မွန်စာပေ၊ ပအိုဝ်းစာပေယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေး မှူးများ၊ ပညာရေးကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းသား/သင်တန်းသူများ၊ တိုင်းရင်းသား ပြည်သူများ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအား သံတောင်ကြီးမြို့နယ် ပြည်သူလူထုထောက်ခံ

**သံတောင်ကြီး အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းအား ပြည်သူလူထုထောက်ခံပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပသိခန်းမဘေးကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆာမူထော် လူမှုအကျိုးပြုအသင်းအဖွဲ့ဥက္ကဋ္ဌ ဆရာကလိုထူးကြီးက NCA စာချုပ်နှင့်ပတ်သက်၍ ပြည်သူများ၏ အခန်းကဏ္ဍကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူလူထုကိုယ်စားလှယ် ဦးစောဒီထူးနှင့် ဒေါ်နန်းမအောင်တို့က NCA စာချုပ်ပါ အချက်အလက်များအပေါ် ထောက်ခံခြင်း အဆိုများ တင်သွင်းခဲ့ကြသည်။ ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုခြင်းကို ထောက်ခံပါသည်။ နိုင်ငံတော်အစိုးရသည် ယခုချုပ်ဆိုသောစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့အား မတရားအသင်းအဖြစ်မှ လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းစာရင်းမှ လည်းကောင်း၊ ပယ်ဖျက်လိုက်ခြင်းကို ထောက်ခံပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးလုပ်ငန်းများကို ထောက်ခံပါသည်ဟု ကြွေးကြော်သံများဖြင့် ထောက်ခံကြသည်။ **စောမင်းသား(ပြန်/ဆက်)**

## နှစ်နှစ်ကျော်သက်တမ်းရှိ ဆက်သွယ်ရေးအော်ပရေတာက အကြီးဆုံးသရီးဂျီကွန်ရက်အဖြစ်ကြေညာ

သတင်း-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၁၃ ခုနှစ်တွင် မြန်မာ့ဆက်သွယ်ရေးကဏ္ဍသို့ ဆက်သွယ်ဝင်ရောက်လာခဲ့သော အော်ပရေတာ တယ်လီနောက သရီးဂျီကွန်ရက်များတွင် တာဝါတိုင် ၃၃၀၀ ကျော်ဖြင့် တစ်နိုင်ငံလုံးတွင် အကြီးဆုံး ကွန်ရက်တစ်ခုအဖြစ် ကြိုးပမ်းခဲ့ပြီဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့ရာ ဆက်သွယ်ရေးကဏ္ဍတွင် မကြာမီ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်ကာ ဝန်ဆောင်မှုအားကောင်းလာနိုင်ကြောင်း ခန့်မှန်းရသည်။

“ကျွန်တော်တို့က မြန်မာနိုင်ငံမှာ အကြီးဆုံးကွန်ရက်ကို တည်ဆောက်နိုင်ပါပြီ။ မန္တလေးမှာ တာဝါတိုင် ၇၀ နဲ့စခဲ့တာ အခု တာဝါတိုင် ၆၀၀ စိုက်ထူနိုင်ခဲ့တယ်။ လူထူထပ်တဲ့ နေရာတွေမှာ ဆက်သွယ်မှုများများ ကောင်းမွန်အောင် ပိုပြီးလုပ်ပေးဖို့အတွက် ဈေးကွက်ကွင်းဆင်းလေ့လာမှုတွေလည်း အများကြီး လုပ်ခဲ့ရတယ်။ အခက်အခဲတွေရှိပေမယ့် ကျွန်တော်တို့ ကြိုးစားလုပ်ဆောင်နေပါတယ်”ဟု တယ်လီနော မြန်မာ၏ အမှုဆောင်အရာရှိချုပ် မစ္စတာပီတာဖားဘက်ချ်က ပြောကြားသည်။

တယ်လီနောမှ နည်းပညာလိုအပ်ချက်များအတွက် ကြိုးစားဖြည့်တင်းလျက်ရှိပြီး တနင်္သာရီ၊ ကရင်၊ မွန်၊ ကချင်၊ ရှမ်း၊ ကယားနဲ့ နေပြည်တော် စသည့် အဓိကဒေသ ၁၃ ခုတွင် ကွန်ရက် ဖြန့်ကြက်နိုင်ပြီး ရခိုင်ပြည်နယ်၌ အသုံးပြုနိုင်ရန် ပြင်ဆင်နေသည့်အပြင် ချင်းပြည်နယ်ကိုလည်း ဆက်လက်သုံးစွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

“အော်ပရေတာတွေ အပြိုင်အဆိုင်ဖြစ်လာတာ အားရကျေနပ်စရာ ကောင်းပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်လာလေလေ သုံးစွဲသူတွေအတွက် ပိုကောင်းတဲ့ ဝန်ဆောင်မှုတွေ ရလာ လေလေဖြစ်တာမို့ အားလုံးတိုးချဲ့နိုင်ဖို့လည်း လိုအပ်ပါတယ်။ နှစ်နှစ်ကျော်ကာလမှာ ဆက်သွယ်ရေးကဏ္ဍဟာ အမြင့်ဆုံးအတိုင်းအတာတစ်ခုကို ရရှိလာတာဖြစ်တဲ့အပြင် တစ်နိုင်ငံလုံးကို ရာနှုန်းပြည့်လွှမ်းခြုံသွားပြီး လူတိုင်းမိုဘိုင်းဖုန်းအသုံးပြုနိုင်ရေးက မဝေးတော့ပါဘူး”ဟု ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။



# ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့များနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ဒေသနှင့် ကိုက်ညီသည့် ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ လမ်း/တံတားပျက်စီးမှုများ ပြန်လည်ပြင်ဆင်နိုင်ရေး၊ ကျွန်းလှမြို့ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ကန့်ဘလူမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ကောလင်းမြို့သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက လမ်းဘေးဝဲယာ တစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ကောလင်းမြို့တွင် ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှု



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့အား မုံရွာဒေသခံများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကောလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကောလင်းမြို့ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မူလက မုံရွာမှ ကန့်ဘလူ၊ ဗင်းမှ ကသာသို့သွားရောက်ရန် စီမံထားသော်လည်း ရေကြီးနစ်မြုပ်မှုဒဏ်ကို နစ်ကြိမ်ခံခဲ့ရသည့် ကောလင်းမြို့ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာ၌ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဒေသခံပြည်သူ ဦးအောင်မျိုးဝေ၏ တင်ပြချက်အား အင်တာနက်တွင် ဖတ်ရှုရသည့်အတွက် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊

ဒေသအတွင်း ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ကူညီပြင်ဆင်ပေးမည် ဖြစ်ကြောင်း၊ ဒေါင်းမြူးချောင်း ရေကြီးရေလျှံမှု ကာကွယ်ရန်အတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် ကျေးရွာများ၏ လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရန်အတွက် မြစိမ်းရောင်စီမံကိန်းများဖြင့် ကူညီပံ့ပိုးပေးမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ကောလင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကသာမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြိုဆို နှုတ်ဆက်ကြသည့် ကောလင်းမြို့ ဒေသခံများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ကြိုဆို
နှုတ်ဆက်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကန့်ဘလူမြို့မှ ဒေသခံများက ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကောလင်းမြို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# ထုတ်လုပ်မှုရပ်နားခဲ့သောစက်ရုံများ ပြန်လည် လည်ပတ်ချိန်တွင် အရည်အသွေးပြည့်မီကုန်များ ပိုမိုထုတ်လုပ်ရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

စက်ရုံများနှင့် ရေနံမြေများသည် လုပ်ငန်းသဘော သဘာဝအရ အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များကို အမြဲသတိမပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြီးကြပ်ကွပ်ကဲသူ အရာထမ်းများကလည်း စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲရန်၊ Safety Procedure များအား စံချိန်စံညွှန်းမီအောင် အမြဲတမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းနှင့် ထုတ်လုပ်မှုရပ်နားထားခဲ့သော စက်ရုံများအနေဖြင့် ပြန်လည်လည်ပတ်ချိန်တွင် အရည်အသွေးမီထုတ်ကုန်များ ပိုမိုထုတ်လုပ်သွားနိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ (စလေ) အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသော စက်ရုံမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နေ့လယ်ပိုင်းတွင် ချောက်ရေနံမြေ ဆေးရုံသို့ရောက်ရှိကာ ဆေးရုံမှ တာဝန်ရှိသူများ၊ ချောက်မြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်သူ့ဆေးရုံအနေဖြင့်လည်း ဒေသတွင်းပတ်ဝန်းကျင်ပြည်သူများမှ ယုံကြည်မှုရှိစေရေး ကြိုးပမ်းကုသဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆေးရုံအတွက်လိုအပ်သည့် အထောက်အကူပစ္စည်းများကိုလည်း CSR ရန်ပုံငွေမှ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချောက်ရေနံမြေလုပ်သားများ အပန်းဖြေရိပ်သာသို့ ရောက်ရှိပြီး ချောက်ရေနံမြေ၊ ချောက်ရေနံချက်စက်ရုံနှင့် ပင်မ ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(ဂ) အဆင့်(ချောက်မြို့)မှ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ ညနေပိုင်းတွင် ရေနံချောင်းရေနံမြေ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ညပိုင်းတွင် မကွေးမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဧည့်ရိပ်သာခန်းမ၌ လည်းကောင်း ဌာနဆိုင်ရာအရာထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက မန်းရေနံမြေလုပ်သားအပန်းဖြေရိပ်သာ၌ **(ယာပုံ)** မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)နှင့် တိုင်းဒေသကြီး ရောင်းဝယ်ရေးအရာရှိရုံး(မကွေးတိုင်းဒေသကြီး)တို့မှ ဝန်ထမ်းများနှင့်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ရေနံ ဓာတုဗေဒစက်ရုံစု(သံပုရာကန်) စက်ရုံခန်းမ၌ စက်ရုံဝန်ထမ်းများ၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ခ) အဆင့်(ပဌနဂို)မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲခဲ့မှုအခြေအနေများ၊ လေးနှစ်တာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

**(မြန်မာ့အလင်း)**





# ကျောက်ဆည်မြို့ အထင်ကရဆင်ပွဲတော်ကြီးတွင် ဆင် ၂၅ စီး ပါဝင်ယှဉ်ပြိုင်မည်

**ကျောက်ဆည် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ၏ အထင်ကရ တစ်မြို့တည်း တစ်ရက်တည်းသာ ကျင်းပသော ကျောက်ဆည်မြို့၏ ဆင်လှူပွဲတော်ကြီးကို အောက်တိုဘာ ၂၇ ရက် (သီတင်းကျွတ်လဆန်း ၁၄ ရက်)တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် ဘော်ကြယ်ဆင် ငါးစီး၊ ရိုးရာဆင် ၁၅ စီး၊ ကလေးဆင် ငါးစီး စုစုပေါင်း ၂၅စီး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်သော ဆင်အဖွဲ့များအနေဖြင့် ဘုရားပင့်၊ နတ်ပင့် (စတော်တိုက်)၊ ဆင်ကြိမ်း၊ လေးခင်း၊ အရိုင်းက၊ ပုံထောက်၊ မိမိတို့၏ပြိုင်ပွဲဝင်စိတ်ကြိုက် သီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အမှတ်ပေးသည့်အခါ မြန်မာမှု မြန်မာ့ဟန်နှင့် ကိုက်ညီသည့် ဆင်၏ အမည်၊ ဆင်၏ အလှ၊ ဆင်အက၊ ပြိုင်ပွဲသီချင်း၊ အဆို၊ အတီး၊ အဖွဲ့၏ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းလိုက်နာမှုတို့ကို ကြည့်ရှုပြီး အမှတ်ပေးစည်းမျဉ်းများရေးဆွဲကာ အမှတ်ပေးရကြောင်း သိရသည်။

ပြိုင်ပွဲဝင်ဆင်များ မိမိကျရာနံပါတ်စဉ်အတိုင်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နံပါတ်စဉ်အကျော်ခံရပြီး နောက်ကျမှ ယှဉ်ပြိုင်ပါက အမှတ်လျော့သည့် စည်းကမ်းချက်အသစ်တစ်ရပ် ထပ်မံဖြည့်ထားကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုရရှိသော ဘော်ကြယ်ဆင်များအား ပထမ ငွေကျပ်ရှစ်သိန်း၊ ဒုတိယငွေကျပ် ခြောက်သိန်း၊ တတိယငွေကျပ် လေးသိန်း၊ ကလေးဆင်များအား ပထမ ငွေကျပ် ခြောက်သိန်း၊ ဒုတိယ ငွေကျပ် လေးသိန်း၊ တတိယနှစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး ရိုးရာဆင်အဖွဲ့များအား ဆုကြေးပိုကာ ပထမ ငွေကျပ် ၁၀ သိန်း၊ ဒုတိယ ငွေကျပ် ရှစ်သိန်းနှင့် တတိယငွေကျပ် ခြောက်သိန်းဖြင့် ပြိုင်ပွဲကျင်းပရေးကော်မတီက ဆုချီးမြှင့်မည့်အပြင် ကမ္ဘောဇဘဏ် (ကျောက်ဆည်)ကလည်း ယင်းဆုကြေးအတိုင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်မဟုတ်သည့် ဆင်အဖွဲ့များအနေဖြင့် မြို့မဈေးကြီးအား သုံးပတ်ပြည့်အောင် ဒိုး၊ နှဲ၊ လင်းကွင်း၊ ဝါးလက်ခုပ်တို့ဖြင့် မြေပေါ်၌ လှည့်လည်သော ဆင်အဖွဲ့များကို ရွေးရိုးရာဆု၊ ပြိုင်ပွဲတွင် နှစ် ၃၀ အထက် ပါဝင်ယှဉ်ပြိုင်သောဆင်အဖွဲ့များအား ဖွဲ့ဆုအဖြစ် ချီးမြှင့်သွားမည်ဖြစ်ပြီး ရိုးရာဆင်များအတွက် အထူးဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ အထူးရဲများတာဝန်ပေးအပ်

**တောင်ကြီး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရဲတပ်ဖွဲ့အထူးရဲများ ခန့်အပ်တာဝန်ပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ ရဲသူရခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်၊ ပြည်နယ်ရဲတပ်ဖွဲ့အရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကော်မရှင်မှ ဦးစီးအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထူးရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသားများ စုစုပေါင်း ၁၅၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်အောင်အောင်က အမှာစကားပြောကြားပြီး သင်တန်းသားများအား ဥပဒေနှင့်အညီ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်၊ ပြည်သူများက အထင်လွဲမှားမှုမရှိစေရန် အထူးဂရုပြုဆောင်ရွက်ရန်၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ရန်ပြောကြားပြီး အထူးရဲတပ်ဖွဲ့သင်တန်းသားများအား လိုက်လံစစ်ဆေး အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

## မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။

# အမေရိကန်သမ္မတ၏ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး မစ္စတာဘန်ရုဒ် မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၂၁

**အမေရိကန်သမ္မတ၏ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ မစ္စတာဘန်ရုဒ်သည် ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ အမေရိကန်စင်တာ၌ ကျင်းပခဲ့သည်။**



အဆိုပါသတင်းစာ ရှင်းလင်းပွဲတွင် မစ္စတာဘန်ရုဒ်က မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းမှုကာလတွင် ရှိနေကြောင်း၊ မြန်မာနိုင်ငံသို့ ယခုတစ်ကြိမ် လာရောက်ချိန်တွင် မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးချိန်နှင့် လည်းကောင်း၊ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေချိန်နှင့် လည်းကောင်း တိုက်ဆိုင်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၌ ကျင်းပမည့် ရွေးကောက်ပွဲနှင့်အတူ နိုင်ငံတော်နှင့် ပြည်သူများသည် အလွန်အရေးကြီးလှသော အချိန်ကာလတစ်ရပ်ကို ဖြတ်သန်းလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲတွင် အားလုံးပါဝင်ခွင့် ရရှိရမည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှုရှိရန်လည်း လိုအပ်ကြောင်း၊ အားလုံး၏ ယုံကြည်မှုနှင့်အတူ ပြည်သူ့ဆန္ဒကို အပြည့်အဝ ထုတ်ဖော်ခွင့်ရရှိခြင်းဖြင့် မြန်မာနိုင်ငံ၏သမိုင်းတွင် မှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ဆက်နွှယ်နေသော ပြဿနာရပ်များကို အာရုံစိုက်ကာ မိမိအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းရန် လိုအပ်ပြီး ရွေးကောက်ပွဲရလဒ်ကိုလည်း အားလုံးက အသိအမှတ်ပြုကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်တိုင် နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပြီးဆုံးသွားမည်မဟုတ်ဘဲ အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် ဦးတည် ဆောင်ရွက်ကြရဦးမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပပုံနှင့် ပတ်သက်၍ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်အကဲခတ်သူများ၏ သုံးသပ်အကဲဖြတ်ချက်များမှာလည်း အရေးကြီးလှပါကြောင်း ပြောကြားသည်။

ထို့အပြင် ၎င်းက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခြင်းသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးလှပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ပထမခြေလှမ်းတစ်ရပ် ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အပိုင်း အကောင်အထည်ဖော်မှုနှင့် အမှန်တကယ်တိုးတက်မှုရှိမည်ဟုလည်း ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး အသွင်ကူးပြောင်းမှုသည် လေးနက်ရှုပ်ထွေးသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးမှာ နေ့တွင်းချင်း ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ အချိန်ယူကာ ဆောင်ရွက်ရမည့် အရေးအရာများဖြစ်သည်ဟု သမ္မတအိုဘားမားကိုယ်တိုင်က အသိအမှတ်ပြုပြောဆိုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ လတ်တလော နိုင်ငံရေးဖြစ်စဉ်များမှာ တိုးတက်မှုသို့ ဦးတည်နေသည့် လက္ခဏာများကို တွေ့ရပါကြောင်း၊ မီဒီယာများကလည်း ကျင့်ဝတ်နှင့်အတူ ရေးသားဖော်ပြကာ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

အမေရိကန်သမ္မတ၏ ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးဖြစ်သူ မစ္စတာဘန်ရုဒ်သည် မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ လာရောက်ခဲ့ပြီး အဆိုပါခရီးစဉ်သည် ၎င်း၏ စတုတ္ထမြောက် မြန်မာနိုင်ငံခရီးစဉ်လည်း ဖြစ်သည်။ **(သတင်းစဉ်)**

## အိမ်အကူအားညှဉ်းပန်းနှိပ်စက်သည့် အိမ်ရှင်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အိမ်ရှင်ဖြစ်သူက အိမ်အကူမအေးအေးမွှေးအား ညှဉ်းပန်းနှိပ်စက်ခြင်းကို အရေးယူပေးရန်တိုင်တန်းသည့်ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် အခင်းဖြစ်ပွားရာ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်သို့ သွားရောက်စစ်ဆေးခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စုံစမ်းစစ်ဆေးချက်များအရ ရောဝတီတိုင်းဒေသကြီး မောင်းတီးကျေးရွာနေ မအေးအေးမွှေး (၂၂ နှစ်)သည် ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ စက်တင်ဘာ ၁၉ ရက်အထိ သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် အမှတ် (၂၀၁) သုဒဿနလမ်းရှိ ဒေါ်နီလာမြင့်နေအိမ်၌ လစာငွေကျပ် ၇၀၀၀၀ ဖြင့် အိမ်အကူလုပ်ကိုင်ခဲ့ကြောင်း။

ထိုသို့လုပ်ကိုင်စဉ် အိမ်ရှင်ဖြစ်သူက အကြောင်းအမျိုးမျိုးရှာ၍ ရိုက်နှက်ခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း ဖန်ခွက်ဖြင့်ပစ်ပေါက်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်းများကြောင့် ဦးခေါင်းကွဲပြီးအခြားနေရာများတွင် ဒဏ်ရာများရရှိခဲ့သဖြင့် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကုသမှုခံယူခဲ့ရကြောင်း၊ ဦးခေါင်းတွင် ရရှိသောဒဏ်ရာမှာ ပြင်းထန်သဖြင့် ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူနေရကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စက်တင်ဘာ ၂၀ ရက်တွင် သဃ်န်းကျွန်းမြို့နယ် ရဲစခန်း၌ အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ခြေပိုသာခဲ့ပြီး ရရှိသည့်အခွင့်အရေးအချို့ကို အသုံးမချနိုင်၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်းတိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၅ မိနစ်တွင် တိုက်စစ်မှူးမာတူနာက ဂိုးစတင်သွင်းယူပေးခဲ့သည်။ အိမ်ရှင်ဇေယျာရွှေမြေအသင်းသည် ဂိုးပေးလိုက်ရ၍ လက်ကျန်မိနစ်များတွင် ချေပဂိုးရရှိရန် ကြိုးပမ်းလာခဲ့ပြီး ရတနာပုံဂိုးသမား ပြည့်လျှံအောင်၏ လက်စွမ်းပြနိုင်မှုကြောင့် မိနစ် ၉၀ မှ ချေပဂိုး ပြန်ရခဲ့သည်။ ဇေယျာရွှေမြေအတွက် ချေပဂိုးကို ဖြိုးပိုင်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ယခုပွဲမှာ ဩဂုတ်လအတွင်းက ယှဉ်ပြိုင်ရမည့်ပွဲဖြစ်ပြီး မုံရွာမြို့၏ ရေကြီးမှု အခြေအနေကြောင့် ရွှေ့ဆိုင်းထားသည့်ပွဲဖြစ်သည်။

## မြန်မာနိုင်ငံသားရေလုပ်သား ၃၉ ဦး အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၃၉ ဦးတို့သည် ယနေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်က မလေးရှားလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။ **(အောက်ယာပုံ)**

"အခုပြန်ရောက်လာတဲ့သူတွေက ထိုင်းနိုင်ငံကနေ တစ်ဆင့် အင်ဒိုနီးရှား ငါးဖမ်းလှေတွေပေါ်မှာ အလုပ်လုပ်တဲ့သူတွေလို့ သိရတယ်။ သူတို့ကို လူကုန်ကူးခံခဲ့ရခြင်း ရှိ ၊ မရှိ စစ်ဆေးမှုတွေပြုလုပ်သွားမယ်။ လူကုန်ကူးခံရတာတွေ ရှိခဲ့ရင် ဆက်လက်ဖော်ထုတ်အရေးယူမှုတွေလုပ်သွားမှာပါ" ဟု အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က ပြောသည်။

အဆိုပါရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူကာ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ငပုတော၊ မြောင်းမြ၊ ကန်ကြီးထောင့်၊ ဟင်္သာတ၊ မြန်အောင်၊ အိမ်မဲ၊ ကြာအင်းဆိပ်ကြီး၊ ကျောက်တံခါး၊ ဝေါ၊ ညောင်လေးပင်၊ ရွှေကျင်၊ ထန်းတပင်၊ စလင်း၊ သံဖြူဇရပ်၊ ဘီးလင်း၊ မုဒုံ၊ ကျိုက်ထို၊ ရေး၊ သထုံ၊ စစ်တွေ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ကော့သောင်း၊ သန်လျင်၊ သရက်ချောင်းမြို့တို့မှ ဖြစ်ကြောင်းသိရသည်။

"အင်ဒိုနီးရှားအစိုးရက ငါးဖမ်းခွင့်ပိတ်လိုက်တဲ့အတွက် အခက်အခဲတွေကြုံခဲ့ရတယ်။ အင်ဒိုနီးရှား ငါးဖမ်းလှေပေါ်မှာ တစ်နှစ်ကျော်ကြာခဲ့တယ်။ ကျန်ရှိနေတဲ့ လုပ်အားခတွေကိုလည်း သက်ဆိုင်ရာက ကူညီပေးလို့ အားလုံးရရှိခဲ့ပါတယ်။ နောက်ထပ်သွားဖို့ အစီအစဉ်မရှိတော့ပါဘူး"ဟု ပြန်လည်ရောက်ရှိလာသူ မြောင်းမြမြို့နယ်မှ ကိုဇော်မျိုးသက်က ပြောသည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူတို့ကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်း၌ သက်ဆိုင်ရာမှ ခေတ္တနေရာချပေးထားသည်။ ထို့အပြင် IOM အနေဖြင့် ၎င်းတို့ကို သက်ဆိုင်ရာနေရပ် အသီးသီးသို့ ပြန်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်၍ လိုအပ်ပါက ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် စီစဉ်ထားကြောင်း IOM မှ ပြန်လည်ဝင်ဆံ့ရေးနှင့်ပေါင်းစည်းရေးတာဝန်ခံ ဒေါက်တာ ဂျာဆိုင်းအိန်က ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ရောက်ရှိနေသော မြန်မာရေလုပ်သားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာလဆန်းမှ အောက်တိုဘာ ၂၁ ရက်အတွင်း ခုနစ်ကြိမ်၌ ပို့ဆောင်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံသား ၂၃၂ ဦး နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**




## သာယာဝတီမြို့၌ မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်

**သာယာဝတီ အောက်တိုဘာ ၂၁**

သာယာဝတီခရိုင် သာယာဝတီမြို့ စည်ပင်သာယာခန်းမ၌ အောက်တိုဘာလ တတိယပတ်က မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူးက ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများကို တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆင့်**

## ပရဟိတနယ်လှည့်ဆေးကုသရေးအဖွဲ့ ကျေးလက်ပြည်သူများအားအခမဲ့ဆေးကုသ

**ကော့သောင်း အောက်တိုဘာ ၂၁**

ကော့သောင်းမြို့နယ် ဖြိုးစေတနာပရဟိတ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျေးလက်ပြည်သူများအား အခမဲ့ဆေးကုသခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် ပုလုံးတုံးကျေးရွာအုပ်စု ရွာသာယာကျေးရွာမဗ္ဗာရုံ၌ ဆောင်ရွက်သည်။ ကျေးလက်နေပြည်သူများအား ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ လိုအပ်သည့် ဆေးဝါးကုသပေးခြင်းစသည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အခမဲ့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ပြန်/ဆက်)**

# မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော လမ်းတံတားများ အကောင်းဆုံးနှင့် အမြန်ဆုံးပြုပြင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက နေပြည်တော်မှ ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် လမ်းတစ်လျှောက် လမ်း/တံတား လုပ်ငန်းများ ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ရန် မိုင်/ဖာလုံတိုင်များ၊ ကီလိုမီတာတိုင်များ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ အသိပေး/သတိပေးဆိုင်းဘုတ်များအား လမ်းအင်္ဂါရပ်များနှင့်အညီ တပ်ဆင်ရေးဆောင်ရွက်ရန် မှာကြားသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဘော်လခဲမြို့မှ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ ဘော်လခဲ-ဖားဆောင်း-မော်ချီးလမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး JICA အကူအညီဖြင့် ကယားပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Naing Min Co., Ltd. မှ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းစီမံချက်များ အတိုင်းပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး ဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတားအမှတ် (၁/၁၀၈)၏ ရေလယ်တိုင်မှာ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ပျက်စီးခဲ့မှုအား ပြန်လည်ပြင်ဆင်ထားရှိမှု၊ မိုလိုချောင်း ရေစီးဆင်းမှု၊ တံတားအသစ်တည်ဆောက်မည့်နေရာ လမ်းအူကြောင်းရွှေးချယ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၁၀၁/၃)နှင့် (၁၀၁/၄) အကြားရှိ တံတားအမှတ်(၁/၁၀၂)တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် တောင်ကျချောင်းရေကျော်၍ ပျက်စီးခဲ့ခြင်းအား လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြန်လည်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၀၀/၆)နှင့် (၁၀၀/၅)အကြားတွင် တောင်နံရံပြို၍ မြေသားလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ပွင့်လင်းရာသီတွင် ယန္တရားများဖြင့် ဆောင်ရွက်စဉ် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်နှင့် တောင်နံရံတွင် Step burn များခံ၍ သတ်မှတ်ဒီဇိုင်းများ လမ်းအင်္ဂါရပ်နှင့်အညီ တာဝန်ခံအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန်မှာကြားပြီး မော်ချီးဒေသမှ ဖားဆောင်း-ဘော်လခဲ-လွိုင်ကော်အထိ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် လွိုင်ကော်မြို့ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကြောင့် လမ်း/တံတားများ ပျက်စီးမှုရှိခဲ့သဖြင့် အကောင်းဆုံး/အမြန်ဆုံး ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်သည့် ကယားပြည်နယ်အတွင်းရှိ ဝန်ထမ်းများသည် လမ်း/တံတား/အဆောက်အအုံ လုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် အလှူငွေနှင့် ဆေးပစ္စည်းများလှူ

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များစုပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများအား ရေဘေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးခိုင်က အလှူငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသင်းဝင်များက အလှူငွေ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်များက အလှူငွေ၊ ဆေးနှင့် ဆေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေ ၁၂၇၀၅၀၈၀၄ ကျပ် လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**



## ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေလှူဒါန်း

**ပန်းတောင်း အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း ရေဘေးသင့်ခဲ့သော အိမ်ထောင်စုများအတွက် ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၁ ရက်က ပန်းတောင်းမြို့ ဝန်လိုရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နာယက ဗိုလ်မှူးကြီး တင်လှိုင်(ငြိမ်း)က လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ရေဘေးသင့်ခဲ့သော ပန်းတောင်းမြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်မှ အိမ်ထောင်စု ၁၃၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှင့် ကွှန်းမီးကျေးရွာအုပ်စုမှ အိမ်ထောင်စု ၂၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၈၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသောလယ်များအတွက် ထောက်ပံ့ငွေပေးအပ်

**မိုးညို အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလက မိုးရွာသွန်းမှုများခြင်းနှင့် ဧရာဝတီမြစ်ရေမြင့်တက်မှုတို့ကြောင့် မိုးရာသီစိုက်ပျိုးထားသော စပါးပင်များ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် အောက်တိုဘာ ၂၀ ရက်က ရေကင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တောင်သူလယ်သမားများအား ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းသိန်းက ရေကင်းကျေးရွာအုပ်စုအတွင်းရှိ ရေကင်း၊ မင်းကြီး၊ အလယ်ရွာ၊ ရေကင်းခြံ၊ မြောက်ရွာများမှ ပျက်စီးဆုံးရှုံးသွားသော လယ်သမား ၁၁၁ ဦး၊ စပါးစိုက်ဧက ၁၆၀ ဒသမ ၁၁ ဧက အတွက် တစ်ဧကလျှင် ငွေကျပ် ၆၅၀၀ နှုန်းဖြင့် လယ်သမား တစ်ဦးချင်းစီကို ပေးအပ်သွားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခင်လတ်(မိုးညို)**

## ကမ်းနားလမ်းမသစ်ပေါ်မှ ဒုတိယအကြိမ် အရှိန်လွန်ကုန်ကားပြုတ်ကျ၍ လမ်းဘေးရပ်ယာဉ် ငါးစီးပျက်စီး

**ရန်ကုန် အောက်တိုဘာ ၂၁**

လမ်းအသုံးပြုခ ပေးဆောင်မှ ဖြတ်သန်းခွင့်ရှိသော ကွန်ကရစ်လမ်းခင်းထားသည့် ကမ်းနားလမ်းမသစ်ကြီးပေါ်တွင် နာရီပေါင်း ၆၀ အတွင်း ဒုတိယအကြိမ် ကုန်ကားကြီးတစ်စီး အရှိန်လွန်၍ ကမ်းနားလမ်းမဟောင်းပေါ် ထပ်မံပြုတ်ကျမှု အောက်တိုဘာ ၂၁ ရက် နံနက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အရှေ့မှ အနောက်သို့ မောင်းနှင်လာသော ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသည့် ၁၀ ဘီးယာဉ် အမှတ်7G/----- ဘိလပ်မြေဖျော်စက် အုန်းမွှေလုံးယာဉ်သည် တည်ဆောက်ဆဲ လမ်းသစ်လမ်းဆုံ လူကူးခုံးကျော်တံတား အောက်မှဖြတ်ပြီးနောက် လမ်းကွေ့တွင် အရှိန်လွန်၍ လမ်းဘေးပန်းနှင့် သစ်ပင်စိုက်ခုံတန်းပေါ် ကျော်တက်ကာ သုံးပေဝန်းကျင်နိမ့်သည့် ကမ်းနားလမ်းဟောင်း လမ်းဘေးရှိ ရပ်နားထားသော ယာဉ်တန်းများပေါ် ပြုတ်ကျခဲ့ခြင်းဖြစ်သည်။

ကမ်းနားလမ်းသစ်၏ မြေထိန်းအုတ်နံရံများ၊ သစ်ပင်စိုက်ပျိုးထားမှုများ၊ ရေမြောင်းများ ထိခိုက်ပျက်စီးခဲ့ပြီး အဆိုပါ ယာဉ်သည် အမှတ် 5H/---- ၏ နောက်ဘက်မှန်များ ကွဲကျပျက်စီးမှုနှင့်အတူ ယာဉ်ကိုယ်ထည်နောက်ပိုင်းသည် လမ်းဘေးရှိ ယာဉ်အမှတ် 2G/---- ကင်တာ ကုန်ကားငယ်ပေါ်သို့ ပြုတ်ကျခဲ့သည်အထိ တိုက်မိခဲ့ပြီးနောက် အခြားအိမ်စီးယာဉ်ငယ် တစ်စီးဖြစ်သော ရွှေဝါးမတ်တူး ယာဉ်ငယ်မှာ ယာဉ်တိုက်ခံရပြီး မောင်းထွက်သွားသည်”ဟု မျက်မြင်တွေ့ခဲ့သူတစ်ဦးက ဆိုသည်။ နောက်ဆုံးတိုက်ခံရသော လမ်းမတော်မြို့နယ် အမှိုက်သယ်ယာဉ်ကားနေရာတွင် ရပ်ထားသော လိမ္မော်ရောင် အမှိုက်သိမ်းယာဉ်မှာ ယာဉ်ရှေ့ပိုင်း ပျက်စီးသွားသည်ဟု လမ်းမတော်မြို့နယ် စည်ပင်သန့်ရှင်းရေးတာဝန်ရှိသူတစ်ဦးက ဆိုသည်။



အဆိုပါဖြစ်စဉ်တွင် သေဆုံးသူမရှိဟု သိရပြီး နံနက် ၉ နာရီအထိ ယာဉ်ရှင်းလင်းမှု ဆောင်ရွက်နေဆဲဖြစ်သည်ဟု သိရသည်။ ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီခန့်ကလည်း လသာမြို့နယ် ၁၉ လမ်းထိပ်ကမ်းနားလမ်းသစ်ပေါ်မှ ကုန်သေတ္တာမပါ ၁၄ ဘီး နောက်တွဲယာဉ်ကြီးတစ်စီး အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် တစ်ဖက်ဆန့်ကျင်ဘက်ယာဉ်ကြောကိုကျော်လွန်၍ လမ်းဘေးရပ်ယာဉ်ငယ် ခြောက်စီးပေါ် ပြုတ်ကျသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

“လသာမြို့နယ်တွင် ပထမဆုံးဖြစ်စဉ်ဖြစ်သော်လည်း လမ်းမတော်နှင့် အလုံမြို့နယ်တို့တွင်မူနေ့၊ ညမရွေး မကြာခဏ ကုန်ကားကြီးများ အရှိန်လွန်ပြုတ်ကျမှုများ ဖြစ်ပေါ်လေ့ရှိသည်။ လမ်းဘေးရပ်ယာဉ်ငယ်ပိုင်ရှင်များက စိုးရိမ်သောကဖြင့် ရပ်ထားနေရသည်”ဟု လမ်းမတော်မြို့နယ် ကမ်းနားလမ်း ၂ ရပ်ကွက်နေ ဦးလှဦးက ဆိုသည်။

**ခင်ဆိုင်**

## ရှုံ့နစ်နေသော ကား ဝိုင်းတွန်းပေးသူ ကားကြိတ်သေဆုံး

**ပွင့်ဖြူ အောက်တိုဘာ ၂၁**

ပွင့်ဖြူ မြို့နယ် မဲဇလီတိုက်နယ်ဆေးရုံ၌ အောက်တိုဘာ ၁၉ ရက် ညက အမျိုးသမီးတစ်ဦး ကားကြိတ်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်-မုံရွာကားလမ်းအတိုင်း ယာဉ်မောင်း သိန်းအောင်မောင်းနှင်လာသော နီဆန်း ဒီဇယ်ယာဉ်မှာ ဆင်လူးကျေးရွာအနီး ပုသိမ်-မုံရွာ ကားလမ်းယာဘက်ဘေးတွင် ရှုံ့နစ်နေသဖြင့် ကားကိုစက်နှိုးလျက် နောက်သို့ဆုတ်စဉ် ဆင်လူးကျေးရွာနေ မစန်းပု(၄၇)နှစ် အပါအဝင် အမျိုးသား နှစ်ဦး၊ အမျိုးသမီးလေးဦးတို့က လူအင်အားဖြင့် မော်တော်ယာဉ်ကို ဝိုင်းဝန်းတွန်းထုတ်ပေးကြရာမှ မစန်းပုမှာ ကားဘေးသို့ချော်လဲကျသွားပြီး ကားဝဲဘက်ရှေ့ဘီးဖြင့် ကြိတ်မိ၍ ဒဏ်ရာများရရှိသေဆုံးခဲ့သည်။ ယာဉ်မောင်း သိန်းအောင်အား အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ပြည်တွင်းအရောင်းစင်တာများရှိ ရောင်းချရခြင်းမရှိသေးသည့် မော်တော်ယာဉ်များ ပြည်ပသို့ ပြန်လည်တင်ပို့ရမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိထားသော လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အရောင်းစင်တာများသို့ ရောက်ရှိပြီး နှစ်နှစ်ကျော်သော်လည်း ရောင်းချရခြင်းမရှိသေးသည့် မော်တော်ယာဉ်များကို ပြည်ပမှ မော်တော်ယာဉ်အပ်နှံသူများ၏စရိတ်ဖြင့် မူလတင်ပို့သည့် နိုင်ငံများသို့ ပြန်လည်တင်ပို့သွားကြရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အရောင်းစင်တာများကို ယခင်က အပ်ကုန်စနစ်ဖြင့် တင်သွင်းရောင်းချခွင့်ပြုပေးလျက်ရှိပြီး ယခုနောက်ပိုင်း Normal LC or TT စနစ်ဖြင့် ခွင့်ပြုပေးကြောင်း သိရသည်။

အရောင်းစင်တာများမှ အပ်ကုန်စနစ်ဖြင့် တင်သွင်း၍ နှစ်နှစ်ကျော်ကာလအတွင်း ရောင်းချ၍မရသော မော်တော်ယာဉ်များကို စည်းကမ်းချက်အရ ကုန်အပ်နှံသူထံ ပြန်လည်တင်ပို့ရမည်ဖြစ်ကြောင်း၊ အပ်ကုန်စနစ်ဖြင့် တင်သွင်း၍ နှစ်နှစ်ကျော်အတွင်း ရောင်းချ၍မရသော မော်တော်ယာဉ်များ ပြန်လည်တင်ပို့ရန်ကိစ္စနှင့် ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်နိုင်ရန် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းအရောင်းစင်တာ ၁၈၃ ခု၌ ရောင်းချရခြင်းမရှိသေးသည့် နှစ်နှစ်ကျော် မော်တော်ယာဉ်အစီးရေ ၄၀၀၀ ကျော်ခန့်ရှိကြောင်း မော်တော်ယာဉ်အရောင်းစင်တာမြေပြင်စစ်ဆေးရေးအဖွဲ့မှ သိရသည်။

**မင်းမင်းဇော်၊ ဟန်နီဝင်း**

# ဂန့်ဂေါခရိုင်၌ မဲရုံ ၃၈၈ ရုံ ထားရှိမည်

**ဂန့်ဂေါ အောက်တိုဘာ ၂၁**

လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် လွှတ်တော်အသီးသီး၏ အထွေထွေ ရွေးကောက်ပွဲများတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်၌ မဲရုံ စုစုပေါင်း ၃၈၈ ရုံ ရှိမည်ဖြစ်သည်။ မြို့နယ်အလိုက် မဲရုံအရေအတွက်မှာ ဂန့်ဂေါမြို့နယ်တွင် ၁၈၄ ရုံ၊ ထီးလင်းမြို့နယ်တွင် ၉၉ ရုံနှင့် ဆောမြို့နယ်တွင် ၁၀၅ ရုံ စုစုပေါင်း မဲရုံ ၃၈၈ ရုံ ထားရှိမည်ဖြစ်သည်။ ယင်းမဲရုံများတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် စုစုပေါင်း ၄၅၄၈ ဦးတို့ကို ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး မဲဆန္ဒရှင်စုစုပေါင်း ၁၉၉၀၀၀ ကျော်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လာမည့် နိုဝင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း လုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | တနိုင်း၊ ရွှေကူ၊ ဖားကန့်၊ ကာမိုင်း |
| ၂။ | ကယားပြည်နယ် | ဒီမောဆို၊ ဖရူဆို |
| ၃။ | ချင်းပြည်နယ် | ဖလမ်း၊ တီးတိန် |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ ဝင်းသို၊ ပင်လည်ဘူး၊ တန့်ဆည်၊ ခမ်းပတ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ကျောက်ကြီး၊ နတ်တလင်း |
| ၇။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး၊ မြို့သစ်၊ ဆိပ်ဖြူ၊ ဆော၊ ကန်ပက်လက်၊စလင်း၊ အောင်လံ၊ မင်းလှ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | သပိတ်ကျင်း၊ဝမ်းတွင်း၊ တံတားဦး |
| ၉။ | မွန်ပြည်နယ် | သံဖြူဇရပ် |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ တွံတေး |
| ၁၂။ | ရှမ်းပြည်နယ် | ရပ်စောက်၊ လဲချား၊ လောက်ကိုင်၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယောင်း |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျောင်းကုန်း၊ ပန်းတနော်၊ ဖျာပုံ၊ ဇလွန် |

# Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်သည် မြန်မာ့ရွက်လှေ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက်ကိုပါ ရည်ရွယ်လျက် အားကစားဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် Myanmar Wave Rider Cup & KTA Race Open 2015 ပြိုင်ပွဲအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ ပင်လယ်ပြင်ရွက်လှေအားကစား လေ့ကျင့်ရေးစခန်း၌ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းပြိုင်ပွဲကို ကုမ္ပဏီ/အဖွဲ့အစည်း ရှစ်ခု၏ ပံ့ပိုးကူညီမှု ပါဝင်မှု (Sponsor)ဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# အောက်တိုဘာ ၂၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၅၅၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၅၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၉၃၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၁၅ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပခုက္ကူ၊ တောင်သာ၊မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၁၇၅၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၈၀ မှ ၂၆၀၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၂၀၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀ မှ ၉၅၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၂၂၀၀ |
| ၁၃ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀၀၀ မှ ၆၀၀၀ |
| ၁၄ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

နေပြည်တော်(၁) ဖုန်း - 251277 251288
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
၂၃ . ၁၀ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသမည်
ရွှေဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄
မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၇၃၂၅၄၀၉၁ ၀၉၇၇၃၂၅၄၀၉၂
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉ ၇၃၁၇၆၀၀၀
မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂



# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန့်ဟီးရိုး အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့၏ ဌာနဆိုင်ရာများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်က မန့်ဟီးရိုးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က ဌာနဆိုင်ရာများ အနေဖြင့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်စံနှုန်းနှင့် ပြည့်မီအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု အကျိုးစီးပွားအတွက် ရှေးရှုလုပ်ဆောင်ရန်၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုပူးပေါင်းညှိနှိုင်း လုပ်ဆောင်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး မန့်ဟီးရိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေးက မိမိမြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေး ပူးပေါင်းဆောင်ရွက်မှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ၊ ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှ စခန်းမှူးကလည်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို တက်ရောက်လာသူများ သိရှိနိုင်စေရန် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မန့်ဟီးရိုးမြို့ အမှတ် (၂) ရပ်ကွက်တွင် ကျင်းပသည့် မဲရုံသရုပ်ပြပွဲကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အထူးရဲ ၉၃ ဦး ခန့်အပ်တာဝန်ပေးအပ်ပွဲ ပျဉ်းမနားမြို့၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် နေပြည်တော် ရဲတပ်ဖွဲ့ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အထူးရဲသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ပြီး ရွေးကောက်ပွဲတွင် မဲရုံတစ်ရုံ၌ အထူးရဲတစ်ဦးစီခန့်အပ်ထားကြောင်း၊ ပျဉ်းမနားမြို့တွင် မဲရုံပေါင်း ၉၃ ရုံရှိပြီး မဲပေးမည့် လူပေါင်း ၁၂၄၀၀၀ ကျော်ရှိ၍ အထူးရဲ ၉၃ ဦး ခန့်အပ်ထားပြီး အထူးရဲများကို အောက်တိုဘာ ၂၀ မှ ၃၁ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးကျော်**

## ချိန်ဆန်ပွတ်(ခေါ်) သင်ပုတ်စင်များ သီပေါ၌ အရောင်းသွက်

**သီပေါ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်လုံးကျွတ် အကြိမ်(၁၂၀)မြောက် ဝါလကင်းလွတ် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ၁၃၇၇ ခုနှစ် သီတင်းကျွတ် လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ သက်ဆင်းကြွမြန်းလာမည့် ဗုဒ္ဓရှင်တော်မြတ်ကို တိုင်းရင်းသားပြည်သူများက ရှေးရိုးရာအစဉ်အလာမပြက် ချိန်ဆန်ပွတ်(ခေါ်) သင်ပုတ်စင်ဘုရားကျောင်းဆောင်တွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ပန်းမန်တို့ဖြင့် ဦးခိုက်ပူဇော်ကြမည်ဖြစ်သည်။

ဒေသခံတောင်သူဦးကြီးများနှင့် မိသားစုတို့သည် လယ်ယာလုပ်ငန်းခွင်နားချိန်တွင် အပိုဝင်ငွေလည်းရ၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသောအားဖြင့် ချိန်ဆန်ပွတ်(ခေါ်) သင်ပုတ်စင်ဘုရားကျောင်းဆောင်များကို ရက်လုပ်ကြသည်။ မိမိတို့မြို့နယ်အတွင်းသာမက လားရှိုး၊ သိန္နီ၊ မူဆယ်၊ နမ့်ခမ်း၊ မိုးကုတ်၊ မိုးမိတ်စသည့်ဒေသများသို့လည်း ပို့ဆောင်ပေးလျက်ရှိရာ သင်ပုတ်စင်တစ်စင်လျှင်လက်ကားနှုန်းငွေကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ ပွဲတော်ရက်နီးလာလျှင် ငွေကျပ် ၈၀၀၊ ၁၀၀၀၊ ၁၅၀၀ ဈေးဖြင့် လည်းကောင်း ရောင်းဝယ်ကြရာ ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် အလုပ်တစ်ခုဖြစ်ကြောင်း သင်ပုတ်စင်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်နိုင်းစိန်က ပြောသည်။ **စိုင်း(သီပေါ)**

# စင်ကာပူနိုင်ငံအစိုးရ၏ အာဆီယံပညာသင်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

စင်ကာပူနိုင်ငံအစိုးရ၏ ၂၀၁၆ ခုနှစ် အာဆီယံပညာသင်ဆုအတွက် မြန်မာနိုင်ငံမှ လျှောက်ထားသည့် ကျောင်းသား ကျောင်းသူများအနက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ထူးချွန်ကျောင်းသား ကျောင်းသူလေးဦးအား ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ စင်ကာပူသံရုံး၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချွားက အာဆီယံပညာ သင်ဆုများသည် လူငယ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည့် ပညာသင်ဆုများဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ထူးချွန်မှု၊ ခေါင်းဆောင်မှုအရည်အသွေးနှင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို အခြေခံ၍ ရွေးချယ်ထားခြင်းဖြစ်ကြောင်း ပြောသည်။

အာဆီယံပညာသင်ဆုရ ထူးချွန်ကျောင်းသား ကျောင်းသူများအနေဖြင့် စင်ကာပူနိုင်ငံကျောင်းများတွင် Secondary III ကို စတင်တက်ရောက်ရမည်ဖြစ်ပြီး Secondary IV အပြီး GEC O Level စာမေးပွဲဖြေဆိုရမည်ဖြစ်ကာ Pre-University 2 အပြီးတွင် GCE A Level စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း၊ GCE A Level စာမေးပွဲတွင် ထူးချွန်သူများကို National University of Singapore(NUS), Nanyang Technological University (NTU), Singapore Management University(SMU) နှင့် Singapore University of Technology and Design (SUTD)တို့တွင် ဆက်လက်ပညာသင်ယူရန်အတွက် ပညာသင်ဆုများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက "တိုင်းပြည်ရဲ့ လိုအပ်နေတဲ့ ကွက်လပ်လေးတစ်ခုကို ဖြည့်ပေးတာဖြစ်တဲ့အတွက် နိုင်ငံ့အတွက်ကောင်းသလို သူတို့တစ်ဦးချင်းအနေနဲ့လည်း နိုင်ငံခြားမှာ ပညာသင်ခွင့်ရတဲ့အတွက် ဂုဏ်ယူစရာကောင်းပါတယ်"ဟု ပြောသည်။

စင်ကာပူနိုင်ငံအစိုးရက ချီးမြှင့်ပေးအပ်သည့် ၂၀၁၆ ခုနှစ် အာဆီယံပညာသင်ဆုကို ရန်ကုန်နှင့် မန္တလေးတို့မှ ထူးချွန်ကျောင်းသား ကျောင်းသူ လေးဦးဖြစ်သည့် မောင်မိုးခန့်သာဒင်လှမြင့်၊ မောင်အောင်ကိုခန့်၊ မောင်အောင်ကျော်ဇင်နှင့် မဟေမာန်နှင်းလွင်တို့အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ အစိုးရက အာဆီယံပညာသင်ဆုကို ၂၀၀၄ ခုနှစ်က စတင်ပြီး မြန်မာနိုင်ငံမှ ထူးချွန် ကျောင်းသား ကျောင်းသူများကို ပေးအပ်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ခေတ္တရပ်နားထားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ကာ ယခုနှစ်အထိ ပညာသင်ဆုများကို ဆက်တိုက်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မင်းသစ်**



ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများလုပ်ငန်းစဉ်ဆောင်ရွက်ပုံဆင့်ပွားသင်တန်းကို အောက်တိုဘာ ၁၇ ရက်က စမ်းချောင်း အထက (၄) တွင် ပြုလုပ်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးကျော်မြင့်ထွန်းက အမှာစကားပြောကြားစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှ ခေါင်းဆောင်များ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ဂုဏ်ပြုကြေညာခြင်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ၁၅-၁၀-၂၀၁၅ ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ် ရေးထိုးနိုင်ခဲ့ကြပါသည်။

(NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ရခိုင်ပြည်နယ်သူပြည်နယ်သားများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှဲစွာ မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိပါသည်။

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မိုးအောင် ၁၂/ဗဟန(နိုင်)၀၇၈၉၀၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၂၄၁၉၉၀

### ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(ခွဲ)မင်းဂံ တက္ကသိုလ်ဝင်တန်းမှ မဖြိုးတင်ဇာဝင်း ၁၁/စတန(နိုင်) ၁၀၉၇၉၁၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်းအောင် ဖြစ်ပါကြောင်း။

**ဦးဆန်းမင်းအောင်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ အိမ်လဟာအုပ်စု၊ မင်းကြီးကုန်းအလက(ခွဲ)ကျောင်း အဌမတန်းမှ နော်အယ်ထူးဂေး၏ဖခင် အမည်မှန်မှာ ဦးစောဝေဘဲ ၇/သဝတ(နိုင်)၀၂၈၈၈၅ ဖြစ်ပါကြောင်း။

**ဦးစောဝေဘဲ**

### ရွှေကြေးစည် မှ အင်းလေးပွဲ / ကျိုက္ခမီဆွမ်းမျှောပွဲ သို့

▲ အင်းလေးပွဲ၊ တောင်ကြီး၊ ရွှေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ Oct 23, 28
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ Oct 23, 27, 30
▲ ပုဂံ၊ ညောင်ဦး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ Oct 23, 27, 30
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား Oct 23, 27, 30
▲ ကျိုက္ခမီဆွမ်းမျှောပွဲ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပို့တောင်။ (Oct 26) နှင့် (အပတ်စဉ်သောကြာ) ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်
▲ (ကျိုက်ထီးရိုး-နေ့စဉ်)(အကောက်တောင်)(ဇလွန်)(သာမညာ၊ မြဝတီ၊ မဲဆောက်-အပတ်စဉ်သောကြာ)

ဖုန်းဆိုးတန်း ☎ 01-240860,01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက၊ တမာကုန်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်လှမျိုးဆန်းနှင့် အလက(ခွဲ)၊ အဌမတန်းမှ မောင်မျိုးသက်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းဆွေ ၉/ဝတန(နိုင်) ၀၃၃၂၀၂ ဖြစ်ပါကြောင်း။

**ဦးသိန်းဆွေ**

### ဂန္ထဝင်ရွှေပုဂံ Travel & Tours

| | | | | | |
|---|---|---|---|---|---|
| ဘန်ကောက် | (၆)ရက် | USD 560 | တူရကီ | (၁၁)ရက် | USD 2200 |
| စင်ကာပူ | (၄)ရက် | USD 850 | ဂျာမနီ၊ ချက်၊ ဟန်ဂေရီ၊ ပိုလန် | (၁၀)ရက် | USD 3900 |
| ပီကင်း၊ ရှန်ဟိုင်း | (၆)ရက် | USD 1200 | ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် | (၁၀)ရက် | USD 3800 |
| ဂယာ | (၁၅)ရက် | ၁၂ သိန်း | ဥရောပနိုင်ငံကြီး (၆) နိုင်ငံ | (၁၀)ရက် | USD 4800 |
| လာအို | (၅)ရက် | USD 1300 | အမေရိကန် | (၁၅)ရက် | USD 6700 |
| ဗီယက်နမ် | (၆)ရက် | USD 850 | အမေရိကန် | (၁၀)ရက် | USD 4700 |
| ကမ္ဘောဒီးယား | (၅)ရက် | USD 700 | ဩစတြေးလျ | (၁၁)ရက် | USD 4500 |
| ကိုရီးယား | (၈)ရက် | USD 1900 | ဒူဘိုင်း | (၆)ရက် | USD 1700 |
| ဂျပန် | (၈)ရက် | USD 2900 | ဘူတန် (တင်ပူပါရှိ) | (၄)ရက် | USD 2300 |
| ဟောင်ကောင်၊ မကာအို၊ ကွမ်ကျိုး၊ ချန့်ကျန်း | (၈)ရက် | USD 1600 | ရုရှား | (၉)ရက် | USD 3800 |

ကျောက်မျက်ဆိုင်၊ တိုင်းရင်းဆေးဆိုင် လည်ပတ်ခြင်း မပါဝင်ပါ။

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ထဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံး လမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့် ပတ်သက်၍ မိမိသလိုသမျှကို အချိန်မရွေး မေးမြန်းနိုင်ပါသည်။

အမှတ် ၆၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။ ရန်ကုန်မြို့။
Ph - 01 500191, 510491, 2304645,09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။
Ph - 09 31693339, 09 730 13856

Hot Line 09 - 73003772

# ရန်ကင်းကလေးဆေးရုံကြီးတွင် တိုးချဲ့ခြောက်ထပ်ဆောင်ဆောက်လုပ်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းကလေးဆေးရုံကြီးတိုးချဲ့ခြောက်ထပ်ဆောင်ကို ၂၀၁၆ ခုနှစ်မတ်လအတွင်းအပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာသာထွန်းကျော်က ပြောကြားသည်။

"ကျွန်တော်တို့ဆေးရုံက နိုင်ငံတော်ကခွင့်ပြုတဲ့ခုတင် ၅၅၀ ဆံ့ဆေးရုံဖြစ်ပေမယ့် လက်ရှိအနေအထားအရဆေးရုံမှာအသုံးပြုနိုင်တဲ့ခုတင် ၄၀၀ ပဲရှိတယ်။ နောက်ထပ်လိုနေတဲ့ခုတင် ၁၅၀ ဆံ့တိုးချဲ့ဆောင်အတွက် နိုင်ငံတော်ဘတ်ဂျက်နဲ့ ကျန်းမာရေးဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်မှုနဲ့ အခုလို ခြောက်ထပ်ဆောင် တိုးချဲ့ဆောက်လုပ်တာဖြစ်ပါတယ်"ဟု ဆေးရုံအုပ်ကြီးက ဆက်လက်ပြောကြားသည်။

ခြောက်ထပ်ဆောင်ဆောက်လုပ်ပြီးစီးပါက ကလေးနှလုံးခွဲစိတ်ခန်း၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်ခန်းနှင့် လူနာဆောင်များကိုလည်း ထည့်သွင်းထားရှိ သွားမည်ဖြစ်ကြောင်း၊ လက်ရှိဆေးရုံတွင် တက်ရောက်ကုသနေသောအတွင်း လူနာများအတွက် အခမဲ့ဆေးကုသပေးခြင်းနှင့်ပြင်ပလူနာများမှ ဆင်းရဲချို့တဲ့သည့် လူနာများအတွက် လူမှုဆက်ဆံရေးဌာနဖွင့်လှစ်၍ အခမဲ့ကုသပေးသည့် အစီအစဉ်များကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါဆေးရုံတွင် ကလေးအထူးကု ပါမောက္ခ၊ ဆရာဝန် ၈၄ ဦးအပါအဝင် ဝန်ထမ်း ၃၄၃ ဦးတို့က လူနာများကို ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်က ပြင်ပလူနာ ၆၈၀၀၀ ကျော်ကုသပေးကာ အတွင်းလူနာ ၂၀၀၀၀ ကျော်ဆေးရုံတင်ကုသပေးခဲ့သည်။ လက်ရှိဆေးရုံတက်ရောက်ကုသနေသည့် လူနာ ၂၄၇ ဦးတို့ကို ကုသပေးလျက်ရှိကြောင်း သိရသည်။ ရန်ကင်းကလေးဆေးရုံကြီးကို ၂၀၁၁ ခုနှစ် မတ်လ ၁၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **တင်စိုး(မြန်မာ့အလင်း)**



**ရန်ကင်းကလေးဆေးရုံကြီးအား တွေ့ရစဉ်။**

## ရှမ်းမြို့နယ် ကျေးရွာများသို့ ဆိုလာများပေးအပ်

**ရှာင် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများသို့ portable ဆိုလာများပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်ကတပ်ကုန်း၊ ရေချမ်းနှင့်ဝက္ကပူးကျေးရွာများ၌ ကျင်းပသည်။

အဆိုပါ portable ဆိုလာများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်နေပြည်သူများအား ပေးအပ်ခြင်းဖြစ်သည်။ ပေးအပ်ပွဲတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်က portable ဆိုလာပေးအပ်ရခြင်းနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့ပြီးအိမ်ခြေ ၆၂၈ လုံးအတွက် portable ဆိုလာ ၆၂၈ ခုပေးအပ်ခဲ့သည်။ အလားတူနန်းခုံ၊ ပဲရင်းတောင်နှင့်ရေလှကျေးရွာများမှ အိမ်ခြေ ၄၀၇ လုံးအတွက် portable ဆိုလာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာင်)**

# သောက်သုံးရေရရှိရန် စိမ့်စမ်းရေသွယ်ယူရေးဆောင်ရွက်

**သီပေါ အောက်တိုဘာ ၂၁**

ဒေသခံကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကိုရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဌာန ငွေလုံးငွေရင်းရန်ပုံငွေ ၂၄ ဒသမ ၅၇၁၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကိုသီပေါမြို့နယ်တောင်ပေါ်ဒေသများ ဖြစ်သည့်မန်ပြစ်ကျေးရွာအုပ်စုနှင့် နားမွန်းကျေးရွာများတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းခွင်သို့မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်း၊ ခေတ္တတာဝန်ခံ အင်ဂျင်နီယာ ဒေါ်နန်းကြူခမ်းနှင့်တာဝန်ရှိသူများ အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခု ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသများသို့ စိမ့်စမ်းရေများ သွယ်ယူဆောင်ရွက်ပေးခြင်းဖြင့် အဆိုပါ ကျေးရွာ များမှ ဒေသခံပြည်သူ ၂၀၅ ဦးနှင့် အိမ်ခြေ ၆၈ အိမ်တို့အတွက် သောက်သုံးရေများ ဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရေးမြို့နယ်ရှိ ကျေးရွာ ၃၆ ရွာတွင် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်

**ရေး အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ကျေးရွာအများစုမှာ ရေရှားပါးမှုဒဏ်ကို နှစ်စဉ် ခံစားရင်ဆိုင်ကြုံတွေ့နေရလေ့ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာ ၃၆ ရွာကို ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ရေးမြို့နယ်မှ ကျေးရွာ ၃၆ ရွာအတွက် ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် စိမ့်စမ်းရေလေးခု၊ တွင်းတိမ် ၂၃ တွင်း၊ လက်တူးတွင်း ၂၂ တွင်း၊ အခြားလုပ်ငန်းသုံးခု စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၃၀ ဒသမ ၈၀ ဖြင့် လုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်ကာ လာမည့် ဒီဇင်ဘာလကုန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**


## လူပျောက်



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မင်းဘူးလမ်း၊ အမှတ် ၅၃၂/က၊ (၉)ရပ်ကွက်နေ ဦးအုန်းကျော်-ဒေါ်လှသိန်းမေတို့၏သားလတ် မောင်မြင့်အောင် ၁၁/စတန(နိုင်)၁၁၆၆၄၄သည် ၁၀-၁၀-၂၀၁၅ ရက်မှ ထွက်သွားရာ ပြန်မလာ ပျောက်ဆုံးနေသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၁၃၂၉၉၅၊
၀၉-၄၂၁၇၃၅၉၈၅၊ ၀၉-၄၉၆၄၀၄၇၇၊
၀၉-၂၅၃၇၄၀၁၁၅

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(MICPA)ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ ဟောပြောပွဲကို အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမိုးကျော်မှ Frequently Asked Questions and Answers on Taxation ခေါင်းစဉ်ဖြင့် ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမ၌ ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီ ထောက်ခံချက်ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲတက်ရောက်လိုသူများအနေဖြင့် ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့်သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။




## ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရေကာကျေးရွာအုပ်စု၊ ရှမ်းရွာနေ မောင်ဇော်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင် ၉/လဝန(နိုင်)၀၁၀၆၁၈ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်နေ ဦးဇော်နိုင်ဦး၏သား အမက(၃) ဗဟန်း ပထမတန်း(သပြေခန်း)မှ မောင်ခန့်ဇော်နိုင်အား မောင်နေဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

## အိတ်ဖွင့်တင်ဒါအမှတ် (၀၇/၂၀၁၅-၂၀၁၆)အား ရွှေ့ဆိုင်းကြောင်းကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း လီမိတက်အနေဖြင့် ၂၂-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) ကျင်းပရန် ကြော်ငြာထားသော အိတ်ဖွင့်တင်ဒါအမှတ် (၀၇/၂၀၁၅-၂၀၁၆)ရောင်းချခြင်းအား ခေတ္တရွှေ့ဆိုင်းထားပါကြောင်း ကြေညာအပ်ပါသည်။ ပြန်လည်ရောင်းချမည့်နေ့ရက်အား ထပ်မံကြေညာပါမည်။

**အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ**

## မြိုင်မြို့မ(၁)ဆရာကြီး ဦးကြွေကျောင်း ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့မ(၁)၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဆရာကြီး ဦးကြွေကျောင်း ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်) ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်း သူငယ်ချင်းအပေါင်းအဖော်များ သိရှိရန် ဖိတ်ကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများပူဇော်ကန်တော့ရန် အလှူငွေများ လှူဒါန်းပူဇော်လိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဖုန်းဖြင့်ဖြစ်စေ၊ စာနှင့်ဖြစ်စေ ဆက်သွယ်သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) ဦးအောင်ဝင်း ဖုန်း-၀၉-၇၉၃၈၈၀၄၁၆
(၂) ဦးစိုးမြင့်ကျော် ဖုန်း-၀၉-၄၀၁၅၁၀၂၄၆
(၃) ဦးစိုးမိုးကျော် ဖုန်း-၀၉-၄၇၂၂၄၈၀၀

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ မြိုင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဖတ်တန်းရပ်ကွက်၊ စည်ပင်သာယာလမ်း၊ အမှတ်(၂၇)နေ သားဖြစ်သူ မောင်အောင်ကိုအေး ၁၀/မလမ(နိုင်)၁၄၄၈၉၄ သည် မိဘ ညီအစ်ကိုမောင်နှမအပေါ် နည်းမျိုးစုံဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်ငွေနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိခင် ဒေါ်ရွှေချို ၁၂/ပဘတ(နိုင်)၀၁၂၉၉၇**

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ရွာသစ်ကြီးကျေးရွာ၊ တက္ကသိုလ်ဝင်တန်းအောင် မောင်အောင်မိုးဝင်း ၏ဖခင်အမည်မှန်မှာ ဦးမြင့်ဝင်း ၈/ဆဖန(နိုင်)၀၆၉၃၀၀ ဖြစ်ပါကြောင်း။

**ဦးမြင့်ဝင်း**

# မင်းတုန်းမင်းတရားကြီးအား ရည်မှန်း၍ ဆွမ်းလောင်းလှူပွဲနှင့် ဆွေတော်မျိုးတော်သက်ကြီးပူဇော်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၁**

ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး နတ်ရွာစံသက် (၁၃၇)နှစ်မြောက်အဖြစ် ရည်မှန်း၍ လှူဒါန်းသော မတကာဘတ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဆွေတော်မျိုးတော်များအား ကန်တော့ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး အောင်မြေသာစံ မြို့နယ် အိုးဘို ရွှေကျင်ရပ်ရှိ ရွှေကျင်တိုက်မကြီး၌ ကျင်းပသည်။ ရှေးဦးစွာ ဆွေတော်မျိုးတော်များက သံဃာတော်အပါး ၈၀ ကျော်ကို ဆွမ်းဆက်ကပ်လောင်းလှူသည်။

၎င်းနောက် ရေစက်ချ အမျှဝေအခမ်းအနား ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိဇိတာရုံ ကျောင်းတိုက် ဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆွေတော်မျိုးတော်များက လှူဖွယ် ဝတ္ထုအစုစုကို ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော် သံဃမဟာနာယက အဝေရာရာမရန်ကင်း ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဒါတာ သီရိဘိဝံသက ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်သည်။

ထို့နောက် ဝါတော်၊ သက်တော်ကြီးသော ဆွေတော်မျိုးတော်များ ကန်တော့ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာသော ဆွေတော်မျိုးတော်များက သက်တော် ၆၀ နှင့်အထက် မင်းတုန်းမင်းတရားကြီး၏ မြစ်တော်များ၊ အိမ်ရှေ့စံ ကနောင်မင်း၏ မြစ်တော်များ၊ တီတော်များကို ကန်တော့ခံပစ္စည်းများဖြင့် ပေးအပ်ကန်တော့ခဲ့ကြောင်း သိရသည်။

"မင်းတုန်းမင်းတရားကြီးနတ်ရွာစံပြီး တစ်နှစ်ပြည့်မြောက်တဲ့အခါ သားတော်သီပေါမင်းလက်ထက်မှာ ဘုရင်ကိုယ်တိုင်ဦးဆောင်ဦးရွက်ပြုပြီး ဆွေတော်မျိုးတော်၊ နန်းတွင်းသူ နန်းတွင်းသားများနဲ့ မှူးမတ်တို့က သီတင်းကျွတ်လဆန်း ၆ ရက် နေ့တိုင်း နှစ်စဉ်နန်းတွင်း၌ မတကာဘတ်ဆွမ်းကပ်တော်မူခဲ့ပါတယ်။ အခုနှစ်မှာ သက်ကြီး ကန်တော့ခံ ဆွေတော်မျိုးတော် ၂၅ ဦးခန့် တက်ရောက်ပါတယ်"ဟု ဆွေတော်မျိုးတော်တစ်ဦးက ပြောကြားသည်။ ကုန်းဘောင်မင်းဆက် မောင်နှမများက စီစဉ်ဆောင်ရွက်သော ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံ ၅၆ ဦးပါဝင်ပြီး မင်းတုန်းမင်းတရားကြီး၏ မြစ်တော် ၂၅ ဦး၊ တီတော် ၁၈ ဦး၊ အိမ်ရှေ့စံ ကနောင်မင်း၏ မြစ်တော်ရှစ်ဦး၊ တီတော်ငါးဦးပါဝင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



## မွေးမြူရေးနှင့် စိုက်ပျိုးရေး ပညာပေးသင်တန်းဖွင့်

**သရက်ချောင်း အောက်တိုဘာ ၂၁**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဆင်ကျန်းကျေးရွာ အနာဂတ်အလင်း ရောင်စာကြည့်တိုက်တွင် အောက်တိုဘာဒုတိယပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုမွေးမြူရေးနှင့် စိုက်ပျိုးရေးပညာပေးသင်တန်းကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေသိန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်ဌေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။ သင်တန်းတွင် မွေးမြူရေးနှင့် စိုက်ပျိုးနည်းများကို တာဝန်ရှိသူများက သုံးရက်ကြာ စာတွေ့လက်တွေ့ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**

## ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်

**မဘိမ်း အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ် ကာကွယ်ရေး ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားလိုင်းများပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွေးမြည့်သစ်သား ဓာတ်တိုင်များကို ကွန်ကရစ်တိုင်နှင့် သံလက်တန်းများ လဲလှယ်ခြင်း၊ လျှပ်ကာပါသော ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးအသစ်များ လဲလှယ်တပ်ဆင်ခြင်းများကို မြို့နယ်လျှပ်စစ်မှူး ဦးရဲမောင်နှင့် ဝန်ထမ်းများက ကြီးကြပ်၍ Su Htoo Sanနှင့် San Sein Khan ကုမ္ပဏီ(၂)မှ တာဝန်ယူကာရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

# ကုက္ကိုကုန်း-တောင်ယာဆိပ် ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်




**ကျွန်းလှ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကုက္ကိုကုန်း-တောင်ယာဆိပ်ကျေးရွာချင်းဆက်လမ်းအားမြေသားတာပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကျေးရွာချင်းဆက်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေကျပ်သန်း ၁၅၁ဒသမ ၅၄၀ ဖြင့် ကျောက်ချောလမ်းသုံးမိုင်ကိုလည်းကောင်း၊ ငွေကျပ်သန်း ၄၀ ဒသမ ၀၂၀ဖြင့် မြေသားလမ်းသုံးမိုင်တို့ကို Three Princess ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မျိုးဝင်းညို-ကျွန်းလှ**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နေ အဘွား ဒေါ်ထွေး၏ အသက်(၁၀၀)ပြည့်မွေးနေ့အထိမ်းအမှတ် အဖြစ် အောက်တိုဘာ ၁၈ ရက်က ဈေးကျောင်းဆရာတော် ဦးပဏ္ဍိတအား အမှူးပြုသော သံဃာ ၁၅ ပါးထံမှ ကိုးပါးသီလခံယူပြီး ဆရာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများအား ဆက်ကပ်လှူဒါန်းစဉ်။

မောင်ရွှေဝင်း(ပြည်)



# မိတ္ထီလာ၌ စပျစ်သီးများ နည်းပညာဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုး

**မိတ္ထီလာ အောက်တိုဘာ ၂၁**

မိတ္ထီလာနယ်တွင် စပျစ်သီးကို ပြည်သာယာ၊ မကျီးဥ၊ ရွှေလံ၊ ညောင်အိုင်၊ မြို့သစ်နှင့် တောမကျေးရွာရှိ တောင်သူများက အဓိကစိုက်ပျိုးကြသည်။ မိတ္ထီလာ နယ်မှ စပျစ်သီးငါးမျိုးခန့်ထွက်ရှိပြီး မြစိမ်းရောင် အသီးမှာ နာမည်ကြီးပြီး အစိမ်းသီး၊ အဝိုင်းသီးနှင့် အချွန်သီးတို့ထွက်ရှိကာ ထိုင်ဝမ်သီးကိုလည်း စမ်းသပ်စိုက်ပျိုးသူများလည်းရှိလာကြောင်း သိရသည်။

တောင်သူများသည် စပျစ်သီးကို ယခင်က တစ်နှစ်ပတ်လုံးမှ တစ်သီးသာ စိုက်ပျိုးကြပြီး ယခုနောက်ပိုင်းတွင် ဆေးအကူအညီနှင့် နည်းပညာပေါင်းစပ်ကာ တစ်သီးပြီးပါက အပင်အသစ်အမြန်ထွက်စေရန်အတွက် ခုတ်ပြီး ပြန်လည်မွေးမြူကာ စိုက်ပျိုးသောကြောင့် သုံးသီးအထိ တိုးချဲ့စိုက်ပျိုးနိုင်သောကြောင့် တစ်နှစ်ပတ်လုံး စပျစ်သီးများရောင်းချလျက်ရှိကြောင်း သိရသည်။

"အခု တောင်သူတွေအမြင်ကျယ်လာတဲ့အတွက် တစ်နှစ်ပတ်လုံးပေါ်နေပြီ။ အခုချိန်အသီးက ရာသီအသီး မဟုတ်တော့ အချဉ်ဓာတ်ပါတယ်၊ အသီးရာသီနဲ့ အသီးရှားတဲ့အချိန် အစောပေါ်တဲ့သူတွေကတော့ မြတ်တယ်။ တစ်ဧကကို သိန်း ၇၀ လောက်အထိ ရတဲ့သူတွေရှိပါတယ်"ဟု မိတ္ထီလာမြို့ အထွက်တွင် စပျစ်သီးရောင်းချနေသူတစ်ဦးက ပြောပြသည်။

စပျစ်သီးစိုက်ပျိုးသူတောင်သူများအနေဖြင့် စတင်စိုက်ပျိုးပါက တစ်ဧကလျှင် ငွေကျပ် သိန်း ၅၀ ခန့်ကုန်ကျပြီး နောက်နှစ်များတွင် ဆေးဖိုးနှင့် အလုပ်သမားခများသာ ကုန်ကျကာ အကုန်အကျနည်းလာသည်။ စပျစ်သီးချိန်ဖြစ်သည့် တပေါင်း၊ တန်ခူးလတွင်ပေါ်သည့်အသီးသည် အရသာကောင်းသော်လည်း စပျစ်ပင်သည် မိုးလိုအပ်သည်ထက်များပါက သေဆုံးတတ်ပြီး အသီးမှာလည်း အချဉ်ဓာတ်ဝင်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**





# လျှပ်စစ်ဓာတ်အားစနစ် ကောင်းမွန်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်

**အထက်မင်းလှ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ မင်းလှမြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှ မြို့အတွင်း ၃၃/၆ ဒသမ ၆ ကေဗွီ ၁ ဒသမ ၂၅ အမ်ဗွီအေဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားလျက်ရှိရာ ဗို့အားစနစ်ကောင်းမွန်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ်ပေးနိုင်ရေးနှင့် ဝန်အားပိုမိုသုံးစွဲရေးအတွက် ၃၃/၁၁ ကေဗွီ ၃ ဒသမ ၁၅ အမ်ဗွီအေတိုးချဲ့တည်ဆောက်ခြင်း၊ ၁၁ကေဗွီဓာတ်အားလိုင်းလေး မိုင်တည်ဆောက်ခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၁၆၀ ကေဗွီအေဓာတ်အားရုံ ငါးရုံတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိပြီး ဓာတ်အားစနစ်ကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ရတနာမဥ္ဇူဘုရားလမ်း၊ အထက ကျောင်းလမ်း၊ မြင်သာထိပ်လမ်း၊ သရက်တောလမ်း၊ စက်မှုမေတ္တာလမ်း၊ ၁-လမ်း၊ ၂-လမ်း၊ ၃-လမ်းများတွင် သစ်သားဓာတ်တိုင်များအား ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# ဖျာပုံခရိုင် ရွေးကောက်ပွဲအတွက် အထူးရဲ ၁၀၅၀ အသုံးပြုမည်

**ဖျာပုံ အောက်တိုဘာ ၂၁**

လာမည့်နိုဝင်ဘာလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကာလတွင် ဖျာပုံခရိုင်အတွင်းရှိ မဲရုံ ၁၀၅၀ ရုံအတွက် အထူးရဲအင်အား ၁၀၅၀ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအထူးရဲများကို အောက်တိုဘာ ၁၅ ရက်မှစ၍ ၃၁ ရက်အထိ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ် မြို့နယ်များတွင် တစ်ပြိုက်နက်တည်း သင်တန်းပေးလျက်ရှိသည်။

"အခုသင်တန်းတက်နေတဲ့ အထူးရဲတွေက မြို့နယ်အလိုက် ရွေးချယ်ရေးအဖွဲ့တွေက ရွေးချယ်ပေးလိုက်တဲ့ သင်တန်းသားတွေဖြစ်ပါတယ်။ ဒီအထူးရဲ တွေက ရွေးကောက်ပွဲကာလအတွက်ဖြစ်ပြီး ရွေးကောက်ပွဲကာလမှာ ရွေးကောက်ပွဲလုံခြုံရေးအတွက် အထောက်အကူဖြစ်သလို ရွေးကောက်ပွဲ ပြီးနောက်မှာလည်း ရဲတပ်သားအင်အားသစ်တွေ ဖြစ်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ သင်တန်းသားတွေ အထူးရဲတာဝန်ပြီးဆုံးသွားလို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် စိတ်ဝင်စားသူတွေရှိပါက စည်းကမ်းချက်တွေနဲ့အညီ လက်ခံပေးသွားမှာပါ"ဟု ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လွင်မောင်သိန်းက ပြောသည်။

အထူးရဲများကို ရွေးချယ်ရာတွင် အသက်(၁၈)နှစ်မှ (၆၀)အတွင်းရှိသူ အမျိုးသားများ၊ အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ၊ ရပ်ကွက်၊ ကျေးရွာများက ယုံကြည်လေးစားရသူ၊ ပါတီနိုင်ငံရေးကင်းရှင်းသူများကို ရွေးချယ်ထားကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# အထူးရဲသင်တန်းများဖွင့်

## လဲချား

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လဲချားမြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် အထူးရဲသင်တန်းကို အောက်တိုဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြကအမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ဇော်မိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းသားများ လိုက်နာရမည့်စည်းကမ်းများကိုလည်းကောင်း၊ သင်တန်းမှူးရဲအုပ်ဌေးဝင်းက ရွေးကောက်ပွဲကော်မရှင်နှင့်ပတ်သက်သောအချက်အလက်များနှင့် ရွေးကောက်ပွဲတွင်ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို အောက်တိုဘာ ၃၀ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။ လဲချားမြို့နယ်တွင် မဲရုံ ၃၂ အတွက်အထူးရဲ ၃၂ ဦးက အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**မေ(ပြန်/ဆက်)**

## ညောင်လေးပင်

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့ကကြီးမှူးကျင်းပသော လုံခြုံရေးဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးက အမှာစကားပြောကြားပြီး လုံခြုံရေးဆိုင်ရာ အထူးရဲတပ်ဖွဲ့သင်တန်းနှင့် ပတ်သက်၍ စည်းကမ်းချက်များနှင့် ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ရမည့် တာဝန်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ညောင်လေးပင်မြို့နယ် ကော်မရှင်အဖွဲ့ဝင် ဦးအေးမြင့်က သင်တန်းသားများ သိရှိလိုက်နာရမည့် အချက်များ၊ ရွေးကောက်ပွဲကာလ မဲရုံများစီစဉ်ထားရှိမှုကို ရှင်းလင်းသည်။

အထူးရဲသင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ မဲရုံ ၁၄၂ ရုံအတွက် အထူးရဲသင်တန်းသား ၁၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၁၀ ရက်ကြာဖွင့်လှစ်၍ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## သီပေါ

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အတွင်း၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့် ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် အထူးရဲများခန့်ထားခြင်း လုပ်ငန်းပတ်သက်ပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့မရဲစခန်း၌ ကျင်းပခဲ့ပြီး မဲရုံ ၁၀၂ရုံရှိပြီးမဲရုံတစ်ရုံတွင် အထူးရဲတစ်ဦးစီဖြင့် တာဝန်ခွဲချထားပေးမည်ဖြစ်ရာ အောက်တိုဘာ၂၀ ရက် မှ ၃၀ ရက်အထိ သင်တန်းနည်းပြများက အထူးရဲများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# စားသုံးရန်မသင့်သည့် ဆီများရောင်းချခြင်း ရှိ မရှိ စစ်ဆေး



**မြင်းခြံ အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အေးမြသီတာဈေးတွင် စားသုံးရန်မသင့်သည့် စံမညီမြေပဲဆီ ၁၀ မျိုးအား ရောင်းချခြင်း ရှိ မရှိကို အောက်တိုဘာ ၁၈ ရက်က စစ်ဆေးခဲ့သည်။

အဆိုပါ စားသုံးရန်မသင့်သည့် စံမညီမြေပဲဆီ ၁၀ မျိုး ရောင်းချခြင်း ရှိ မရှိကို အေးမြသီတာဈေးအတွင်းရှိ ဆီနှင့် ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင် ၂၄ ဦး၏ အရောင်းဆိုင်များကို စစ်ဆေးခဲ့ရာ စံမညီမြေပဲဆီ ၁၀ မျိုးနှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်၊ လူသုံး ကုန်ပစ္စည်းများ ရောင်းချမှုမရှိကြောင်း တွေ့ရသည်။ ယခုလို စစ်ဆေးရခြင်းမှာ ကျန်းမာ ရေး ဝန်ကြီးဌာန၏ သတင်းစာများတွင် အများပြည်သူသိရှိရန် အသိပေး ကြေညာချက်ထုတ်ပြန်ထားသည့် စံမညီ မြေပဲဆီ ၁၀ မျိုးအား ရောင်းချခြင်း မရှိရေးနှင့် လိုက်နာရေးအတွက်ဖြစ်ပြီး လုပ်ငန်းရှင်များသို့ စံမညီမြေပဲဆီ ၁၀ မျိုးအမည်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# တာချီလိတ်၌ စားသုံးရန်မသင့်သော အေးခဲအသားများမီးရှို့ဖျက်ဆီး

**တာချီလိတ် အောက်တိုဘာ ၂၁**

နိုင်ငံတော် အစိုးရသည် နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်အခများရရှိရေး၊ စားသုံးသူအကာအကွယ်ပေးရေး၊ တရားမဝင်ကုန်ပစ္စည်းများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေးအတွက် တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီအား စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက် ရှိသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာချီလိတ်မယ်ယန်းကုန်သွယ်ရေးစခန်း မိုဘိုင်းအဖွဲ့က ဖမ်းဆီးရမိထားသည့် စားသုံးရန်မသင့်သော အေးခဲကြက်သား၊ ကြက်သားချောင်း၊ ကြက်သားလုံးနှင့် ငါးစသည့် အေးခဲအသားမျိုးစုံကို အောက်တိုဘာ ၁၉ ရက်က ဝမ်ကောင်းမွန်ကျေးရွာ မိုဘိုင်းစစ်ဆေးရေးဂိတ်အနီး မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ဖျက်ဆီးရာတွင် တာချီလိတ် မယ်ယန်းကုန်သွယ်ရေးစခန်း မိုဘိုင်းအဖွဲ့တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ထုတ်နုတ်မိုဘိုင်းအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးအဖွဲ့သည် ဝမ်ကောင်းမွန် ကျေးရွာအနီး၌ မိုဘိုင်းအဖွဲ့က တာဝန်များ ထမ်းဆောင်နေစဉ် တာချီလိတ်မှလာသော မော်တော်ဆိုင်ကယ်နှစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော ပီနံအိတ် ခြောက်အိတ်အတွင်းမှ FDA ခွင့်ပြုချက်မပါသော စားသုံးရန်မသင့်သည့် ထိုင်းနိုင်ငံမှ တံဆိပ်မပါ အေးခဲကြက်သားများ၊ ကြက်သားလုံး၊ ကြက်သားချောင်း၊ ငါးနှင့်အသားတု စသည့်အေးခဲအသား ကီလို ၄၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂ သိန်းခန့်အား သိမ်းဆည်းရမိသည်။

အဆိုပါ ဖမ်းဆီးရမိ အေးခဲအသားများကို အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးပြီး တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ အကောက်ခွန် အမှုတွဲ ဖွင့်လှစ်ပြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တာချီလိတ် ကုန်သွယ်ရေးစခန်း တာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း ဦးဆောင်သောအဖွဲ့တို့က တာချီလိတ်မြို့ ဝမ်ကောင်းမွန်ကျေးရွာအနီး၌ စနစ်တကျ မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# မျက်မှောက်ရုပ်ရှင်ခေတ်မှသည် . . . အနာဂတ်ရုပ်ရှင်ခေတ်ဆီသို့ အပိုင်း(၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

ရုပ်ရှင်ကို လူတိုင်း ကြည့်ဖူးကြပေလိမ့်မည်။ လူကြီးနှင့် လူငယ်များကို မဆိုထားဘိ . . . အရွယ်မရောက်သေးသော ကလေးသူငယ်များသည်ပင် မိဘအုပ်ထိန်းသူတို့နှင့်အတူ လိုက်ပါ၍ ရုပ်ရှင်ကြည့်ဖူးကြသည်။ ငယ်ရွယ်နုနယ်လွန်းသေး၍ ရုပ်ရှင်၏ရသကို မခံစားတတ်သေးသော်လည်း ကလေးသူငယ်တို့၏ စိတ်ထဲတွင် ကြည့်၍ကောင်းသည်ဟူသော အသိတရားကတော့ ကိုယ်စီရှိနေကြသည်။

ပြဇာတ်နှင့် စတင်ခဲ့သော ဖျော်ဖြေတင်ဆက်မှု ကဏ္ဍသည် ရုပ်ရှင်ခေတ်ကို နှစ်ပေါင်းများစွာ ဖြတ်သန်းလာရင်း မျက်မှောက်ကာလတွင် ရုပ်ရှင်ခေတ်သည် ရုပ်သံခေတ်နှင့်အတူ ယှဉ်လျက်လိုက်ပါနေဆဲ ဖြစ်သည်။ ရုပ်သံထုတ်လွှင့်မှုများသည် ဖျော်ဖြေတင်ဆက်မှု ကဏ္ဍတွင် အရှိန်အဟုန်ဖြင့် ဝင်ရောက်နေရာယူဆဲမှာပင် ရုပ်ရှင်သည်လည်း အရှိန်ပြင်းပြင်းဖြင့် ခရီးနှင်လျက်ရှိနေသည်။

အမေရိကနှင့် ဥရောပတစ်ခွင်၌ ရုပ်ရှင်သည် တစ်ခေတ် ပြန်လည်ဆန်းသစ်လျက်ရှိနေသည်။ ကမ္ဘာ့ရုပ်ရှင်ပရိသတ်၏အားကို သိရှိလက်ခံထားကြသော ရုပ်ရှင်ကုမ္ပဏီများသည် ဂန္ထဝင်မြောက် ရုပ်ရှင်ဇာတ်ကားကြီးများ၊ စိတ်ကူးယဉ် သိပ္ပံဇာတ်ကားကြီးများ၊ စွန့်စားတီထွင်မှုကို ဇာတ်အိမ်ပြုထားသော ဇာတ်ကားကြီးများနှင့် စစ်ဇာတ်ကားကြီးများကို ငွေကြေးအမြောက်အမြားအကုန်အကျခံကာ ရိုက်ကူးထုတ်လုပ်လျက်ရှိနေကြဆဲပင်ဖြစ်သည်။

မျက်မှောက်ကာလ နှစ်ဆယ့်တစ်ရာစုသို့ရောက်ရှိနေသည့်အချိန်တွင် ရုပ်ရှင်ရိုက်ကူးမှုနည်းပညာများက အံ့မခန်းတိုးတက်လျက်ရှိနေသည်။ လျင်မြန်စွာတိုးတက်လာသော ကွန်ပျူတာနည်းပညာများကလည်း ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းများ ရိုက်ကူးထုတ်လုပ်မှု၏ အဓိကအထောက်အပံ့တစ်ရပ်အဖြစ် ရပ်တည်နေပြီ ဖြစ်သည်။

မျက်မှောက်ခေတ် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းများ ရိုက်ကူးကြရာတွင် လူသားသရုပ်ဆောင်များနှင့် ကွန်ပျူတာဂရပ်ဖစ်ပညာရပ်တို့ ပေါင်းစပ်ကာ စိတ်လှုပ်ရှားဖွယ်ကောင်းအောင် ဆွဲဆောင်မှုရှိလှသော ရုပ်ရှင်ဇာတ်လမ်းများကို ဖန်တီးထုတ်လုပ်လျက်ရှိနေကြပြီ ဖြစ်သည်။

**ရုပ်ရှင်ဆိုသည်မှာ ...**

Motion Picture ဟူသော ဝေါဟာရကို မြန်မာဘာသာအားဖြင့် ရုပ်ရှင်ဟု ပြန်ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ဖလင်တစ်ကွက်စီ၌ရှိနေသော ရုပ်သေဓာတ်ပုံပေါင်းများစွာတို့ကို ရုပ်ရှင်ပြ ပိတ်ကားပေါ်တွင် သက်ဝင်လှုပ်ရှားနေသည်ဟု ထင်ရအောင် တီထွင်ဖန်တီးထားသော ပညာရပ်ဖြစ်သည့်အတွက် ရုပ်ရှင်ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

မိုးဦးကျကာလတွင် လျှပ်လက်သည်ကို လူတိုင်းတွေ့ဖူးကြသည်။ ကောင်းကင်ယံတွင် လျှပ်လက်ပြီးသွားသည့်အခါ လူတို့၏စက္ခုအာရုံ၌ လျှပ်စီးကြောင်းအကွေးအကောက်ကလေးများ စွဲထင်ကျန်ရစ်နေခဲ့သည်။ အလားတူပင် လျှပ်စစ်သံဂဟေဆက် အလုပ်ရုံများ၌လည်း သံဂဟေဆက်နေသည်ကို အမှတ်တမဲ့ ကြည့်လိုက်ပါက သံဂဟေဆက်ရာမှ ဖြာထွက်လာသည့် အလင်းတန်းများသည် စက္ခုအာရုံ၌ စွဲထင် ကျန်ရစ်နေခဲ့သည်ကို ခံစားကြရလိမ့်မည် ဖြစ်သည်။

မျက်စိဟူသော စက္ခုအာရုံခံစားမှုပါဝင်သည့် သတ္တဝါတိုင်းတွင် လင်းလက်တောက်ပသော အလင်းရောင်နှင့် ဖြာထွက်မှုအလင်းများကို မြင်တွေ့ပြီးသည့်အခါ ယင်းမြင်ကွင်းများသည် စက္ခုအာရုံထဲ၌ အချိန်အနည်းငယ်မျှ စွဲထင် ကျန်ရစ်ခဲ့ကြသည်။ ယင်းကို အမြင်စွဲကျန်ခြင်း (Persistance of Vision) ဟုခေါ်ဝေါ်ပြီး ယင်းသို့ အမြင်စွဲကျန်သည့် အချိန်ကာလမှာ ယေဘုယျအားဖြင့် တစ်စက္ကန့်၏ အပုံငါးဆယ်လျှင် တစ်ပုံမျှသာ ဖြစ်သည်။

ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုပညာရပ်ကို အဆိုပါ အမြင်စွဲကျန်ခြင်း သဘောသဘာဝကို အခြေခံ၍ တီထွင်ခဲ့ကြခြင်း ဖြစ်သည်။ ရုပ်ရှင်ပြစက်၏ Intermittent Mechanism ခေါ် ရုပ်နားရွေ့လျားမှု စက်ယန္တရားက လုပ်ဆောင်ပေးမှုကြောင့် ရုပ်ရှင်ဖလင် တစ်ကွက်ချင်းတို့သည် နောက်က အလင်းရောင်ထိုးပေးနေသည့် Picture ဂိတ်တွင် ခေတ္တရပ်နားပြီးမှ ဆက်လက် ရွေ့လျားကြရသည်။

ယင်းသို့ ဖလင်တစ်ကွက် ရပ်နားလိုက်ခြင်းကြောင့် ပိတ်ကားပေါ်၌ ယင်းဖလင်ကွက်၏ ပုံရိပ်သည်လည်း ခေတ္တရပ်တန့်နေမည်ဖြစ်ပြီး ယင်းဖလင်ကွက် ရွေ့လျားသွားသည်နှင့် ပိတ်ကားပေါ်ရှိ ၎င်း၏ ပုံရိပ်လည်းပျောက်ကွယ်သွားမည် ဖြစ်သည်။ ပုံရိပ်ပျောက်သွားသည့်အချိန်တွင် ပရိသတ်တို့၏ စက္ခုအာရုံ၌ ယင်းပုံရိပ်၏ မြင်ကွင်းသဏ္ဌာန်သည် တဒင်္ဂမျှ စွဲထင်ကျန်ရစ်နေခဲ့သည်။ ထိုအချိန်၌ပင် နောက်ထပ် ပုံရိပ်တစ်ခုက ထပ်မံပေါ်လာပြီး ဤသို့အားဖြင့် ရွေ့ကပုံရိပ် ပျောက်သွားလိုက် . . . စက္ခုအာရုံတွင် စွဲထင်ကျန်နေလိုက်. . . နောက်ထပ် ပုံရိပ်တစ်ခုက ထပ်မံပေါ်လာလိုက်ဖြင့် . . . အဆက်မပြတ်ဖြစ်နေခြင်းကြောင့် ပိတ်ကားပေါ်ရှိ ရုပ်သေပုံရိပ်များနှင့် ပရိသတ်တို့၏ စက္ခုအာရုံ၌ အမြင်စွဲကျန်ခြင်း သဘောတို့ ပေါင်းစပ်ကာ ရုပ်ပုံများ သက်ဝင်လှုပ်ရှားနေသည်ဟု ထင်ရခြင်းသာ ဖြစ်သည်။

ပိတ်ကားပေါ်တွင် ရုပ်သေပုံရိပ်များကိုသာ ထပ်ကာတလဲလဲ မြင်နေရသော်လည်း စက္ခုအာရုံ၌မူ ရုပ်ပုံများ သက်ဝင်လှုပ်ရှားနေသည်ဟု ထင်ရခြင်းကြောင့် အထင်နဲ့အမြင် တက်တက်စင်အောင်လွဲတယ်ဟူသော ပြောနေကျ လက်သုံးစကားတစ်ခုမှာ ပြောင်မြောက်လှသော ရုပ်ရှင်အတတ်ပညာကို ရည်ညွှန်းနေသယောင်ပင် ဖြစ်သည်။

**လှည့်စားခံနေရခြင်း**

ဖလင်တစ်ကွက်ချင်း၏ ရုပ်နားရွေ့လျားမှုမှာ မြန်ဆန်လွန်းလှသည့်အတွက် ရုပ်ရှင်ကြည့် ပရိသတ်တို့သည် အမှောင်ချထားသော ရုပ်ရှင်ရုံခန်းမအတွင်း၌ လှည့်စားမှုခံနေကြရသည်ကို မသိရှိကြခြင်းသာ ဖြစ်သည်။ ဖလင်တစ်ကွက်ချင်း၏ ရုပ်နားရွေ့လျားမှုမှာ တစ်စက္ကန့်လျှင် ၂၄ ကြိမ် ဖြစ်ပေါ်ပြီး ရုပ်ရှင်ပြစက်က တစ်စက္ကန့်လျှင် ဖလင် ၂၄ ကွက်နှုန်းဖြင့် ပြသပေးနေခြင်း ဖြစ်သည်။

**ရုပ်ရှင်ရိုက်ကူးခြင်း**

ယင်းကဲ့သို့ တစ်စက္ကန့်လျှင် ဖလင် ၂၄ ကွက်နှုန်းဖြင့် ပြသနိုင်ရန်အတွက် ရုပ်ရှင်ရိုက်ကူးရာ၌လည်း တစ်စက္ကန့်လျှင် ဖလင် ၂၄ ကွက်နှုန်းဖြင့် ရိုက်ကူးကြရသည်။



ပြသရာ၌ Slow Motion ခေါ် အနှေးလှုပ်ရှားမှုများ ဖြစ်ပေါ်စေရန်အတွက် ရိုက်ကူးရာ၌ ကင်မရာမြန်နှုန်းကို ပုံမှန်ထက်မြှင့်တင်ပေးရပြီး အမြန်လှုပ်ရှားမှု ဖြစ်ပေါ်စေရန်အတွက်မူ ကင်မရာ၏မြန်နှုန်းကို ပုံမှန်ထက် လျှော့ချပေးရသည်။ ရုပ်ရှင်ပြသရာ၌ အမှောင်ထုလိုအပ်ပြီး ရိုက်ကူးရာ၌မူ အလင်းအားကောင်းစွာရရှိရန် လိုအပ်သည်။ ရုပ်ရှင်ပြသချိန်၌ အရုပ်နှင့်အသံကို ထုတ်လွှင့်ပေးနိုင်ရန် ရိုက်ကူးရာ၌ အရုပ်နှင့်အသံကို ဖမ်းယူကြရသည်။ ဤသို့အားဖြင့် ရုပ်ရှင် ရိုက်ကူးမှုနှင့် ပြသမှုတို့မှာ ဆန့်ကျင်ဘက် သဘောတရားများ ရှိနေကြသည်။

**ရိုက်ကူးမှုအစ**

လွန်ခဲ့သော နှစ်ပေါင်း ၁၂၀ ကျော်က ရုပ်ရှင်ရိုက်ကူးမှုနှင့် ပြသမှုလုပ်ငန်းများကို စတင်ခဲ့ပြီး ထိုစဉ်က လက်ဖြင့်လှည့်၍ ရိုက်ကူးရသော ကင်မရာများကိုသာ အသုံးပြုခဲ့ကြရကာ အသံကိုလည်း ဖမ်းယူထည့်သွင်းမှု မပြုလုပ်နိုင်ခဲ့သေးပေ။ ထိုခေတ်က ရုပ်ရှင်ဇာတ်ကားများသည် အရုပ်ကိုသာမြင်ရပြီး အသံမကြားရသော အသံတိတ်ရုပ်ရှင်ကားများ ဖြစ်ကြသည်။ ရုပ်ရှင်ရိုက်ကူးရာ၌ အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် မှန်နှင့် ရောင်ပြန်ပြားများကို အသုံးပြုခဲ့ကြသည်။ Indoor Shooting ခေါ် အတွင်းခန်းရိုက်ချက်များတွင် လျှပ်စစ်မီးလုံးများကို အသုံးပြုခဲ့ကြသည်။ ထိုခေတ်အခါက မိတ်ကပ်ခြယ်မှုန်းသည့်ပညာ မထွန်းကားသေးသည့်အတွက် သရုပ်ဆောင်များကိုလည်း ပင်ကိုယ် သဘာဝအတိုင်းပင် သရုပ်ဆောင်စေခဲ့သည်။

နောက်ပိုင်းတွင် ရုပ်ရှင်ရိုက်ကူးရာ၌ အသံကိုပါ ဖမ်းယူနိုင်ခဲ့ပြီး ဖလင်နှုတ်ခမ်းပေါက်၏ ဘေးကပ်လျက်တွင် SoundTrackဟုခေါ်သော အသံလမ်းကြောင်းထည့်သွင်းပေးခဲ့ခြင်းဖြင့် အသံထွက်ရုပ်ရှင်ကားများအဖြစ် တင်ဆက်ပြသနိုင်ခဲ့ကြသည်။ သရုပ်ဆောင်များကိုလည်း မိတ်ကပ်ခြယ်မှုန်းစေပြီး ဆလိုက်မီး အမျိုးအပြားကိုပါ အသုံးပြုလာခဲ့ကြသည့်အတွက် သရုပ်ဆောင်တို့၏ ရုပ်ဆင်းအင်္ဂါကို ပို၍တင့်တယ် ကြည့်ကောင်းစေခဲ့သည်။

**ပြောင်းလဲတိုးတက်လာပုံ**

ရုပ်ရှင်ရိုက်ကူးမှုကို စတင်ခဲ့ကြသော အချိန်ကာလများက အနည်းငယ်မျှသော ရုပ်ရှင်စက်ကိရိယာများကို လူတို့၏ စွမ်းရည်နှင့် ပေါင်းစပ်ကာ ရိုးရှင်းစွာ ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။ ဥပမာအားဖြင့် . . . ကားမောင်းရင်း စကားပြောသည့် အခန်းမျိုးရိုက်ကူးကြရာတွင် ရပ်နေသော ကားပေါ်၌ သရုပ်ဆောင်များကို ထိုင်စေပြီး ကားကိုလှုပ်ပေးခြင်း၊ နောက်ခံမြင်ကွင်းပိတ်ကားကို ရွေ့လျားပေးခြင်းနှင့် သရုပ်ဆောင်တို့၏ ဆံပင်ကို လွင့်နေအောင် ပန်ကာဖြင့်မှုတ်ပေးခြင်းတို့ဖြင့် ရုပ်ရှင်ဇာတ်ကားထဲတွင် ကားမောင်းနေသည်ဟုထင်ရအောင် ရိုက်ကူးခဲ့ကြသည်။

ထိုမှတစ်ဆင့် တကယ်မောင်းနှင်နေသော ကားဘေးတွင် ကင်မရာကိုင်သူက တွယ်ကပ်လိုက်ပါ၍ ရိုက်ကူးခြင်းနည်းကို အသုံးပြုခဲ့ကြသည်။ ရုပ်ရှင်ရိုက်ကူးသည့် ကင်မရာများ ထုတ်လုပ်မှုအဆင့် မြင့်မားလာသည်နှင့်အမျှ ကားမောင်းနေသည့် မြင်ကွင်းကို ဘေးမှ နောက်ထပ် ကားတစ်စီးဖြင့် လိုက်ပါရိုက်ကူးခြင်း၊ မြင့်မားသော သစ်ပင်၊ တောင်ထိပ် စသည်တို့အပေါ်မှ မှန်ဘီလူး စွမ်းအားဖြင့် အနီးကပ်ဆွဲ၍ ရိုက်ကူးခြင်း၊ ရဟတ်ယာဉ်ဖြင့် တောက်လျှောက် လိုက်ပါ၍ အနီးကပ်ဆွဲယူ ရိုက်ကူးခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ယနေ့အချိန်၌မူ သရုပ်ဆောင်များ မောင်းနှင်နေသော ကားပေါ်တွင် ကင်မရာတပ်ဆင်ပေးထားပြီး အဝေးထိန်းခလုတ်နှင့် မော်နီတာကို အသုံးပြုကာ လိုသလိုချိန်ညှိရိုက်ကူးနေကြပြီ ဖြစ်သည်။

သရုပ်ဆောင်များ အပြန်အလှန် စကားပြောခန်း၊ ထိုးကြိတ်သတ်ပုတ်ခန်း စသည်တို့ကို ရိုက်ကူးရာ၌လည်း အနည်းဆုံး ကင်မရာနှစ်လုံးမှ ငါးလုံးအထိ အသုံးပြုကာ မြင်ကွင်းရှုထောင့် အမျိုးမျိုးမှရိုက်ကူးကြပြီး တည်းဖြတ်မှုပညာဖြင့် လှလှပပ အချိတ်အဆက်မိအောင် စီစဉ်တင်ဆက်နိုင်ကြပြီ ဖြစ်သည်။

ကားတစ်စီးကို အခြားကားများဖြင့် နောက်မှ လိုက်လံပစ်ခတ်ဖမ်းဆီးသည့် အခန်းများ၊ ရဟတ်ယာဉ်နှင့်လိုက်သည့် အခန်းများ၊ မောင်းနှင်နေသော ရထားခေါင်မိုးပေါ်တွင် ပစ်ခတ်သတ်ပုတ်ခန်းများ၊ သင်္ဘောနှင့် လေယာဉ်မောင်းနှင်သည့် ဇာတ်ဝင်ခန်းတို့ကို ရိုက်ကူးရာ၌ ခေတ်မီကင်မရာ အများအပြားကို တစ်ပြိုင်တည်း အသုံးပြုနေကြသော ကုမ္ပဏီကြီးများပင် ရှိနေပြီ ဖြစ်သည်။ ခေတ်မီ ကင်မရာများ၏ စွမ်းရည်ထက်မြက်မှုကြောင့် ရောင်ပြန်အလင်းရောင်များနှင့် ဆလိုက်မီးကြောင့် အရိပ်ကျမှုများကို ဖယ်ရှားစစ်ထုတ် ရိုက်ကူးနိုင်ကြပြီဖြစ်သည်။

ရုပ်ရှင်အတတ်ပညာ ပေါ်ထွန်းလာပြီးကတည်းက ရုပ်ရှင်လောကသားတို့သည် အရည်အသွေး ကောင်းမွန်သော Arriflex အမျိုးအစား ကင်မရာများကို ဆယ်စုနှစ်ပေါင်းများစွာ နှစ်နှစ်ခြိုက်ခြိုက် သုံးစွဲခဲ့ကြသည်။

**ကူး–ဆေး–တည်းဖြတ်ခြင်း**

ရုပ်ရှင်ခေတ်ဦးကာလက ရိုက်ကူးပြီးဖြစ်သော ဖြူမည်း နဂ္ဂတစ်ဖလင်များကို ဓာတုဓာတ်ဆေးရည်ထဲတွင် ကူးဆေးခြင်းဖြင့် ပုံရိပ်ဖော်ခဲ့ကြပြီး မျက်စိဖြင့် မြင်နိုင်သည့် နဂ္ဂတစ်ပုံရိပ်များရရှိလာသည့်အခါမှသာ သဘာဝပုံရိပ်ဖြစ်သော ပေါ့စတစ်ဖလင်များကို ရရှိအောင် ကားကူးကားဆေး ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် အသံကိုမူ ထည့်သွင်းခြင်း မပြုနိုင်ခဲ့ကြသေးပေ။

ထိုမှတစ်ဆင့် ဖလင်တည်းဖြတ်ပညာရပ် ပေါ်ထွန်းလာပြီး ရိုက်ကူးထားသော ဖလင်များထဲက မလိုအပ်သော အပိုင်းများကို တည်းဖြတ်ခြင်းဖြင့် လိုရင်းကို ထိထိမိမိ တင်ဆက်နိုင်သော ဇာတ်လမ်းနှင့် မှတ်တမ်းတင်ရုပ်ရှင်များ ဖြစ်လာခဲ့သည်။ တည်းဖြတ်မှုပညာပေါ်လာပြီးချိန်တွင် နဂ္ဂတစ်ဖလင်မှ ပေါ့စတစ်ဖလင်သို့ ကားကူးကားဆေးပြုလုပ်ရာ၌ တည်းဖြတ်ပြီးဖြစ်သော နဂ္ဂတစ်ဖလင်များကိုသာ ပေါ့စတစ်ဖလင်အဖြစ်သို့ ကူးသည့်အတွက် ငွေကြေးကုန်ကျမှုကို သက်သာစေပြီး အချိန်ကုန် လုပ်ပန်းမှုများကိုလည်း များစွာလျှော့ပါးစေခဲ့သည်။

**အသံထွက်ရုပ်ရှင်**

အသံထွက် ရုပ်ရှင်ခေတ်သို့ ရောက်ရှိလာချိန်တွင် ရုပ်ရှင် ရိုက်ကူးစဉ်ကတည်းက Sound Film ခေါ် အသံဖလင်ဖြင့် အသံဖမ်းယူခြင်းကိုပါ တစ်ပါတည်း ပြုလုပ်ခဲ့ပြီး အချောကူးဆေး တည်းဖြတ်ပြီးဖြစ်သော ပေါ့စတစ်ဖလင်နှင့်ထပ်တူ တည်းဖြတ်ပြီးဖြစ်သော အသံဖလင်တို့ကို ထပ်ကူးမှု(Sound Dubbing) ပြုလုပ်ခြင်းဖြင့် အသံထွက် ရုပ်ရှင်ဇာတ်ကားများ ရရှိလာသည်။

ဤနည်းဖြင့် အသံထွက် ရုပ်ရှင်ဇာတ်ကားများကို ထုတ်လုပ်နိုင်ခဲ့ကြသော်လည်း နှစ်ကာလ အတန်ကြာသည်အထိ အားနည်းချက်များ ရှိနေခဲ့သည်။ ဖမ်းယူခဲ့သော အသံများထဲတွင် ရိုက်ကွင်းပတ်ဝန်းကျင်ရှိ အခြားအသံများ ရောထွေးပါရှိလာခြင်း၊ ဇာတ်ဝင်ခန်းနှင့် မပတ်သက်သော ဆူညံသံများကြောင့် ရုပ်ရှင်ရသ ခံစားမှုကို ထိခိုက်စေခြင်း၊ ယင်းနှောင့်ယှက်သံများကို ဖုံးလွှမ်းသွားအောင် နောက်ခံတေးဂီတများ ထည့်သွင်းပေးရခြင်းနှင့် ယင်း နောက်ခံတေးဂီတသံများသည် ဇာတ်ကားတစ်ကားလုံးနီးပါး ပါဝင်နေသည့်အတွက် ပရိသတ်ကို အနှောင့်အယှက်ဖြစ်စေခြင်း စသည်များ ဖြစ်ကြသည်။

**ဆန်းသစ်လာသော အသံကူးပြောင်းစနစ်**

နှစ်ဆယ်ရာစု၏ အလယ်ပိုင်းကာလခန့်မှ စတင်၍ ဟောလိဝုဒ် ရုပ်ရှင်ထုတ်လုပ်သူများသည် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရာတွင် အသံကို တစ်ပါတည်း ဖမ်းယူခဲ့ကြသော်လည်း ယင်းသို့ ဖမ်းယူခဲ့သည့် အသံဖလင်များထဲမှ ဇာတ်ဝင်ခန်းအတွက် အရေးကြီးသော အသံအချို့ကိုသာ ထုတ်နှုတ် အသုံးပြုခဲ့ကြပြီး ဇာတ်ဆောင်များ၏ စကားပြောသံများကိုမူ အသံဖလင်မှ တိုက်ရိုက်ကူးယူအသုံးပြုခြင်း မရှိတော့ပေ။

အချောကူးဆေး တည်းဖြတ်ပြီးဖြစ်သော ပေါ့စတစ်ဖလင်များဖြင့် အသံသွင်းခန်းမထဲရှိ ရုပ်ရှင်ပြပိတ်ကားပေါ်တွင် ပြသပေးနေသော ရုပ်ပုံများကိုကြည့်ကာ သရုပ်ဆောင် အားလုံးတို့က ဇာတ်ညွှန်းကိုကိုင်၍ မိမိတို့၏ ဇာတ်ဝင်ခန်းများအလိုက် တိုက်ရိုက်ပြန်လည်ပြောဆို၍ အသံထပ်ကူးခြင်းကို ပြုလုပ်ခဲ့ကြသည်။ ဤသို့အားဖြင့် မလိုလားအပ်သော ပတ်ဝန်းကျင်နှောင့်ယှက်သံနှင့် ဆူညံသံများမှကင်းဝေးပြီး ရုပ်ရှင်ရသကိုအပြည့်အဝခံစားနိုင်သော ဇာတ်ကားများအဖြစ် ထုတ်လုပ်လာနိုင်ခဲ့ကြသည်။

**ခေတ်မီလာသောကူးဆေးနည်း**

စက်မှုနှင့် အီလက်ထရွန်နစ် နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ဖလင်တည်းဖြတ်စက်၊ အသံဖမ်းစက်၊ ကားကူးကားဆေးစက်၊ အသံကူးပြောင်းစက် စသည်တို့မှာလည်း ပိုမိုခေတ်မီလာခဲ့သည်။ ယခင်က နဂ္ဂတစ်ဖလင်ကို ကူးဆေးပြီးမှ ပေါ့စတစ်သို့ ကူးပြောင်းခဲ့ရသော်လည်း နောက်ပိုင်းတွင် နဂ္ဂတစ်ဖလင်ကို ကူးဆေးရင်း ပေါ့စတစ်ဖလင်နှင့် အသံဖလင်များကိုပါ တစ်ပါတည်း ပုံဖော်ကူးဆေးနိုင်သော စက်များကို တီထွင်ခဲ့ကြသည်။

**အသံစနစ်တိုးတက်ပြောင်းလဲလာခြင်း**

အသံပိုင်းဆိုင်ရာဘက်တွင်လည်း ရိုးရိုးမိုနိုအသံစနစ်မှသည် Digital Surround စနစ်အထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။ ရုပ်ရှင်ကြည့်နေသူ၏ ပတ်ပတ်လည်တွင် အသံများ ပျံ့လွင့်ကြားရခြင်းဖြင့် ပြသနေသော ရုပ်ရှင်ဇာတ်လမ်းစဉ်အတွင်း မိမိတို့ကိုယ်တိုင် ပါဝင်ရသကဲ့သို့ စိတ်လှုပ်ရှားရစေသည့် ပတ်လည် သံကြားစနစ်ကို ရုပ်ရှင်ဖလင်အတွင်း ထည့်သွင်းလာနိုင်ခဲ့ကြသည်။

ရိုးရိုး မိုနိုအသံစနစ်ကိုပင် အသံစွမ်းအင် ပိုမိုကောင်းမွန်အောင် ရုပ်ရှင်ပြစက်များ၌ Sound Processor များဖြင့် တွဲဖက်အသုံးပြု၍ဖန်တီးနိုင်သော်လည်း Digital Surround အသံစနစ်စစ်စစ်၏ ခံစားမှုမျိုးကို မမီနိုင်ပေ။ အမေရိကနှင့် ဥရောပနိုင်ငံအများစုတွင် ပတ်လည်သံကြား စနစ်ဖြင့် ပြသနိုင်ရန် ရုပ်ရှင်ပြစက်များ၏ အသံစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ကြပြီး ဖြစ်သည်။ အာရှတွင်မူ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ဟောင်ကောင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က ပတ်လည်သံကြားစနစ်ဖြင့် ပြသနိုင်အောင် ရုပ်ရှင်ပြစက်များကို စောစီးစွာကပင် ပြုပြင်ပြောင်းလဲခဲ့ကြပြီး ဖြစ်သော်လည်း အများစုဖြစ်သည့် ရိုးရိုးမိုနိုအသံစနစ် ရုပ်ရှင်ပြစက်များကိုလည်း အသုံးပြုလျက် ရှိနေကြဆဲပင် ဖြစ်သည်။

# ကလေးဒေသ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းမှသည် မြို့ရွာများစည်ပင်ဖွံ့ဖြိုးရေးဆီသို့ (အပိုင်း-၁)

သဘာဝဘေးကပ်ဆိုးဆိုသည်မှာ အတိုင်းအတာတစ်ခုအထိသာ ကြိုတင်ကာကွယ်၍ရနိုင်သည်ဖြစ်သော်လည်း အချို့နေရာများတွင် ကြိုတင်ကာကွယ်၍ မရနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရတတ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀အတွင်း တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဖူးသည့်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြင်ဆင်ချိန်အတော်အတန်ရကြသော်လည်း မည်သူ့ကိုမျှ အပြစ်တင်၍ မရသည့်ဖြစ်စဉ်များ ဖြစ်ခဲ့ရပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပထမရေဘေးသင့်ပြည်သူများကယ်ဆယ်ရေးနှင့် နေထိုင်စားသောက်ရေးအင်တိုက်အားတိုက် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်လျက်ရှိနေသည်ကို မြင်တွေ့နေရပါသည်။

ကလေးဒေသရေဘေးသင့်သည့် အခြေအနေပြန်ကြည့်မည်ဆိုပါက ပျက်စီးဆုံးရှုံးမှုကို အမျိုးအစားလေးမျိုးဖြင့် သတ်မှတ်ခဲ့ကြပါသည်။ အဆိုးဆုံးမှာ ခြေတစ်လုံးအိမ်တိုင်ဘဝအထိ ရောက်ခဲ့ရသည့် ကျေးရွာပေါင်း ၁၀ ရွာ၊ ဒုတိယ အဆိုးဆုံးကျေးရွာပေါင်း ၂၀၊ တတိယအဆိုးဆုံး သာမန်ထက်ပိုမိုသည့်ကျေးရွာပေါင်း ၁၈ ရွာနှင့် သာမန်ထိခိုက်ပျက်စီးမှုဖြစ်သည့်ကျေးရွာ ၁၅ ရွာ စသည်ဖြင့် တွေ့ရှိရမည်ဖြစ်ပါသည်။ ကလေးခရိုင် စိုက်ပျိုးမြေထိခိုက်ပျက်စီးမှုအနေဖြင့် လယ်ယာမြေဧကပေါင်း ၄၈၇၂၆ ဧကရှိပြီး ၁၅၆၄၉ ဧကကို ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။

**အံ့သြရလောက်သည့် မြန်မာတို့၏သဒ္ဓါတရားထက်သန်ပုံ**

ယခုကဲ့သို့ ဒုက္ခပင်လယ်ဝေနေသောအချိန်တွင် တစ်တိုင်းပြည်လုံးတွင်ရှိသည့် ပြည်သူများအပါအဝင် အစိုးရဌာနများ၊ တပ်မတော်သားများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ လှူဒါန်းမှုများကိုအသိအမှတ်ပြုရမည်ဖြစ်ပါသည်။ အထူးသဖြင့် တပ်မတော်သားများ၏ လုပ်အားအလှူကို လေးစားစရာ ကောင်းလှပါသည်။ တပ်မတော်သားများသည် ရေဘေးကယ်ဆယ်ရေးလုပ်ငန်း၊ မြို့ရွာသန့်ရှင်းရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စုဖွဲ့မှုကောင်းကောင်းဖြင့် လိုအပ်သည့်အချိန်များ၌လျှပ်တစ်ပြက်အတွင်း အင်တိုက်အားတိုက် အချိန်အတော်ကြာကြာလုပ်ဆောင်နိုင်သည့် အဖွဲ့အစည်းဖြစ်နေသည်ကိုအသိအမှတ်မပြုဘဲမနေနိုင်ပါ။ ရေဘေးကယ်ဆယ်ဆောင်ရွက်မှုများနှင့် လှူဒါန်းမှုများအတွက် အံ့သြရပါသည်။

**ရေဘေးသင့်ပြည်သူအချို့၏ ရင်ဖွင့်သံများ**

ကလေးဒေသရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုအဖွဲ့၊ တိုင်းဒေသကြီးအစိုးရ၊ စည်ပင်သာယာရေးဝန်ကြီးဦးတင့်လှိုင်မြင့်နှင့် အဖွဲ့သည် ကယ်ဆယ်ရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုညှိနှိုင်းပေးခြင်းဆောင်ရွက်ခဲ့ရသည့်အပြင် ညနေပိုင်းနှင့်ညပိုင်းများတွင်လည်း ရေဘေးသင့်ပြည်သူများထံသို့ အရောက်သွားပြီး ပြည်သူများ၏အခက်အခဲနှင့် ဆန္ဒများကို နားထောင်ပေးခြင်း၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြပါသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှစ၍ ယနေ့အထိ ကလေးမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့သွားရောက်၍ ပြည်သူများ၏ ရင်တွင်းခံစားချက်များကို နားထောင်ဖြေရှင်းပေးခဲ့ကြပါသည်။ ပေါက်ခုံကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ညအိပ်ပြီး အသင့်စောင့်နေကြသော ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြပါသည်။ ပထမပိုင်းတွင် ပေါက်ခုံကျေးရွာရပ်မိရပ်ဖများ၏ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ရေးကိစ္စ၊ ဇီးချောင်း ရေလျှံသည့်အတွက် စိုက်ပျိုးမြေပျက်စီးရခြင်းအပေါ်ဖြေရှင်းပေးရေးကိစ္စ၊ ရွာလယ်လမ်းမကြီး လျှပ်စစ်ကြိုးရရှိရေးကိစ္စစသည့်မေးခွန်းများကို ဝန်ကြီးက တစ်ခုချင်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းပေးခဲ့ပါသည်။



ဒုတိယပိုင်းအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးများက ဆန်၊ ရေ၊ စပါးနှင့် ပဲမျိုးစုံပိုလျှံပါက နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရေးလိုအပ်သည့် အချက်အလက်များရှင်းလင်းခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သတိထားရမည့် စားသောက်ကုန်ပစ္စည်းများအကြောင်းတို့ကို ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြသည်။ စည်ပင်သာယာရေးကော်မတီတိုင်းအင်ဂျင်နီယာများကလည်း မြို့ရွာများပြန်လည်ထူထောင်သည့်အခါ စနစ်တကျတည်ဆောက်ရန် လိုအပ်သည့်အချက်အလက်များနှင့် လုပ်နည်းများဆွေးနွေးခဲ့ပါသည်။ ယင်းနောက် ရွာသူရွာသားများ၏ သိရှိလိုသည့်အကြောင်းအရာများကို ညှိနှိုင်းနက်သည်အထိ ဆွေးနွေးသွားကြပြီး ယင်းကျေးရွာများအနေဖြင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ရင်းနှီးစွာဖြင့် တွေ့ဆုံခြင်းကို ပျော်ရွှင်ကြကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

နောက်တစ်နေ့တွင် ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုအဖွဲ့သည် ကလေးမြို့နယ် နတ်ချောင်း၊ နတ်နန်းကျေးရွာများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများ၏ ဘဝကို အနီးကပ်မေးမြန်းရရှိပါသည်။ နတ်ချောင်းကျေးရွာနေတောင်သူကြီး ဦးဝင်းအောင်အား မေးမြန်းရာတွင် "ဒီနှစ် ရေကြီးနစ်မြုပ်မှုခံခဲ့ရပေမယ့် ကျွန်တော့်လယ်မြေအနေနဲ့တော့ ဆုံးရှုံးမှုအနည်းငယ်ပဲ ရှိခဲ့ပါတယ်။ ဒီနှစ်လယ်ကွင်းထဲပိုးမကျတဲ့အတွက် တစ်မျိုးစိတ်ချမ်းသာရပါတယ်။ စပါးလည်း အရင်နှစ်ကထက်စာရင် ပိုကောင်းပါတယ်"ဟု ပြောပါသည်။

နတ်နန်းကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိသောအခါ ပြည်သူတို့၏ ရိက္ခာထောက်ပံ့မှုဆိုင်ရာ စိုးရိမ်သောကရောက်ရှိမှုများ၊ အိမ်တွင်းလက်မှုလုပ်ငန်းဖြစ်သည့် ယက်ကန်းစင်ထူထောင်ရေးချေးငွေကိစ္စများအား မေးမြန်းသည့်အတွက် ညှိနှိုင်းပေးနိုင်ခဲ့ကြပါသည်။ နောက်တစ်နေ့တွင် ကြိုးကြာကွင်းကျေးရွာသုသာန်မြေနေရာ ရေတိုက်စားမှုကို ရပ်မိရပ်ဖများက တင်ပြလာသည့်အတွက် တိုင်းဒေသကြီးအစိုးရ စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့ သွားရောက်ကြပြီး လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပေးရန်ညှိနှိုင်းပေးခဲ့ပါသည်။ နောက်တစ်နေ့တွင် ရေနစ်မှု အထိနာဆုံးရွာဖြစ်သည့် အောင်မြင်သာကျေးရွာကို ရောက်ရှိခဲ့ပြီး ရပ်မိရပ်ဖများနှင့်အတူ အိုးအိမ်များ ပြန်လည်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုကြကာ ရွာလယ်လမ်းများ ပြန်လည်တူးဖော်ပေးရန် ကျေးရွာ၏တင်ပြမှုအပေါ်တွင် ချက်ချင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြပါသည်။

## ခမ်လျှန်စွမ်း (စားသုံးသူရေးရာ)

**အရေးကြီးလျှင် သွေးနီးသည်**

ကျွန်ုပ်တို့မြန်မာလူမျိုးများသည် အရေးကြုံလျှင် လက်ပိုက်ကြည့်မနေတတ်သည့် လူမျိုးများဖြစ်ပါသည်။ ယခု ကလေးဒေသ ရေဘေးဖြစ်သည့်ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် ပိုမိုထင်ရှားပါသည်။ အချို့အချို့သောအုပ်စု(ယ)တွင် ပါဝင်သည့် ကျေးရွာများဆိုလျှင် အိမ်ခေါင်မိုးအထိ နွံများ၊ ရွှံ့မြေများဖုံးအုပ်နေဆဲဖြစ်ပါသည်။ ယာယီတဲများတွင်နေကြပြီးအလှူရှင်များ၏ စားနပ်ရိက္ခာများအပေါ်မှီခိုရသည့်အခြေအနေတွင် ရှိနေဆဲဖြစ်ပါသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုများ ရေထဲမျှောပါသွားခြင်း၊ မြေကြီးဖုံးအုပ်ခြင်းတို့ဖြစ်သည့်အတွက် အဆိုပါပြည်သူတို့၏ စားရေး၊ သောက်ရေးသည် ပြင်ပအကူအညီမပါဘဲ မရနိုင်သည့်အခြေအနေမှာ ရှိနေကြပါသေးသည်။ ၎င်းတို့သည် ဘဝကို ကိုယ်တိုင်ရုန်းကန်ချင်ကြသည်။ မတတ်သာ၍သာ အကူအညီယူလိုက်ရခြင်းဖြစ်ကြောင်း သူတို့၏ မျက်နှာတွင် ပေါ်လွင်ထင်ရှား သိသာလှပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ ပြန်လည်ထူထောင်ရေးအဖွဲ့နှင့်တွေ့လျှင် ယင်းတို့တတ်နိုင်သည့်ဘက်က ဝိုင်းဝန်းဆောင်ရွက်ပေးနေသည်ကိုလည်းတွေ့နေရပါသည်။ ရေဘေးသင့်ပြည်သူများ၏ တင်ပြချက်များနားထောင်သည့်အခါတွင်လည်း စကားကိုထိန်းထိန်းသိမ်းသိမ်းတင်ပြနေကြသည်ကို ကြားနေရပါသည်။ ထိုသို့ပြောလိုက်၍ ဖြေရှင်းရသည်ထက် သူတို့၏မွန်းကျပ်နေသောဘဝကို သွားရောက်ဂရုစိုက်ပေးနေခြင်းသည်က အလွန်ကျေနပ်ကြပုံပေါ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများပြားသော်လည်း ကူညီမစတတ်သည့် ကျွန်တော်တို့မြန်မာလူမျိုးများ၏ နဂိုပင်ရင်းအခံစိတ်ထားကောင်းမွန်မှုကို လက်တွေ့ပြသရာရောက်ပါသည်။ ကလေးဒေသသည် မြေပြန့်လွင်ပြင်ကျယ်ကြီးတွင်တည်ထားခြင်း၊ ချင်းပြည်နယ်၏ ဝင်ပေါက်/ထွက်ပေါက်နေရာတွင်တည်ရှိခြင်း၊ လယ်ယာထွက်ကုန်ပစ္စည်းကောင်းမွန်ခြင်း၊ ရိဒ်နယ်စပ်ကုန်သွယ်ရေးနှင့် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းများ၏ အဓိကကျောထောက်နောက်ခံမြို့ ဖြစ်နေခြင်း၊ ဒေသခံပြည်သူများ၏ ကြီးပွားလိုစိတ်ပြင်းပြခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စဉ်ဆက်မပြတ် အနီးကပ်ကြီးကြပ်ခြင်းများကြောင့် မူလအနေအထားထက် ပိုမိုတိုးတက်သည့် မြို့ပြနှင့် ကျေးလက်ဒေသများအဖြစ် မြင်တွေ့ရဖွယ်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

## သတင်းတို

### မိုးမိတ်၌ ဆိုလာပြားများပေးအပ်

မိုးမိတ်မြို့နယ်ရှိ လျှပ်စစ်မီးရရှိသေးသော ညောင်နီကျေးရွာ၊ ပုန်းထွန်ကျေးရွာ၊ တော်လားအင်းကျေးရွာ၊ ပြောင်းပြန်ကျေးရွာ၊ တောင်တော်ကျေးရွာနှင့် ရွှေသဲကျေးရွာများသို့ အောက်တိုဘာ ၁၉ရက် နံနက်က မိုးမိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်မျိုးထွန်းက ဆိုလာများအား စနစ်တကျ သုံးစွဲတတ်စေရေးမှာကြားပြီး ဆိုလာပြားများကို ပေးအပ်ခဲ့သည်။"ကျွန်တော်တို့ရွာမှာ မီးမရှိပါဘူး။ မီးလည်းမရနိုင်သေးတဲ့အတွက် ဆိုလာပြားတွေ အသုံးပြုဖို့ လိုအပ်ပါတယ်။ မီးရရှိမှသာ လူမှုရေး၊ ပညာရေးနဲ့ ကျန်းမာရေးတွေမှာ အများကြီးအထောက်အကူရမှာဖြစ်ပါတယ်။ ကလေးတွေဆိုရင် ကျောင်းစာတွေကို ညဘက်မှာ ဆိုလာအလင်းရောင်နဲ့ဖတ်ရှုနိုင်ပြီမို့ ဝမ်းသာနေကြတယ်"ဟု ဒေသခံ ဦးဘုန်းမြင့်က ပြောကြားသည်။

**(ဝ၆၁)**

### အချိန်အခါမဟုတ်မိုးရွာသွန်းစဉ်မိုးကြိုးပစ်ခံရ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ညောင်ငူအုပ်စုကျုံစုပ်ကျေးရွာနေ ဆဋ္ဌမတန်းကျောင်းသူ မရွှေရည်နွေးသည် အောက်တိုဘာ ၁၉ရက်က ဖခင်ဦးဝင်းသန်းနှင့် အတူ လယ်ကွင်းထဲသို့ အတူတူလိုက်သွားပြီး ညနေ ၅နာရီခွဲတွင် နေအိမ်သို့ပြန်လာစဉ် ရုတ်တရက် မိုးရွာချခဲ့ကြောင်း၊ မိုးရွာနေစဉ် မိုးကြိုးပစ်ချရာ မရွှေရည်နွေး ၁၁ နှစ်သည် နေရာတွင် မိုးကြိုးသင့်ကာ သေဆုံးသွားကြောင်းသိရသည်။

**မြင့်ဦး (ဝါးခယ်မ)**

# စိုက်ပျိုးရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ရေပန့်အား မြန်မာလူငယ်များတီထွင်ထုတ်လုပ်

**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံအခြေစိုက် လူမှုစီးပွားအဖွဲ့တစ်ခုမှ ကိုယ်ပိုင်ဒီဇိုင်းဖြင့် တီထွင်ထုတ်လုပ်သည့် နေရောင်ခြည်အသုံးပြုရသော ရေပန့်အား စတင်မိတ်ဆက်ခဲ့ကြောင်း သိရသည်။

ပဒုမ္မာဟု အမည်ပေးထားသည့် အဆိုပါ ရေစုပ်စက်သည် ဝင်ငွေနည်းပါးသည့် တောင်သူလယ်သမားများအတွက် ရည်ရွယ်ထားခြင်းဖြစ်ကာ လေထုကို ညစ်ညမ်းစေသည့် ဒီဇယ်အင်ဂျင်ရေစုပ်ပန့်များအစား ဆိုလာနေစွမ်းအင်သုံးရေပန့်များကြောင့် အထိုက်အလျောက်သက်သာစေနိုင်ကြောင်း မိတ်ဆက်သူများက ဆိုသည်။

မြန်မာနိုင်ငံနှင့် ကိုက်ညီစေမည့် တီထွင်မှုများကြောင့် ဈေးနှုန်းသက်သာသည့်အပြင် အမေရိကန်ဒေါ်လာ ၃၄၅သာ ကျသင့်ကြောင်း သိရသည်။ ဝပ်အား ၂၆၀ ဆိုလာပြားနှစ်ချပ်ကို အသုံးပြုကာ ရေလီတာ ၁၅၀၀၀ ကို မြေအနက် ၂၄ ပေအထိ အသုံးချစုပ်တင်နိုင်မည်ဖြစ်ကြောင်း တီထွင်သူများကထံက သိရသည်။

ဒီဇိုင်နာတစ်ဦးဖြစ်သူ မဒက်ဘီအောင်ဒင်က "ဝင်ငွေနည်းတောင်သူတွေအနေနဲ့ သူတို့လယ်ယာတွေထဲကို ရေတင်ဖို့ ဒီဇယ်ဆီဖိုးကုန်ကျစရိတ်ကြောင့် အခက်အခဲရှိပါတယ်။ သူတို့အင်ဂျင်တွေ ခဏခဏပြင်ရတာ၊ ပြင်ပေးတဲ့သူကိုစောင့်နေရတာနဲ့ လက်ခ ဈေးကြီးတာတွေကြောင့် အချိန်ကုန် လူပန်းဖြစ်ရတယ်လို့ ကျွန်မတို့ကို ပြောပြပါတယ်။ ဒီဇယ်အင်ဂျင်ကြီးကိုထမ်းသယ်ဖို့ လူနှစ်ယောက် အမြဲလိုပါတယ်တဲ့။ အခုတော့ ဒီဇယ်လည်းမလို၊ လူအားလည်းမလိုတော့တဲ့ ပဒုမ္မာကို တွေ့ပြီလို့ ပြောကြပါတယ်။ တစ်ခါမှဒီလိုပစ္စည်းမျိုး မတွေ့ဖူးပါဘူးတဲ့။ ဒီလိုပစ္စည်းကို မြန်မာပြည်အတွင်းမှာထုတ်လုပ်နိုင်ခဲ့လို့ ကျွန်မတို့ တကယ့်ကို ဂုဏ်ယူမိပါတယ်"ဟု ဖြေကြားသည်။




ပရော်စီမီတီဒီဇိုင်းသည် မြန်မာနိုင်ငံအခြေစိုက် လူမှုစီးပွားအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ကျေးလက်ဒေသအတွက် လိုအပ်သောနည်းပညာများကို အမြဲတီထွင်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် တောင်သူဦးကြီးများအား အကြံပေးခြင်းတို့ကို ပြုလုပ်ပေးသည့်အဖွဲ့အစည်းဖြစ်ပြီး ရည်ရွယ်ချက်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးပွားရေးဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်၊ ဓာတ်ပုံ-မေဦးမိုး**

# လီဗာပူး၊ ဒေါ့မွန်တို့ နိုင်ပွဲမျှော်လင့်နိုင်တဲ့ ယူရိုပါလိဂ်ပွဲစဉ် (၃)

ယူရိုပါလိဂ် အုပ်စုပွဲစဉ် (၃)ကို အောက်တိုဘာ ၂၃ ရက်မှာ ဆက်လက်ကစားတဲ့အခါ ရလဒ်ဘယ်လို ထွက်မလဲ စောင့်ကြည့်ရမယ့်အသင်းတွေရှိနေပါတယ်။ အဲဒီအသင်းတွေကတော့ လီဗာပူး၊ ဗီလာရီးရဲ၊ နာပိုလီ၊ ဒေါ့မွန်တို့ဖြစ်ပြီး ခြေစွမ်းပိုင်းတိုးတက်မှု ဘယ်လောက်ရှိသလဲဆိုတာ အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ရလဒ်ကောင်းရဖို့ အပူတပြင်းလိုအပ်နေတဲ့ အသင်းကြီးတွေရဲ့ နည်းဗျူဟာပိုင်းတွေကလည်း စိတ်ဝင်စားစရာ ကောင်းနေမှာတော့ အမှန်ပါပဲ။

**လီဗာပူးနှင့်ရူဘင်ကာဇန်**

အုပ်စု(B)မှာ လီဗာပူးတို့ နှစ်ပွဲကစားပြီး သရေနှစ်ပွဲဖြစ်ထားတာမို့ နှစ်မှတ်ပဲ ရရှိထားသေးပါတယ်။ ရုရှားကလပ် ရူဘင်ကာဇန်တို့ကတော့ နှစ်ပွဲကစား၊ သရေတစ်ပွဲဖြစ်ခဲ့ပြီး တစ်မှတ်ရရှိထားပါတယ်။ လီဗာပူးတို့က လက်ရှိအချိန်မှာ နိုင်ပွဲရဖို့ ကြိုးစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်တာမို့ ရူဘင်ကာဇန်တို့ ခြေကုန်ထုတ်ရင်တောင် တစ်မှတ်ရဖို့ မလွယ်ပါဘူး။

**ဖီနာဘာချီနှင့်အေဂျက်ဇ်**

တူရကီကလပ် ဖီနာဘာချီတို့က ပြည်တွင်းလိဂ်မှာတော့ ခြေစွာတဲ့ အသင်းဖြစ်ပါတယ်။ ဟော်လန်ကလပ် အေဂျက်ဇ်တို့ကလည်း ဟော်လန်လိဂ်မှာတော့ တန်းစီဇယားထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ ယူရိုပါလိဂ်မှာတော့ နှစ်သင်းစလုံး လက်ရှိခြေစွမ်းက အားရစရာမရှိပါဘူး။ နှစ်သင်းစလုံးတိုက်စစ်အင်အားတူညီနေပေမယ့် ခံစစ်ပိုင်းမှာ အိမ်ရှင်တို့ အားနည်းချက်ရှိနေပါတယ်။ ဒီပွဲဟာ သရေရလဒ်လည်းဖြစ်ပေါ်မယ့်အနေအထားဖြစ်ပါတယ်။

**ကာဘာလာနှင့်ဒေါ့မွန်**

အုပ်စု(C)မှာတော့ ဒေါ့မွန်တို့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ကာဘာလာတို့ကတော့ နှစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်သာရရှိထားပေမယ့် ဒီပွဲက အိမ်ကွင်းမှာဆိုတော့ မျှော်လင့်ချက်ထားနိုင်တဲ့အနေအထားပါပဲ။ ဒါပေမယ့် တိုက်စစ်အားကမထက်မြက်တာမို့ အခုပွဲရလဒ်ဟာ ဒေါ့မွန်တို့အတွက်ပဲ ဖြစ်သွားပါလိမ့်မယ်။

**ဗီလာရီးရဲနှင့်ဒိုင်နမိုမင့်ခ်**

ဘီလာရုစ်ကလပ် ဒိုင်နမိုမင့်ခ်တို့က ပြည်တွင်းလိဂ်မှာ တန်းစီဇယားဒုတိယနေရာမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ ဗီလာရီးရဲတို့ကလည်း ဒီနှစ်လာလီဂါမှာ တန်းစီဇယားကို ဦးဆောင်နေတဲ့ ခြေစွမ်းရှိတာမို့ ဒိုင်နမိုမင့်ခ်တို့ အခုပွဲမှာ မလွယ်ပါဘူး။ အုပ်စု ( E)မှာ ဗီလာရီးရဲတို့ နှစ်ပွဲကစား၊ တစ်ပွဲရှုံး၊ တစ်ပွဲနိုင် သုံးမှတ်ရနေတာမို့ ဒီပွဲကို အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။

**မစ်ဂျေလန်းနှင့်နာပိုလီ**

အုပ်စု (D)မှာ နှစ်သင်းစလုံး နှစ်ပွဲကစား၊ ခြောက်မှတ်ရရှိထားလို့ အခုပွဲမှာတော့ အုပ်စုဗိုလ်အတွက် ခြေကုန်ထုတ်ကြပါလိမ့်မယ်။ ဒိန်းမတ်လိဂ် မစ်ဂျေလန်းဟာ ပြည်တွင်းလိဂ်မှာ အကောင်းဆုံးခြေစွမ်းရရှိနေတဲ့အသင်းဖြစ်သလို နာပိုလီတို့ကလည်း နိုင်ပွဲတွေဆက်နေပါတယ်။ လက်ရှိခြေစွမ်းအရ မစ်ဂျေလန်းတို့ အိမ်ကွင်းမှာ အခြေအနေကောင်းသွားနိုင်ပါတယ်။

**ဘရာဂါနှင့်မာဆေး**

ပေါ်တူဂီကလပ် ဘရာဂါတို့က အုပ်စု(F)မှာ ခြောက်မှတ်နဲ့ဦးဆောင်နေသလို မာဆေးတို့ကလည်း နှစ်ပွဲကစား၊ သုံးမှတ်နဲ့ ဒုတိယနေရာမှာ ရှိနေပါတယ်။ ဘရာဂါတို့က ခံစစ်ပိုင်း တောင့်တင်းပေမယ့် တိုက်စစ်မှူးတွေရဲ့ အားနည်းချက်ရှိနေတာမို့ အခုပွဲအတွက် မာဆေးတို့ အမှတ်ပြည့်ရသွားနိုင်ပါတယ်။

**မိုလ်ဒီနှင့်ဆဲလ်တစ်**

နော်ဝေကလပ် မိုလ်ဒီတို့က အိမ်ကွင်းမှာ ဧည့်သည်ကို အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိပါတယ်။ စကော့တလန်ကလပ် ဆဲလ်တစ်တို့က အခုတလော ရှုံးပွဲမရှိတာမို့ အိမ်ရှင်တို့ နည်းဗျူဟာပြောင်းမှရပါလိမ့်မယ်။ နှစ်သင်းစလုံး ခြေစွမ်းတူနေတာမို့ အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။

**ဘော်ဒိုးနှင့်စီယွန်**

အုပ်စု ( B)မှာ ဆွစ်ဇာလန်ကလပ် စီယွန်တို့ နှစ်ပွဲကစား၊ လေးမှတ်နဲ့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ ဘော်ဒိုးတို့က တစ်ပွဲနိုင် သုံးမှတ်ရထားတာမို့ အခုပွဲဟာ အိမ်ကွင်းဖြစ်တာကြောင့် အိမ်ရှင်ရဲ့ ကြိုးစားမှုကြောင့် နိုင်ပွဲဆိုတာ ဘော်ဒိုးတို့အတွက် ဖြစ်သွားနိုင်ပါတယ်။ ။




မိုးမြင့်လင်းလက်

# ၃၉ မိနစ်တိုင်းမှာ ဂိုးသွင်းတယ်ဆိုတဲ့ လီဝမ်ဒေါစကီး



ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝမ်ဒေါစကီးဟာ လက်ရှိအခြေအနေမှာ ပွဲတိုင်းနီးပါး ဂိုးတွေ သွင်းယူနေတာတွေ့ရပါတယ်။ လီဝမ်ဒေါစကီးဟာ ပြီးခဲ့တဲ့ပြိုင်ပွဲ ခုနစ်ပွဲမှာ ပွဲချိန် ၃၉ မိနစ်တိုင်းမှာ ဂိုးတွေသွင်းယူပေးနေတယ်လို့ အာဆင်နယ်အသင်းနဲ့ ချန်ပီယံလိဂ်ပွဲကစားပြီး ပြောဆိုလိုက်ပါတယ်။ လီဝမ်ဒေါစကီးဟာ ဥရောပရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်ပါတယ်။

သူဟာ လွန်ခဲ့တဲ့ ၁၆ ပွဲမှာ ၂၂ ဂိုးအထိ သွင်းယူထားသူပါ။ ဘိုင်ယန်မြူးနစ်အတွက်ရော နိုင်ငံအသင်းဖြစ်တဲ့ ပိုလန်အသင်းအတွက်ပါ သွင်းယူခဲ့တဲ့ ဂိုးတွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုအောင်မြင်မှုတွေရတဲ့အတွက် အလွန်ပဲပျော်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဂိုးတွေ သွင်းယူပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်လို့ လီဝမ်ဒေါစကီးက ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ အထောင်တိုက်စစ်မှူးဖြစ်တဲ့ လီဝမ်ဒေါစကီးဟာ ဘိုင်ယန်မြူးနစ်မှာသာမက ပိုလန်အသင်းမှာလည်း ခြေစွမ်းပြတိုက်စစ်မှူးဖြစ်ပါတယ်။

# ဆောက်သမ်တန်နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ မျှော်လင့်နေတဲ့ နည်းပြကိုလ်မန်း

ရော်နယ်ကိုလ်မန်းကို ဆောက်သမ်တန်က စာချုပ်သစ်ထပ်မံချုပ်ဆိုဖို့ တရားဝင် ဆွေးနွေးတော့မယ်လို့ အရိပ်အမြွက်ပြောဆိုလိုက်ပါတယ်။ ကိုးလ်မန်းဟာ ဆောက်သမ်တန်သို့ ၂၀၁၄ ဇွန်လက ရောက်ရှိလာခဲ့တာပါ။ သူဟာ ဆောက်သမ်တန်ကို အကောင်းဆုံးကိုင်တွယ်ပေးနိုင်ခဲ့တာကြောင့် အသင်းရဲ့တာဝန်ရှိသူတွေက ထပ်မံစာချုပ်ဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်။



ဒတ်ချ်လူမျိုး ကိုလ်မန်းဟာ အသင်းနဲ့အတူ ၁၈ လကြာ ကိုင်တွယ်ခဲ့ပြီးဖြစ်ပါတယ်။ နောက်ထပ် သုံးနှစ်ကိုင်တွယ်ဖို့ ရှိနေပါသေးတယ်။ သူ့ကို ယူရို ၂၀၁၆ ခြေစစ်ပွဲမအောင်ဖြစ်ခဲ့တဲ့ ဟော်လန်အသင်းအတွက် နည်းပြလုပ်ပေးဖို့ အဆက်အသွယ်ပြုလုပ်ထားတယ်လို့ ဆိုပါတယ်။ ကိုလ်မန်းဟာ ၂၀၁၄ ခုနှစ် ဇွန်လက စပါးကိုပြောင်းသွားတဲ့ နည်းပြ ပိုချစ်တီနိုရဲ့နေရာမှာ အစားထိုးခဲ့ပြီး သုံးနှစ်စာချုပ်ထားတာဖြစ်ပါတယ်။ သို့ပေမယ့် ကိုလ်မန်းကို ဟော်လန်နည်းပြလုပ်ဖို့ ကမ်းလှမ်းလာတာကြောင့် အသင်းတာဝန်ရှိသူတွေက စာချုပ်သစ်ချုပ်ဆိုသွားမယ်လို့ အရိပ်အမြွက်ပြောဆိုချက်ရှိပါတယ်။

ကောင်းမြတ်သူ
စုစည်းသည်။



# အာဆင်နယ်ပစ်မှတ်ထားနေတဲ့ ဒိုင်နမိုဇာဂရက်ကွင်းလယ်ကစားသမား

အာဆင်နယ်နည်းပြ ဝင်းဂါးအနေဖြင့် ဒိုင်နမိုဇာဂရက်အသင်းနဲ့အတူ ခြေစွမ်းပြနေတဲ့ အာဒီဂျန်အေဒီမီကို ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ခရိုအေးရှားကွင်းလယ်ကစားသမား အေဒီမီကိုခေါ်ယူဖို့ ဝင်းဂါးက အရိပ်အမြွက် ပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလက အာဆင်နယ်က ဒိုင်နမိုဇာဂရက်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့ပွဲမှာ အေဒီမီရဲ့ခြေစွမ်းကို တွေ့ရပြီးတဲ့နောက် ဝင်းဂါးအနေနဲ့ ခေါ်ယူဖို့အရိပ်အမြွက်ပြောဆိုခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့ ကွင်းလယ်ကစားကွက်ကို အကောင်းဆုံးတည်ဆောက်နိုင်ဖို့ ဒိုင်နမိုဇာဂရက် ကွင်းလယ်ကစားသမားကို လာမယ့် အပြောင်းအရွှေ့ရာသီမှာ ခေါ်ယူသွားဖို့ ကြိုးစားသွားမယ်လို့ နည်းပြဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ အေဒီမီဟာ လက်ရှိမှာလည်း ဒိုင်နမိုဇာဂရက်အသင်းနဲ့အတူ ခြေစွမ်းပြကစားနေတဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။

# တစ်ပိုင်တစ်နိုင် ဝါးအခြေခံလက်မှုထည်လုပ်ငန်း သင်တန်းဆင်း

**ပွင့်ဖြူ အောက်တိုဘာ ၂၁**

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဝါးအခြေခံလက်မှုထည်လုပ်ငန်း သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ရွှေဘိုရွာမကျေးရွာ ဘုရားကြီး ဓမ္မာရုံ၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းတင့်က ဒေသခံပြည်သူများအား သင်တန်းဖွင့်လှစ်ပေးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းကာလအတွင်း အကောင်းဆုံး သေသပ်လှပစွာ ပြုလုပ်ဆောင်ရွက်နိုင်သော ဝါးထည်ပစ္စည်းများအလိုက် ဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာ ပွင့်ဖြူမြို့နယ်သည် ဝါးများပေါက်ရောက်ရာဒေသဖြစ်သည့်အားလျော်စွာ ယခုသင်တန်းမှ ကျွမ်းကျင်သည်အထိ သင်ကြားပေးလိုက်သော ဝါးအခြေခံလက်မှုထည်လုပ်ငန်း ပညာရပ်များဖြင့် အိမ်တွင်းမိသားစု အပိုဝင်ငွေရသော တစ်ပိုင်တစ်နိုင် လုပ်ငန်းဖြစ်သည့်အတွက် သင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သော ဆရာ ဆရာမများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုတတ်မြောက်ခဲ့သော ဝါးအခြေခံလက်မှုထည်လုပ်ငန်း ပညာရပ်များကို အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား လက်ဆင့်ကမ်း ပြန်လည်ပြသ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ပွင့်ဖြူမြို့နယ် ရွှေဘိုရွာမကျေးရွာ အနီးဝန်းကျင်ရှိ ကျေးရွာများမှ ၃၀ တက်ရောက် သင်ကြားခဲ့ပြီး သင်တန်းကာလမှ ၁၂ ရက်ကြာမြင့်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# စပါးတင်ပို့မှုမြင့်မားသော်လည်း တောင်သူနှင့် သိုလှောင်သူများ တွက်ခြေမကိုက်

**နေပြည်တော် အောက်တိုဘာ ၂၁**

မိုးစပါးပေါ်ပြီး သိုလှောင်ချိန်နှင့် တင်ပို့ရောင်းချချိန်များတွင် စပါးဈေးများ ကျဆင်းလာပြီး နယ်စပ်မှ မှာယူမှုများလည်း များပြားလာခြင်းကြောင့် တောင်သူများနှင့် သိုလှောင်သူများ အမြတ်အစွန်း နည်းပါးနေကြောင်း ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

မိုးစပါးများမှာ ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးဆုံးရှုံးမှုရှိကြပြီး ဈေးနှုန်းများမှာမူ ပြည်တွင်း ပြည်ပဈေးကွက်တွင် ထင်သလောက် မြင့်တက်ခြင်းမရှိဘဲ တောင်သူများ အရင်းဈေးနှုန်းဖြင့် ရောင်းချနေကြရကြောင်း နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ် စက်တင်ဘာမှစတင်ကာ တရုတ်နိုင်ငံမှ မြန်မာဆန်များ တင်ပို့မှုကို ကန့်သတ်ခဲ့ပြီး ထိုအချိန်မှစတင်ကာ ပြည်ပတင်ပို့သည့် ဆန်ဈေးနှုန်းများမှာ အကျဘက်သို့ ဦးတည်လာခဲ့သည်။ ယခုနောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြန်လည်တင်ပို့နေကြသော်လည်း အမြတ်အစွန်းအားနည်းလျက်ပင်ရှိနေသေးကြောင်း ကုန်သည်များထံက သိရှိရသည်။

"စိုက်ပျိုးသူတွေ အတွက်တော့ ရောင်းပြီးချိန်ဖြစ်နေတော့ အမြတ်နည်းတာကိုခံစားကြရမှာပါ။ ကုန်သည်တွေအတွက်တော့ တင်ပို့မှုက ဈေးကျနေတဲ့အတွက် ဆန်တင်ပို့တာကို ခွင့်ပြုထားပေမယ့် အခက်အခဲတွေရှိနေတယ်။ ဒီနှစ်မိုးစပါးက ရာသီဥတုဖောက်ပြန်တဲ့အတွက် အလေအလွင့်များတာကြောင့် မူလကတည်းက ဈေးလျှော့ရောင်းဖို့ ခက်ခဲရတဲ့ကြား ပြည်ပတင်ပို့ဈေးနှုန်းက မြင့်တက်မလာတာမို့ ကုန်သည်တွေ စိုးရိမ်နေရတယ်" ဟု ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် မိုးစပါးပေါ်ပြီးစကာလတွင် မြန်မာနိုင်ငံအနှံ့ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် သိုလှောင်သူများ အလွန်နည်းပါးသွားပြီး အထွက်နှုန်းမှာလည်း သိသာစွာ ကျဆင်းခဲ့ရသည်။ ယခုကဲ့သို့ တင်ပို့မှုအား အကောင်းဆုံးလတွင်လည်း ဈေးနှုန်းမှာ မြင့်တက်ခြင်းမရှိသောကြောင့် သိုလှောင်သူများ အမြတ်အစွန်းမရရှိနိုင်ကြောင်း သာယာဝတီမြို့နယ်အတွင်း ဆန်စက်များနှင့်စပါး ကန်ထရိုက်လုပ်ငန်းများ လုပ်ဆောင်သူ ဦးဝင်းနိုင်က ပြောကြားသည်။

ပြည်တွင်းမှ ဆန်တန်ချိန်တစ်သိန်းကျော်ဝန်းကျင်အား လစဉ်နယ်စပ်ဂိတ်များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နေခြင်းဖြစ်ပြီး ထိုအနေအထားတွင် ဈေးကွက်အတွင်း ဆန်ဈေးများ ကျဆင်းလာခြင်းမှာ ကုန်သည်များအပြင် စိုက်ပျိုးသူ တောင်သူများတွင်ပါ အခက်အခဲများ ကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူက ပြောကြားသည်။

"စပါးစိုက်ရတာ အတော်လေး စွန့်စားရသလိုဖြစ်နေပါတယ်။ ရာသီဥတုစိန်ခေါ်မှုရော၊ ဈေးကျတာကရော တောင်သူတွေနဲ့ ကုန်သည်တွေအတွက် အခက်အခဲတွေအများကြီးရှိပါတယ်။ အရည်အသွေးမြင့်တဲ့ ဆန်တွေထွက်ရှိဖို့အတွက် တောင်သူတွေကလည်း ကြိုးစားဖို့လိုအပ်သလို စပါး သိုလှောင်သူတွေအနေနဲ့လည်း အချင်းချင်းစုပေါင်းအဖြေရှာနေကြပါတယ်။ ဈေးနှုန်းကျတဲ့အတွက် တရုတ်ဘက်ကလည်း မှာယူမှုတွေ များတယ်။ ကုန်သည်တွေကလည်း မှာတုန်းရောင်းနေကြရတာ ဆိုတော့ ဈေးနှုန်းက ဆက်ကျနိုင်တယ်" ဟု လက်ပံတန်းမြို့နယ် သဲဖြူကျေးရွာမှ ဆန်စက်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

**သတင်း-သွန်းဝသန်**
**ဓာတ်ပုံ-မေဦးမိုး**



## ကြို့ပင်ကောက်ပြည်သူများအတွက် တန်ဖိုးနည်းလုံးချင်းအိမ်ရာများ ဆောက်လုပ်ပေး

**ကြို့ပင်ကောက် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် တန်ဖိုးနည်းလုံးချင်းအိမ်ရာများကို ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် တန်ဖိုးနည်းလုံးချင်းအိမ်ရာများကို ပျဉ်ထောင်တွင်းအုပ်စု ပျဉ်ထောင်တွင်းကျေးရွာတွင် ဆောက်လုပ်ပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၁ ဒသမ ၅သန်းဖြင့် အိမ်ရာငါးလုံးခန့် တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

## မှုခင်းသတင်းများ

# ငါးဖမ်းပိုက်ကွန်နှင့်ပတ်မိ၍ လူတစ်ဦးသေဆုံး

**ပင်လည်ဘူး အောက်တိုဘာ ၂၁**

ပင်လည်ဘူးမြို့နယ် ဝမ်းဘဲအင်းရွာအနောက် နှစ်မိုင်ခန့်အကွာရှိ မူးမြစ်နှင့် အင်းဂါးချောင်းဆုံအောက်တွင် အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက ငါးပိုက်ကွန်အားခန္ဓာကိုယ်တွင်ရစ်ပတ်၍ သေဆုံးနေသော အလောင်းအားတွေ့ရှိရသဖြင့် နန်းတပ်ရဲကင်းမှ ရဲတပ်ကြပ်ကြီးမန်ကုန်းနှင့်အဖွဲ့မှ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြသည်။

စစ်ဆေးသိရှိချက်အရသေဆုံးသူမှာ မြင့်ထွန်း (၄၁ နှစ်)ဝမ်းဘဲအင်းရွာ ပင်လည်ဘူးမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် အောက်တိုဘာ ၁၇ ရက် ည ၁၀ နာရီက ကွန်ပစ်သွားရာမှတဖက်ကမ်းသို့ ပိုက်ကွန်အားခန္ဓာကိုယ်တွင်ရစ်ပတ်ကူးသွားရာမှ ရေနစ်သေဆုံးသွားရခြင်းဖြစ်ကြောင်း ကျေးရွာခွဲခေါင်းဆောင်၏ ပြောပြချက်အရ သိရှိရသည်။ သေဆုံးသူမှာတစ်ကိုယ်လုံး ပြာနှမ်းကာဖူးရောင်ဖောင်းပွနေသည်ကို တွေ့ရှိခဲ့ရသည်။

သေဆုံးမှုအတွက် ရဲတပ်ကြပ်ကြီးမန်ကုန်းက တိုင်တန်းခဲ့ရာ ပင်လည်ဘူးမြို့မရဲစခန်းကအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# မိခင်ကိုသတ်သော ဖခင်ကို သားဖြစ်သူ အမှုဖွင့်

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့အမှတ်(၉)ရပ်ကွက် မဲဘောင်လမ်းအတွင်း အောက်တိုဘာ ၁၇ ရက်က လူသတ်မှုဖြစ်ပွားခဲ့ရပြီး အမှုဖြစ်စဉ်နှင့်ပတ်သက်၍ မိခင်သေဆုံးခဲ့သဖြင့် သားဖြစ်သူကဖခင်အား ဘားအံမြို့မရဲစခန်းတွင် လာရောက်အမှုဖွင့်လှစ်ခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာ ၁၇ ရက် နံနက် ၆ နာရီတွင် ဦးအောင်နိုင်စိုးသည် မိသားစုများနှင့်အတူအိပ်မောကျနေစဉ် အဒေါ်ဖြစ်သူ ဒေါ်မြင့်အုန်းရောက်လာကာ ၎င်းအမေအိမ်မှ အော်သံများကြားရကြောင်းလာရောက်ပြောကြားသဖြင့် သွားရောက်ရာ မိခင် ဒေါ်မိပျို(၅၂ နှစ်)သည် နေအိမ်နောက်ဖေးတံခါးအနီးတွင် လဲကျနေသည်ကို တွေ့ရသည်။ ဖခင်ဖြစ်သူဦးတူးယူ (၆၂နှစ်) က ၎င်းအား ငှက်ကြီးတောင်ဓားဖြင့် လိုက်ခုတ်၍ နေအိမ်မှပြေးဆင်းလာခဲ့ပြီး နံနက် ၇ နာရီခွဲတွင် ရဲတပ်ဖွဲ့သို့ တိုင်ကြားရာ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဒေါ်မိပျိုအားသေဆုံးသည်အထိ ဒဏ်ရာရရှိစေခဲ့သူ ဦးတူးယူအား သားဖြစ်သူက တရားလိုပြုလုပ်ကာ ဘားအံမြို့မ ရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ရေလုပ်သားတစ်ဦး လုပ်ငန်းခွင်အတွင်းသေဆုံး

**ရေး အောက်တိုဘာ ၂၁**

အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ရေးမြို့နယ် အနောက်ဘက် ကပ္ပလီပင်လယ်ပြင် ဝါးကျွန်းအနောက်ဘက် ရေမိုင် ၅၀ခန့်အကွာ ပင်လယ်ပြင်တွင် လူတစ်ဦး ရုတ်တရက်သေဆုံးမှု ဖြစ်ပွားခဲ့ခြင်းကိုအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဘော်ကျားတန်း ရေးမြို့နယ်တွင် နေထိုင်သည့် ဒေါ်သဲသဲ၏ ငါးဖမ်းကျားဖောင်ပေါ်တွင် ရေလုပ်သားနေလင်းအောင် (၃၁ နှစ်)အဘော်ကျားတန်း ရေးမြို့နယ်နေသူ ရေလုပ်သားနေလင်းအောင်မှာ အခြားလုပ်ငန်းတူရေလုပ်သားများနှင့်အတူ ကျားဖောင်ပေါ်တွင် အလုပ်လုပ်ကိုင်နေစဉ် ရုတ်တရက်ဝမ်းဗိုက်အောင့်လာခြင်းကြောင့် ဆေးကုသရန် ကမ်းပေါ်သို့ ခေါ်ဆောင်ရန်ကြိုးပမ်းနေစဉ် သေဆုံးခဲ့ခြင်းကြောင့် အလောင်းအားပင်လယ်ပြင်မှ ရေးမြို့ဆေးရုံသို့ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

ရေးမြို့ရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မင်းဆွေကသေမှုသေခင်းအဖြစ် အသေးစိတ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ရေးမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ရေး အောက်တိုဘာ ၂၁**

ရေးမြို့မူးယစ်တပ်ဖွဲ့စု(၃၉)မှ ဒုရဲမှူးသန်းဇော်နှင့်အဖွဲ့သည် ကိုးမိုင်ကျေးရွာနယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးရဲလင်းအောင်ဦးစီးသော တပ်ဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် ရေးမြို့ ကိုးမိုင်ကျေးရွာအုပ်စု မန်အောင်ကျေးရွာနေ ဦးလှိုင် (၅၈ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသည့် ပန်းရောင်ဆေးပြား ၃၀ ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆင်းဖော်ထုတ်ချက်အရ ကိုးမိုင်ကျေးရွာနေ ဒေါ်လှအေးနေအိမ်သို့လည်း ဆက်လက်ရှာဖွေရာ ဒေါ်လှအေးမှာနေအိမ်တွင်မရှိဘဲ ထွက်ပြေးတိမ်းရှောင်နေ၍ ဖမ်းဆီးရမိခဲ့ခြင်းမရှိခဲ့သော်လည်း မူးယစ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူဦးလှိုင်နှင့် ဒေါ်လှအေးတို့အား အရေးယူပေးရန် မူးယစ်တပ်ဖွဲ့စု(၃၉)မှ ဒုရဲမှူးသန်းဇော်က တရားလိုပြုလုပ်တိုင်တန်းချက်များအရ သိရသည်။

**ကိုထွဋ်**

# လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး နိုင်ငံကြီးသားပီသစွာ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါစို့

**သတင်းဆောင်းပါး- ဖိုးချို**

မိမိတို့မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကြီးကို မကြာမီကာလဖြစ်သည့် ၈-၁၁-၂၀၁၅ ရက်တွင် နိုင်ငံတစ်ဝန်းလုံး၌ တစ်ပြိုင်နက်ကျင်းပပြုလုပ်တော့မှာဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘက်ပေါင်းစုံကဏ္ဍများစွာဖြင့် ဆောင်ရွက်လျက်ရှိသည့်အထဲမှ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူတဲ့ လုံခြုံရေးကဏ္ဍဟာ အဓိကတာဝန်တစ်ရပ်ဖြစ်လာပါတယ်။ လုံခြုံရေးကို အဓိကတာဝန်ယူရတဲ့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရွေးကောက်ပွဲလုံခြုံရေးကို အပြည့်အဝ တာဝန်ယူဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ လက်ရှိတပ်ဖွဲ့ဝင်အင်အားများအပြင် အထူးရဲ(Special police)များ ခန့်ထားပြီး ဆောင်ရွက်သွားမယ်လို့လည်း ကြားသိရပါတယ်။ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကြီးအား နိုင်ငံတစ်ဝန်းတွင် မဲရုံပေါင်း လေးသောင်းကျော်ကို ဖွင့်လှစ်ထားမှာဖြစ်ပြီး မဲရုံအရေအတွက်အလိုက် မဲရုံတစ်ရုံကို အထူးရဲတစ်ဦးစီဖြင့် လျာထားဆောင်ရွက်မည်ဖြစ်ရာ အထူးရဲ လေးသောင်းကျော် ခန့်ထားမှာဖြစ်ကြောင်းကိုလည်း နီးစပ်ရာအသိုင်းအဝိုင်းက သိရပါတယ်။

လေ့လာကြည့်တဲ့အခါမှာ ရွေးကောက်ပွဲကာလအတွင်း လိုအပ်သောလုံခြုံရေးကို ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ အထူးရဲတပ်ဖွဲ့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ကြောင်းနဲ့ အထူးရဲများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၂၇၊ ၂၈၊ ၂၉ နှင့် ၃၀ တို့နဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲလက်စွဲ(ဒုတိယတွဲ)အပိုဒ် ၁၀၅၈ တွင် ဖော်ပြပြဋ္ဌာန်းထားတဲ့အတိုင်း ခန့်ထားဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။

အထူးရဲခန့်အပ်သည့်အခါ အရည်အချင်းသတ်မှတ်ချက်တွေကတော့ အသက်အရွယ်အားဖြင့် ၁၈ နှစ်ပြည့်ပြီး ၆၀ နှစ်ထက်မကြီးသူ၊ နေရာဒေသအလိုက် တာဝန်ထမ်းဆောင်နိုင်သူ၊ သတ်မှတ်ပညာအရည်အချင်းရှိသူ၊ ဒေသခံဖြစ်သူ၊ ဘာသာစကားကျွမ်းကျင်သူ၊ ဒေသ၏ယုံကြည်မှုရှိသူ၊ ဓလေ့ထုံးစံများကို နားလည်သူနဲ့ ပါတီနိုင်ငံရေးကင်းရှင်းသူ စတဲ့အချက်များကို အခြေခံရွေးချယ်ရမယ်လို့ သိရပါတယ်။ ဒါပေမယ့်လည်း ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမရှိစေဘဲ ဘက်လိုက်မှု ကင်းရှင်းတဲ့သူဖြစ်ပြီး ပါတီနိုင်ငံရေး ကင်းရှင်းတဲ့သူတွေဖြစ်ဖို့က ပိုပြီးအဓိကကျပါတယ်။ အထူးရဲသင်တန်းများကို စနစ်တကျ သင်ကြားဆောင်ရွက်ပေးထားကြောင်း၊ ခန့်အပ်ရာတွင်လည်း တာဝန်ပေး ခန့်အပ်သည့်နေ့မှစ၍ လစာပေးမည်ဖြစ်ကြောင်း၊ အထူးရဲ တပ်ဖွဲ့ဝင်များအနေဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုပြစ်ဒဏ်များကိုလည်း သိရှိထားရန် လေ့ကျင့်သင်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်းဆိုပြီး တိုင်းရဲတပ်ဖွဲ့မှူးကြီး ပြောပြလို့ အသေးစိတ် သိခဲ့ရပါတယ်။

တစ်ဆက်တည်းပြောပြတာကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ရွေးကောက်ပွဲကိုလွတ်လပ်၍ တရားမျှတရုံသာမက တည်ငြိမ်အေးချမ်းစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် Secure añd Tair Electioñ (SATE)ဟူသောဆောင်ပုဒ်နဲ့အညီဖြစ်စေဖို့ ရွေးကောက်ပွဲကို မြို့တိုင်းမှာရှိတဲ့ မဲရုံတိုင်းမှာ ပြုလုပ်နိုင်ဖို့အတွက် ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေကို သင်တန်းများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးများ ဆောင်ရွက်ပေးခဲ့ပြီး ပြည်ပနိုင်ငံများသို့ပင် စေလွှတ်လေ့လာစေခဲ့တယ်လို့ သိခဲ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံစသည့် ပြည်ပနိုင်ငံများအထိ ကျယ်ကျယ်ပြန့်ပြန့်စေလွှတ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်နေတဲ့ USIP၊ UNODC တို့ကဲ့သို့ အဖွဲ့အစည်းအမျိုးမျိုးတို့နဲ့ နိုင်ငံတကာအတွေ့အကြုံတွေရအောင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီဖြစ်အောင် ဆောင်ရွက်နေကြောင်းနဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်ပြီး လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီများကို ဗဟိုကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအထိ ကော်မတီများကိုဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရွေးကောက်ပွဲလုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သာမက နိုင်ငံအစွန်အဖျားဒေသများ၊ လုံခြုံရေးအရ သောင်းကျန်းသူများ လှုပ်ရှားမှုရှိသောဒေသများမှာ တပ်မတော်ကလည်း လုံခြုံရေးကိုဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း သိခဲ့ရပါတယ်။

အပြောနဲ့ လုပ်ထားတာတွေကလည်း ထောင့်စေ့နေတယ်လို့ ဆိုရမှာပါ။ သို့ပေမယ့်လည်း သတိချပ်စေချင်တာက ခုပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးဟာ မိမိတို့နိုင်ငံအတွက် အသက်တမျှ အရေးကြီးသည်ဟုဆိုလျှင် မမှားနိုင်ပါ။ ဒီရွေးကောက်ပွဲကြီးကို ပြည်တွင်းမှာရှိတဲ့ စောင့်ကြည့်ရေးအဖွဲ့များရှိသလို နိုင်ငံတကာက စောင့်ကြည့်ရေးအဖွဲ့များလည်း ရောက်ရှိနေတာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွင် လုံခြုံရေးသည် အဓိကဖြစ်တာကြောင့် လုံခြုံရေးကို အဓိက တာဝန်ယူရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးရဲများအနေနဲ့ ကျင်းပတဲ့ရွေးကောက်ပွဲဟာ စစ်မှန်ပြီး လွတ်လပ်၍ တရားမျှတရန် အရေးကြီးပါတယ်။ နိုင်ငံရေးရှုထောင့်ကလည်း လွတ်လပ်ပြီး တရားမျှတရန် လိုသလို လုံခြုံရေးရှုထောင့်ကလည်း လွတ်လပ်ပြီးတရားမျှတစေရန်တာဝန်ယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိမှ ရွေးကောက်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်မှာဖြစ်လို့ တည်ငြိမ်အေးချမ်းဖို့အတွက်ဆိုရင် လုံခြုံရေးက အဓိကကျပါတယ်။ လုံခြုံမှုရှိဖို့အတွက် တရားဥပဒေစိုးမိုးမှုရှိရမှာဖြစ်လို့ ယခင်ကြုံဖူးခဲ့သော ရွေးကောက်ပွဲတွေတုန်းကလို အချို့သော မဲရုံတွေမှာ ဗိုလ်ကျစိုးမိုးတာတွေခံရပြီး မလိုလားအပ်သော မဲရလဒ်များ ထွက်ပေါ်လာခဲ့တာတွေ မဖြစ်ရအောင် ဘက်ပေါင်းစုံက စဉ်းစားထားဖို့လိုပါတယ်။ အရင်ရွေးကောက်ပွဲများ၏ အားနည်းချက်များကို သုံးသပ်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ လွတ်လပ်ပြီးတရားမျှတရန်နှင့် အေးအေးချမ်းချမ်း အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်အောင်မြင်ရမည်ဆိုတာ အပြောနဲ့လုပ်လို့မရပါဘူး။ ဖြစ်နိုင်ဖွယ်ရှိတဲ့ အခြေအနေတွေကို ကြိုတင်မျှော်တွေးထားရမှာပါ။ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့လည်း ညှိနှိုင်းပြီး ပြင်ဆင်ထားကြရမှာပါ။

၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်တွင်းစောင့်ကြည့်ရေးအဖွဲ့တွေနဲ့ နိုင်ငံတကာမှ စောင့်ကြည့်ရေးအဖွဲ့တွေက ရွေးကောက်ပွဲအပေါ် စောင့်ကြည့်ဝေဖန် သွားမှာဖြစ်တော့ တာဝန်ရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ကင်းသုံးကင်းနဲ့ ပြည့်စုံအောင် လုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒါကတော့ ပါတီနိုင်ငံရေး 'ကင်း'ရှင်းဖို့လိုပါတယ် (အမျိုးသားနိုင်ငံရေးဆိုတာတော့ ရှိရမှာပေါ့လေ)။ နောက်တစ်ခုက ဘက်လိုက်မှု'ကင်း' ဖို့လိုပါတယ်။(ငါ့ဆရာမို့၊ ငါ့အမျိုးမို့၊ ငါ့အသိမို့ဆိုတာမျိုး လုံးဝဘက်လိုက်လို့မရပါဘူး)။ နောက်ဆုံးအနေနဲ့ သံသယ 'ကင်း'အောင် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ပွင့်လင်းမြင်သာမှုပေါ့။ ဒါဟာသမိုင်းပါပဲ။ ဒီမဲရုံမှာ တာဝန်ခံတဲ့လူ၊ မဲရုံမှူးကနေ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအထိ မှတ်ကျောက်တင်ခံနိုင်တဲ့အထိ ကင်းရှင်းကြဖို့လိုပါတယ်။ ဒီလို 'ကင်း' သုံးကင်းနဲ့ ဥပဒေနှင့်အညီ လုပ်မယ်ဆိုရင် နိုင်ငံခြားသားမကလို့ အိုဘားမားလာရင်တောင် ဂရုစိုက်စရာမလိုပါဘူး။ တချို့စောင့်ကြည့်ရေးအဖွဲ့တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဘာအဖွဲ့၊ ညာအဖွဲ့ဆိုတဲ့သူတွေက ပြဿနာမဖြစ်မီကပင် ဥပဒေနှင့်အညီဆောင်ရွက်သင့်ကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောလေ့ပြောထမရှိကြဘဲ၊ တည့်မတ်ပေးမှုမရှိဘဲ ပြဿနာဖြစ်လို့ ဥပဒေနှင့်အညီ အရေးယူလိုက်တော့မှဘဲ လူ့အခွင့်အရေး ဆုံးရှုံးလျက်ရှိတယ်။ နိုင်ငံတကာ စံနှုန်းနဲ့မညီဘူး၊ အင်အားသုံးတယ်။ အကြမ်းဖက်တယ်။ မတရားဘူး။ ဘာညာနဲ့ တာဝန်ရှိတဲ့သူတွေကို ဝေဖန်တတ်ကြပါတယ်။ ပုတ်ခတ်ပြောကြားမှုတွေ ရှိတတ်ကြတယ်ဆိုတာ ယခင်တုန်းက ဖြစ်ခဲ့တဲ့ ပြဿနာတွေ တော်တော်များများမှာ တွေ့ခဲ့ရပြီးဖြစ်မှာပါ။ ဒါကြောင့် တချို့ကိစ္စတွေ ကြိုတင်အသိပေး ထုတ်ပြန်ထားဖို့လိုနိုင်ပါတယ်။

ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး လုံခြုံရေးဟာ အဓိကအခန်းကဏ္ဍက ပါဝင်တာကြောင့် ဗဟိုကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း သက်ဆိုင်ရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများကို တာဝန်ပေးကာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ လုံခြုံရေးဆိုင်ရာကော်မတီတွေဖွဲ့စည်းဆောင်ရွက်နေတာ ကောင်းပါတယ်။ ရွေးကောက်ပွဲ လုံခြုံရေးအတွက်ခန့်အပ်ထားတဲ့ ကော်မတီအသီးသီးနဲ့ အထူးရဲများအနေနဲ့ ရွေးကောက်ပွဲလုံခြုံရေး၊ မဲရုံလုံခြုံရေး တို့ တာဝန်ယူဆောင်ရွက်တဲ့နေရာမှာ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြဖို့လိုကြောင်း ထပ်မံတိုက်တွန်းပြောကြားလိုပါတယ်။

မဲရုံကို ဝေဖန်စောင့်ကြည့်တဲ့သူတွေ၊ အပြိုင်အဆိုင် အမတ်လောင်းတွေ၊ ပါတီတွေဟာ တစ်ဦးနဲ့တစ်ဦး အားနည်းချက်တွေ ထောက်ပြဝေဖန်ကြမှာပါ။ ဒါ့အပြင် တာဝန်ရှိတဲ့ တပ်ဖွဲ့ဝင်တွေကိုလည်း အပြစ်ရှာပြောကြမှာပါ။ တစ်နည်းပြောရရင် ကျီးတွေဝိုင်းအာသလိုမျိုးပေါ့လေ၊ သူခိုးက လူလိုဟစ်တာမျိုးတွေလည်း ကြုံရဦးမှာပါပဲ။ တချို့ကျတော့ သူ့စည်းကိုယ့်စည်းမထားတော့ဘဲ ဝင်ရောက် စွက်ဖက်တာ၊ အာဏာပါဝါပြတာ ဒါမျိုးလည်း ကြုံရဦးမှာပါပဲ။ ဘယ်လိုပဲကြုံကြုံ ဥပဒေနှင့်အညီ လုပ်ကြဖို့၊ မှတ်တမ်းမှတ်ရာထားဖို့၊ ကန့်ကွက်သင့်တာ ကန့်ကွက်၊တားမြစ်သင့်တာ တားမြစ်ဖို့လိုပါတယ်။ ကြောက်ပြီးတွန့်ဆုတ်တွန့်ဆုတ်လုပ်နေလို့မရပါဘူး။ မဲရုံသို့လာတဲ့ စောင့်ကြည့်ရေးအဖွဲ့၊ ရွေးချယ်ခံကိုယ်စားလှယ်၊ ဆန္ဒမဲလာ ရောက်ပေးသူတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများကို မဲရုံသတ်မှတ်စည်းကမ်းနှင့်အညီ ဖြစ်စေရေး၊ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ မသမာမှုများမရှိစေရေးတို့ကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများ အချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့်တော့ အထူးရဲများသည် ရွေးကောက်ပွဲလုံခြုံရေးဆောင်ရွက်ရာတွင် လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တစ်ရက်တာ တာဝန်ယူရသည့်အချိန်ကာလအတွင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကြပြီး အောင်အောင် မြင်မြင် မှတ်ကျောက်တင်ကျန်ရစ်စေသည်အထိ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ဒီလိုပါပဲ ဆန္ဒမဲပေးကြတဲ့သူတွေ၊ စောင့်ကြည့်ကြမယ့် ပြည်တွင်း/ပြည်ပက အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေ၊ ရွေးချယ်ခံကိုယ်စားလှယ်တွေ၊ ပါတီတွေ စသဖြင့် လူတိုင်းလူတိုင်းဟာလည်း ဥပဒေနှင့်အညီ ဆောင်ရွက်တတ်တဲ့ နိုင်ငံကြီးသား ပီသကြဖို့လိုပါတယ်။ မူမမှန်တဲ့ နိုင်ငံရေးသမားတွေရဲ့ ဘက်တော်သား မဟုတ်ဘဲ စစ်မှန်တဲ့ နိုင်ငံ့ဘက်တော်သားများဖြစ်ကြဖို့လိုပါတယ်။ ဒါကြောင့်လည်း နိုင်ငံကြီးသားပီသစွာနဲ့ပဲ သူ့အပြစ် ကိုယ့်အပြစ် ပြောနေတာ၊ မြင်နေတာတွေ မလုပ်ကြဘဲ ဥပဒေနဲ့အညီ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ။ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်မှာ ဝင့်ထည်စွာပြသနိုင်အောင် စည်းကမ်းရှိကြပါ၊ နိုင်ငံကြီးသားပီသကြပါလို့ တိုက်တွန်းပြောကြားပါရစေ။


## လေလံကြော်ငြာ

မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနရှိ ထုခွဲအဆင့်ရောက် အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သည့် စားသုံးဆီ၊ အချိုရည်နှင့် ဆိုင်ကယ်အပိုပစ္စည်းများအား ၂၃-၁၀-၂၀၁၅ရက်၊ နံနက် ၉း၃၀နာရီတွင် မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြိတ်အကောက်ခွန်ရုံးသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၄၁၀၀၂၊ ၄၂၈၀၂ တို့သို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ညောင်အိုင်၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်တင်မိုးဇော်နှင့် ဆဋ္ဌမတန်းမှ မထားထားနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းရွှေ ၅/ကဘလ(နိုင်)၀၈၂၀၄၅ ဖြစ်ပါသည်။ **ဦးဆန်းရွှေ**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ကာဘိုး၊ အထက၊ နဝမတန်း(A)မှ မောင်ဝေဖြိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် ၅/ကဘလ(နိုင်) ၁၅၉၈၁၀ ဖြစ်ပါသည်။

**ဦးမျိုးခိုင်**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ကာဘိုး၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မဝင်းစန္ဒာထွန်းနှင့် အထက-ခွဲ(မြေမွန်)၊ အဋ္ဌမတန်းမှ မောင်ကျော်ဇေယျာထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးတုပ် ၅/ကဘလ(နိုင်)၀၇၆၅၉၇ ဖြစ်ပါသည်။

**ဦးဖိုးတုပ်**

## ပျောက်ဆုံးကြောင်း

ခင်စန္ဒာအေး (ဘ) ဦးရောက်ရှင်း ၁၃/ကတန(နိုင်)၂၂၉၈၁၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၉၃၂၃၄၃၀**

**ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၁၃၀-၁၃၂)မြေကွက်ပေါ်ရှိ လေးခန်းတွဲ (၈)ထပ်အဆောက်အအုံ၏ မြေညီထပ်၊ အခန်းအမှတ် ၀၀၄၊ အလျား ၁၂ ၃/၂× အနံပေ ၆၀ အကျယ်ရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

## အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သိန်းကြည် ၁၂/ပဇတ(နိုင်)၀၁၂၀၉၇ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**အမှတ်-၅၆၁၊ (M.A.C Tower) အခန်း-၃၀၂၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**




# ရန်ကုန်မြို့အလုံအိတ်ချိန်းနယ်မြေအတွင်းအော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား အလုံ (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ NEAX-61 Container အိတ်ချိန်း၏ (၂၁၄×××, ၂၁၅×××, ၂၁၆×××, ၂၁၇×××)စသော နံပါတ်များအား အလုံ ZXSS10SS1B SoftSwitch အိတ်ချိန်း၏ (၂၃၁-၄×××, ၂၃၁-၅×××, ၂၃၁-၆×××, ၂၃၁-၇×××)စသော တယ်လီဖုန်းနံပါတ်များဖြင့် (၁၄-၁၁-၂၀၁၅) ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

အဆိုပါ အလုံအိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ရန်ကုန်မြို့ဟံသာဝတီ S-12 အိတ်ချိန်း၊ ကြည့်မြင်တိုင် RSU နယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ ဟံသာဝတီ S-12 အိတ်ချိန်း၏ ကြည့်မြင်တိုင် RSU မှ (၅၀××××, ၅၁××××, ၅၂××××, ၅၃××××)စသော တယ်လီဖုန်းနံပါတ်များအား မရမ်းကုန်း Soft-X3000 (SoftSwitch) အိတ်ချိန်း၏ (၉၃၁-၇×××)နှင့် စသည့် တယ်လီဖုန်းနံပါတ်များဖြင့် (၂၀-၁၁-၂၀၁၅)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ ဟံသာဝတီ(S-12) အိတ်ချိန်း၊ ကြည့်မြင်တိုင် RSU နယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက် လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက် ခဲ့သူများ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

**ရှမ်းပြည်နယ်ရှေ့နေများအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ၁၅-၁၀-၂၀၁၅ ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်း များ၏ ရှေ့မှောက်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင် ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့ များသည်လည်း ဆက်လက်သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်း ရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာပြည်ကြီး ငြိမ်းချမ်းသာယာရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆို အပ်ပါသည်။

ကျန်ရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း များမကြာမီ သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့် ပါသည်။

AV Care

Aged and Victim Care Organization

**သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများ စောင့်ရှောက်ရေးအသင်း**

## မြိတ်မြို့နယ်အသင်း (ရန်ကုန်)

### (၆၂) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ

* ကျင်းပမည့်နေရာ - **ယုဇနဂါးဒင်းဟိုတယ်၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်**
* ကျင်းပမည့်နေ့ရက် - **၁-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)**
* ကျင်းပမည့်အချိန် - **နံနက် ( ၉ ) နာရီ**

အသက် (၇၀) နှစ်နှင့်အထက်မြိတ်အသင်းဝင်များနှင့်မြိတ်သူမြိတ်သားအဘိုး အဘွားများသည် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ အထောက်အထားနှင့်အတူ မြိတ်အသင်းရုံး၊ အမှတ် (၆၈)၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် (ဖုန်း-၂၂၄၃၄၀) သို့ **၂၇-၁၀-၂၀၁၅ (အင်္ဂါနေ့) ညနေ (၄) နာရီ** နောက်ဆုံးထား၍ အမည် စာရင်းပေးသွင်းပြီး ကန်တော့ခံ ကြွရောက်နိုင်ပါရန်နှင့် မြိတ်အသင်းဝင်များနှင့် မြိတ်သူမြိတ်သားများသည် အထက်ပါအစီအစဉ်အတိုင်း စုံစုံညီညီကြွရောက်ကန်တော့ နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ) အမှုဆောင်အဖွဲ့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3C-2557 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ လားရှိုးတက္ကသိုလ်၊ ပထဝီဝင် မေဂျာ နောက်ဆုံးနှစ်မှ မအားရှန်၏ ဖခင်အမည်မှန်မှာ ဦးကျောက်တဲ့ချုန်(ခ) ဦးလီတယ်ချုန် ၁၃/သပန(နိုင်)၀၃၀၀၁၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင် တန်း(င)မှ မဆိုင်နူး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအိုက်ဂျီ ၁၃/ နမတ(နိုင်)၀၀၃၅၇၅ ဖြစ်ပါသည်။

### ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၆၈**

ဒေါ်ခင်စန်းဦး **နှင့်** ဒေါ်နီနီစန်း ပါ-၂
**တရားလို** **တရားပြိုင်များ**

ဦးသိန်းအောင် အကွက်(၉၀၂)၊ သီတာအေးရပ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခင်နေရပ်လိပ်စာ)(ယခုနေရပ်လိပ်စာမသိ) နေ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်စန်းဦးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စား လှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့် မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှု လိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

### ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ ''ဇလျာဇာ''ကိုယ်ပိုင် အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (B)မှ မသဇင်အေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရန်ဦး ဖြစ်ပါ သည်။

**ဦးရန်ဦး**

### အမည်မှန်

လားရှိုးမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင် တန်း(A)မှ မောင်မျိုးမင်းထွေး၏ မိခင် အမည်မှန်မှာ ဒေါ်ခင်ခင်ကြည် ၁/မကန (နိုင်)၀၆၀၉၄၃ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ခင်ကြည်**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံးတော်၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂၉ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆၉**

ဦးထွန်းထွန်းလတ် **နှင့်** ၁။ ဦးထွေးမောင်
၂။ ဦးဟုတ်ဟင်း
**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ(၁)လမ်း၊ အမှတ် ၆၈၉ နေ ဦးဟုတ်ဟင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၂၉ တွင်ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည် ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင် ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၃ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဝေါမြို့နယ်တရားမရုံးတော်၌**
**ဝေါမြို့နယ်တရားရုံး၏ ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၉**

မစိမ်းလဲ့လဲ့စိုး (၎င်း၏အခွင့်ရကိုယ်စားလှယ်- ဦးစိုးလွင်) **နှင့်** ၁။ မောင်ဇော်(ခ)အောင်ဇော်လင်း
၂။ ဦးသံလုံး (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်စိုး)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ်(၁)တရားရှုံး မောင်ဇော်(ခ)အောင်ဇော်လင်း (ယခင်နေရပ်လိပ်စာ-ပဲခူးတိုင်း ဒေသကြီး၊ ဝေါမြို့နယ်၊ ကျုံရဲ့ကျေးရွာ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဝေါမြို့နယ်တရားရုံး၏ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၃၄ တွင် ကျရှိသည့် ဒီကရီ ကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် မစိမ်းလဲ့လဲ့စိုးက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၆ ရက် (၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(ကြည်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဝေါမြို့နယ်တရားရုံး**

rain

Rain Travel & Tours

Good Quality Budget tours manage by Gandawun Shwe Bangan Travels

| | | |
|---|---|---|
| ဘန်ကောက် | (၅) ရက် | USD 470 |
| စင်ကာပူ | (၄) ရက် | USD 750 |
| မလေးရှား | (၄) ရက် | USD 650 |
| ဟောင်ကောင်၊ မကာအို | (၅) ရက် | USD 1150 |
| ပီကင်း၊ ရှန်ဟိုင်း | (၆) ရက် | USD 1200 |

ကျောက်မျက်ဆိုင်၊ တိုင်းရင်းဆေးဆိုင် လည်ပတ်ခြင်း မပါဝင်ပါ။

အမှတ် ၆၉၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။ ရန်ကုန်မြို့။ Ph: 01-510218, 09-252281456

အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph: 09- 3169 3339, 09- 730 13856

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တိုင်းဒေသကြီးအစိုးရအဖွဲ့
## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## ကြော်ငြာစာအမှတ်(၄/၂၀၁၅)
## ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ရက်
## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြော်ငြာစာအမှတ်(၂/၂၀၁၅)ဖြင့် လျှောက်လွှာခေါ်ယူခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ လက်ထောက်ဆရာ ဝန်ရာထူး(၈၈)နေရာအတွက် လူတွေ့စစ်ဆေးခံယူသူများအနက် ရွေးချယ်ခံရသူ(၈၈) ဦး၏ ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စစ်ကိုင်း ၅၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၃၊ ၂၆၊ ၂၇၊ ၂၈၊ ၃၃၊ ၃၅၊ ၃၇၊ ၃၈၊ ၄၄၊ ၄၅၊ ၄၆၊ ၅၃၊ ၅၉၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၅၊ ၇၇၊ ၇၉၊ ၈၉၊ ၉၁၊ ၉၅၊ ၉၇၊ ၉၉၊ ၁၀၂၊ ၁၀၃၊ ၁၀၅၊ ၁၁၅၊ ၁၁၇၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၂၄၊ ၁၂၅၊ ၁၂၇၊ ၁၄၂၊ ၁၄၇၊ ၁၅၁၊ ၁၅၅၊ ၁၅၉၊ ၁၆၁၊ ၁၇၁၊ ၁၇၃၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၃၊ ၁၈၆၊ ၁၈၇၊ ၁၉၀၊ ၁၉၁၊ ၁၉၅၊ ၁၉၇၊ ၁၉၉၊ ၂၀၀၊ ၂၀၂၊ ၂၀၃၊ ၂၀၅၊ ၂၁၀၊ ၂၁၂၊ ၂၁၅၊ ၂၁၆၊ ၂၂၀၊ ၂၂၁၊ ၂၂၆၊ ၂၄၂၊ ၂၅၂၊ ၂၅၄၊ ၂၅၆။

၂။ ရွေးချယ်ခြင်းခံရသူများသည် ပြင်ပပုဂ္ဂိုလ်များဖြစ်ကြသဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ၁၇-၁၁-၂၀၁၅ရက်မှ ၁၈-၂-၂၀၁၆ရက်အထိ ဖွင့်လှစ်မည့် အရာထမ်းလောင်းအခြေခံ သင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက်အောင်မြင်ပြီးမှသာ လက်ထောက်ဆရာဝန်ရာထူးတွင် ခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ၁၄-၁၁-၂၀၁၅ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ကလေးမြို့၊ ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကလေးမြို့ ခုတင် (၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)

**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၇-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ် အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့**
**ဖုန်း-၀၇၃-၂၁၆၃၆၊ ၂၁၆၃၇**

## စျေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-

၂။ **ရောင်းချမည့်ပစ္စည်းများ** - ချည်မျှင်များ၊ ပိတ်ကြမ်းများ၊ အဖြူချွတ်ဆေးဆိုးပန်းရိုက်ပိတ်များ၊ ကျား-မဝတ်ချုပ်ထည်များ၊ သက်န်းဒွိစုံအမျိုးမျိုး အသင့်ချုပ်ပြီး နိုင်ငံတော်အလံအရွယ်အစားအမျိုးမျိုးနှင့် အခြားချုပ်ထည်များ

၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)

၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်** - နံနက် ၁၀နာရီ

၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၆၇-၄၀၈၃၆၂၊ ၀၁-၅၅၈၃၃၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနနှင့် Mobile Team(2) တို့မှ တားဆီးထားရှိပြီး လေလံအဆင့်ရောက်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင် လေလံဆွဲဝယ်ယူရန် အသိပေး ကြေညာအပ်ပါသည်-

(က) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊မီး ဖိုချောင်သုံးပစ္စည်းများနှင့် မော်တော်ယာဉ် သုံးအပိုပစ္စည်းများ။

(ခ) **နေ့ရက်၊ အချိန်** - ၂၉-၁၀-၂၀၁၅ ရက် နံနက် ၁၀ နာရီ

(ဂ) **နေရာ** - အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း(ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ

(ဃ) **လေလံပုံစံရောင်းချခြင်း** - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင် ၅၀၀၀ိ/(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၂၃-၁၀-၂၀၁၅၊ ၂၆-၁၀-၂၀၁၅ နှင့် ၂၇-၁၀-၂၀၁၅ ရက်တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများ၊ လေလံအတွဲစာရင်းနှင့် လေလံစည်း ကမ်းချက်ဝယ်ယူလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း(ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ ဖုန်း-၀၁-၂၂၆၂၈၈ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## ရွှေကူမြို့နယ်တရားရုံးတော်
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁

၁။ ဦးအောင်မြင့် နှင့် ဦးကစ္စနားလားလ်
၂။ ဒေါ်နှင်းနွယ်ဦး

**တရားလို** **တရားပြိုင်**

ရွှေကူမြို့၊ ရွှေဂုံကုန်းရပ်နေ ဦးကစ္စနားလားလ် ၁/ရကန(နိုင်)၀၄၄၂၆၆ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုတို့က အိမ်နှင့်မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးပြီး လက်ရောက်ပေးအပ်စေရန် (သို့မဟုတ်) ရောင်းကြေးငွေကျပ် ၉၁၀၀၀၀၀ အား ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်) မွန်းမတည့် ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုတို့ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးနိုင်)**
**မြို့နယ်တရားသူကြီး**
**ရွှေကူမြို့နယ်တရားရုံး**

**အမည်ပြောင်း**

ဟင်္သာတမြို့၊ အလက(၁)သတ္တမတန်း(က)မှ နန်းလောင်ဖောင်လျှန်းအား နန်းရွှေရည်ဝင်းလဲ့ဟု ပြောင်းလဲခေါ်ပါရန်။

**နန်းရွှေရည်ဝင်းလဲ့**

**အမည်ပြောင်း**

ဟင်္သာတမြို့၊ အလက(၁) သတ္တမတန်း(က)မှ နန်းလောင်ဖောင်လျှန်း၏ မိဘအမည်မှာ ဦးစိုင်းကျော်ဝင်း-နန်းမိုးမိုးဌေးမှ ဦးဌေးအောင်-ဒေါ်ခမ်းမလီ အမည်သို့ ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးဌေးအောင်-ဒေါ်ခမ်းမလီ**

7 Days Only Store Wide

99 EXPORT FASHION

20% off

From 23.10.2015 to 29.10.2015

99 (I) -No.14/15, Bar Gayar Road, Sanchaung Township, Yangon. PH -09-731164499, 09-73174499

99 (II) -No. G-27, Pearl Condo, Kabar Aye Pagoda Road, Yangon. Ph - 09-73014499

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၂၃၈၈ Dayang 125,M/Cယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သိန်း ၉/ခမစ(နိုင်)၀၂၇၁၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၂၃၅၃၆ Toyomax 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဖြိုး ၉/အမရ(နိုင်)၁၂၀၈၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၄၈၂၅ Spese 125 M/Cယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဦး ၉/မနမ(နိုင်)၀၆၉၈၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇၊ မြေကွက်အမှတ် ၉၉+၁၀၀ မြေကွက်တည်နေရာအမှတ် ၉၉+၁၀၀၊ သဇင်လမ်း၊ ၅ရပ်ကွက်၊ ရွှေပြည်သာ ဒေါ်သန်းနွဲ့ ၁၂/ကတတ(နိုင်)၀၀၂၇၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (B.V၊ 097/2002)ရရှိသူ ဦးလုန်ခဲ ၄/ထတလ(နိုင်) ၀၀၁၆၁၃ မှ ၂၀၀၅ ခုနှစ်က ဒေါ်သန်းနွဲ့ လျှောက်ထားခဲ့သော အရောင်းမြေပုံပျောက်ဆုံးသွားကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အရောင်းမြေပုံကူးထပ်မံ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂×၂၊ မြေကွက်အမှတ် V Class ၂၈၈၊ မြေကွက်တည်နေရာအမှတ် ၂၆၇၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ် ဦးညီညီအမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ဦးညီညီ ၁၂/မရက(နိုင်)၀၄၁၇၀၁ ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များအားတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆အီး၊ မြေကွက်အမှတ် ၁၀၇စီ/၁-က၊ မြေကွက်တည်နေရာအမှတ် ၆၈၊ အောင်မင်းခေါင်ဘုရားလမ်း၊ ၁၀ ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေပိုင်မြေ (မစိုက်ပျိုးမြေ)အမည်ပေါက် ဦးဝင်းနိုင် မြေအား ဦးဝင်းနိုင်ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းနွဲ့ ၁၂/ပဇတ(နိုင်)၀၂၅၉၀၆ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးကြောင်းလက်မှတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၅၈၄၊ မြေကွက်တည်နေရာအမှတ် ၅၈၄၊ ၅လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်မြစိန်) ၁၂/ဥကတ(နိုင်)၁၁၄၁၂၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်မြစိန်နှင့် (ခင်ပွန်း) ဦးဘထွန်းတို့ကွယ်လွန်သဖြင့် ဒေါ်နီနီ ၁၄/မအပ(နိုင်)၁၀၈၁၈၉၊ ဒေါ်ခင်သိန်း ၁၂/ဥကတ(နိုင်)၁၁၄၂၁၈တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၅)၊ မြေကွက်အမှတ် ၃၄၄/ခ၊ မြေကွက်တည်နေရာ (၃၄၄/ခ)၊ ဧည့ဝတီလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးစည်သူလွင် အမည်ပေါက်ပါမစ်မြေအား ဦးစည်သူလွင် ၁၂/လမန(နိုင်) ၁၂၃၁၂၂ ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာများတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၁၆၃/က)၊ မြေကွက်တည်နေရာအမှတ်(၁၆၃/က)၊ ရာဇသင်္ကြန်လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်မြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မြင့် ကွယ်လွန်သဖြင့် ဒေါ်တင်ကြည် ၁၂/ဥကတ(နိုင်)၀၁၂၉၁၆ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ သေစာရင်းတင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၈၅၅ (၂၂-၈-၂၀၁၄)ဖြင့် ရရှိသူ ဦးတေဇာဖြိုးဌေး ၁၂/ဥကတ(နိုင်)၁၇၁၀၁၃ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဧရာဝတီမြစ်ကူးတံတား(ထီးချိုင့်) ဖွင့်လှစ်တော့မည်



**နေပြည်တော် အောက်တိုဘာ ၂၁**

ကျေးလက်ဒေသနှင့် မြို့ပြ အလှမ်းဝေးကွာမှုမရှိစေဘဲ လွယ်လင့်တကူသွားလာနိုင်ရေးသည် ပြည်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် အထောက်အကူတစ်ခုဖြစ်သည်။

ပြည်သူများ နေရာဒေသအနှံ့ အခက်အခဲမရှိသွားလာနိုင်ရေးသည် ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသည့် လမ်း/တံတားများကောင်းမွန်နေမှသာ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ဧရာဝတီမြစ်ပေါ်၌ တည်ဆောက်ခဲ့သည့် ၁၅ စင်းမြောက် တံတားအဖြစ် ကသာခရိုင် ထီးချိုင့်မြို့နယ်နှင့် မြတောင်ဒေသတို့ကို ဆယ်သွယ်ပေးမည့် ဧရာဝတီမြစ်ကူးတံတား(ထီးချိုင့်)ကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# MNL ရွှေ့ဆိုင်းပွဲ၌ ဇေယျာရွှေမြေနှင့် ရတနာပုံတို့ တစ်ဂိုးစီသရေဖြင့်ပြီးဆုံး

**သတင်း-ညီမြတ်သော်တာ**

**မုံရွာ အောက်တိုဘာ ၂၁**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)၏ ရွှေ့ဆိုင်းထားသည့် ဇေယျာရွှေမြေအသင်းနှင့်ရတနာပုံအသင်းတို့ပွဲကို ယနေ့ညနေပိုင်းက မုံရွာကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျသွားသည်။

နိုင်ပွဲပျောက်ဆုံးနေသည့် အသင်းနှစ်သင်း၏ ပြန်ကန်ပွဲမှာ အရှုံးအနိုင်မပေါ်ဘဲ သရေရလဒ်ဖြင့်သာပြီးသွားခဲ့သည်။ ဇေယျာရွှေမြေအသင်းသည် အိမ်ကွင်းသုံးပွဲ ဆက်တိုက်ကစားခဲ့ရသော်လည်း သရေရလဒ်များဖြင့်သာ ကျေနပ်ခဲ့ရပြီး လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သောကြောင့် တန်းဆင်းဇုန်အန္တရာယ်ရှိနေဆဲဖြစ်သည်။ ဇေယျာရွှေမြေအသင်းသည် ရမှတ် ၂၁မှတ်ဖြင့် တန်းဆင်းဇုန်အန္တရာယ်ရှိနေဆဲဖြစ်ပြီး လက်ကျန်နှစ်ပွဲတွင် ရုန်းကန်ရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာလည်း နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ဒုတိယနေရာရရှိရန် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။

ရတနာပုံအသင်းနည်းပြချုပ်ရီနေးသည် ၄င်း၏ထုံးစံအတိုင်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့သော်လည်း အမာခံကစားသမားအများစုပါဝင်လာခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာလည်းအမှတ်လိုနေသောကြောင့် လူစုံအသုံးပြုပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံအသင်းက

*စာမျက်နှာ ၁၀ ကော်လံ ၁* ●




အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်၏ ဂိုးသွင်းယူမှုကို ဘိုင်ယန်ဂိုးသမား နူအာ ကာကွယ်စဉ်။

# ချန်ပီယံလိဂ်အုပ်စုပွဲ အာဆင်နယ်တို့ အိမ်ကွင်း၌ ဘိုင်ယန်ကိုအနိုင်ယူ

**သီဟ**

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်များကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ပြန်လည်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (F) မှ အင်္ဂလန်ကလပ် အာဆင်နယ်နှင့် ဂျာမန်ကလပ်ဘိုင်ယန်မြူးနစ်တို့ အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အာဆင်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၅-၁ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ နည်းပြ အာစင်ဝင်းဂါးသည် တိုက်စစ်မှူး ဝဲလ်ဘက်ကို အထောင်ထားကာ ကွင်းလယ်၌ ဆန်းချက်ဇ်၊ အိုဇေး၊ ရမ်ဆေး၊ ကိုကွီလင်၊ ကာဇိုလာတို့ပါဝင်ပြီး နောက်တန်းတွင် နာချို၊ ကိုစီနီ၊ မာတီဆက်ကာ၊ ဘယ်လာရင်နှင့် ဂိုးနေရာတွင် ပီတာဆက်ချ်တို့

*စာမျက်နှာ ၆ ကော်လံ ၅* ✻




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း




မြန်မာ့အလင်း

# ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

အောက်တိုဘာ ၂၂၊ ၂၀၁၅ (ကြာသပတေးနေ့)


# ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၏ ထင်ရှားသောမှတ်တိုင်များ

## ဘဏ္ဍာရေးဝန်ကြီးဌာန

**နိုင်ငံတော် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှုပုံစံကို ပြောင်းလဲရေးဆွဲ**

၁-၄-၂၀၁၁ ရက်နေ့မတိုင်မီက နိုင်ငံတော်၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းကို နိုင်ငံတော် တစ်ခုလုံးအတွက် တစ်ခုသာရေးဆွဲခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၁ -၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် လိုအပ်သည်များ စီမံပြင်ဆင်ပြီး ဒုတိယခြောက်လမှစ၍ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုစီတွင် အရအသုံးခန့်မှန်းခြေငွေစာရင်း တစ်ခုစီဖြင့် ခွဲခြားရေးဆွဲ၍ ဆောင်ရွက်ခဲ့သည်။

နှစ်စဉ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဒုတိယသမ္မတ တစ်ဦးကစိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ကျန်ဒုတိယသမ္မတတစ်ဦးက စိစစ်ပြီး ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်ပေးပို့သည်။

နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးပါက နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်သည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် ဆွေးနွေးအတည်ပြုပြီးပါက တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက လက်မှတ်ရေးထိုး၍ ထုတ်ပြန်သည်။

ဘဏ္ဍာရေးကော်မရှင်သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ပြည်နယ်များအတွက် သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများ ခွင့်ပြုခြင်းတို့ကိုဆောင်ရွက်သည်။

**နိုင်ငံခြားငွေလဲလှယ်နှုန်းများကို ပြောင်းလဲခဲ့**

ငွေရေးကြေးရေးကဏ္ဍတွင် အရေးပါသော ပြောင်းလဲမှုတစ်ရပ်မှာ နိုင်ငံတော်တွင် ကျင့်သုံးနေသော နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည့်စနစ်ကို နိုင်ငံခြားငွေလဲလှယ်နှုန်းတစ်မျိုးတည်းသာရှိစေရန် ၂၀၁၂ ခု ဧပြီလ ၁ ရက်နေ့မှစတင်၍ ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေ လဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate) စနစ်သို့ ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်သည်။

**ပြည်တွင်းပြည်ပငွေပေးချေမှုများတွင် ငွေသားအစားထိုး အီလက်ထရောနစ်ကတ်စနစ် ကျင့်သုံး**

ငွေရေးကြေးရေးကဏ္ဍ၏ အခြားသော အရေးပါသည့် ပြုပြင်ပြောင်းလဲမှုမှာ ပြည်တွင်းတွင် ၂၄ - ၉ - ၂၀၁၂ ရက်နေ့မှစ၍ MPU (Myanmar Payment Union) ကတ်များကို အသုံးပြုပေးချေနိုင်ခြင်းနှင့် ဆက်လက်၍ ပြည်ပတွင်ပါ ပေးချေနိုင်သော နိုင်ငံတကာသုံးကတ်များဖြစ်သည့် ဗီဇာ၊ မာစတာ စသည့်ကတ်များကိုပါ သုံးစွဲနိုင်စေရန် ပြည်တွင်းဘဏ်များက ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စာမျက်နှာ (ခ) သို့**



ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)



## ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့

**မိမိတို့အစိုးရ တာဝန်ယူစဉ်ကတည်းက လုပ်ဆောင်စရာအများကြီးအနက်မှ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုရွေးချယ်ပြီး မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါတယ်။ သိသာမှုများ၊ မြင်သာထင်သာမှုများအနက် မြစိမ်းရောင်စီမံချက်၊ ကမ္ဘာ့ဘဏ်ရဲ့ CDD စီမံချက်တွေဖြစ်ပါတယ်။ ထို့အတူ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း တွေ့နိုင်ပါတယ်။**

(နိုင်ငံတော်သမ္မတ ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီ အစည်းအဝေးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# မြန်မာ့ပညာရေးအဆင့်အတန်းမြင့်မားရေး အခြေခံအုတ်မြစ်ကောင်းများ ချပေးနိုင်ခဲ့ပြီ



**ပညာရေးကောလိပ်တွင် ဆရာ ဆရာမလောင်းများ သိပ္ပံလက်တွေ့သင်ကြားနေစဉ်။** (ဓာတ်ပုံ-ပညာရေး)

## ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်း အရည်အသွေးရှိသော အခြေခံပညာကို သင်ယူခွင့်ရရှိကာ အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍမူဝါဒများ ချမှတ်နိုင်ရေးဆွေးနွေးပွဲကို နေပြည်တော်၌ နိုင်ငံတကာပညာရှင်များဖြင့် ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲ၏ရလဒ်မှာ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review - CESR)ဖြစ်သည်။

ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)ကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်သည့် အဖွဲ့ဖြင့် အဆင့်သုံးဆင့် ဆောင်ရွက်ခဲ့သည်။

ပထမအဆင့်တွင် အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ ဒုတိယအဆင့်တွင် အသေးစိတ်လေ့လာဆန်းစစ်ခြင်းနှင့် တတိယအဆင့်တွင် ပညာရေးကဏ္ဍစီမံကိန်းရေးဆွဲခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။

CESR ၏ အကြံပြုချက်များနှင့်အညီ ပညာရေးမူဝါဒများနှင့် ပညာရေးဥပဒေကို ပညာရှင်များကရေးဆွဲပြီး အများဆန္ဒသဘောထားရယူကာ အမျိုးသားပညာရေးဥပဒေကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။

**စာမျက်နှာ (ဂ) သို့**

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



ရှေ့ဖုံးမှ



၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**အငြိမ်းစားပင်စင်လစာထုတ်ယူရန်အတွက် e-pension စနစ် (Smart Card)**

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ယခင်ကအငြိမ်းစား လစာ(ပင်စင်) ထုတ်ယူရာတွင် ပင်စင်စာအုပ်ဖြင့် ထုတ်ပေးနေရာမှ ပိုမိုလွယ်ကူလျင်မြန်စေရန် ၂၀၁၂ ခုနှစ် ဩဂုတ် လမှစ၍ e-pension စနစ် (Smart Card) ဖြင့် ကျင့်သုံး ဆောင်ရွက်ခဲ့ရာ ၃၀-၉-၂၀၁၅ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲပေါင်း ၃၀၀ တွင် e-pension ကတ် ၅၄၄၄၈၀ ထုတ်ပေးပြီးဖြစ်သည်။

**ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု**

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Financial Management) ကိုလည်း ပြုပြင်ပြောင်းလဲနိုင်ရန် ၂၀၁၂ ခုနှစ်မှစ၍ စတင်လေ့လာဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်း၍ လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲ ရေးမဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များကိုရေးဆွဲ၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းချမှတ်လုပ်ဆောင်လျက်ရှိသည်။

စီမံကိန်းတွင် ပါဝင်သောနယ်ပယ်များမှာ ရငွေစုစည်းမှု၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ဘတ်ဂျက်အကောင်အထည်ဖော်ခြင်း၊ ဘတ်ဂျက်စိစစ်အတည်ပြုခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ဖြစ်သည်။ ကမ္ဘာ့ဘဏ်အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများက ကျန်စီမံကိန်းအတွက် နည်းပညာအကူအညီသာမက ဘဏ္ဍာရေးအကူအညီကိုပါပေးအပ်၍ ဆောင်ရွက်လျက်ရှိသည်။

**ပြည်ပကြွေးမြီရှင်းလင်းမှု**

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁-၄-၂၀၁၁ မှ ၃၁-၄-၂၀၁၅ ရက်နေ့အထိ ပြည်ပကြွေးမြီရှင်းလင်းမှုနှင့် ပြည်တွင်း ပြည်ပကြွေးမြီအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေတိုက်ဦးစီးဌာနကို ၁-၉-၂၀၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်၍ နိုင်ငံတော်၏ငွေကြေးနှင့် ကြွေးမြီစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

(ခ) နိုင်ငံတော်တွင်တင်ရှိသည့် ပြည်ပကြွေးမြီရှင်းလင်းရေး ဆောင်ရွက်ရာတွင် ADB ကြွေးမြီကို ၁၇-၁-၂၀၁၃ ရက်နေ့၌လည်းကောင်း၊ World Bank ကြွေးမြီကို ၂၅-၁-၂၀၁၃ ရက်နေ့၌လည်းကောင်း၊ Japan Bank for International Coorperation (JBIC) ထံမှ ပေါင်းကူးချေးငွေရယူ၍ ကြွေးမြီရှင်းလင်းခြင်းဆောင်ရွက်ခဲ့သည်။ ထို့အတူ ဂျပန်နိုင်ငံကြွေးမြီများကို ဂျပန်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဘဏ်သုံးခုထံမှ ပေါင်းကူးချေးငွေရယူကာ ကြွေးမြီရှင်းလင်းခြင်းကို ၃၀-၁-၂၀၁၃ ရက်နေ့၌လည်းကောင်း အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့သည်။

(ဂ) ဂျပန်နိုင်ငံအနေဖြင့် ယင်းသို့ပေးရန်ရှိသည့် ကြွေးမြီစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ကြွေးလျှော်ပေးပြီး ကျန် ၄၀ ရာခိုင်နှုန်းကို ကြွေးဟောင်းမှ ကြွေးသစ်ပုံစံပြောင်းလဲပေးခဲ့သည်။

(ဃ) ပဲရစ်ကလပ်အဖွဲ့ဝင်မြီရှင်နိုင်ငံ (ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ ဩစတြီးယား၊ ဒိန်းမတ်၊ ကနေဒါ၊ အီတလီ၊ ဖင်လန်၊ နော်ဝေ၊ အင်္ဂလန်နှင့် နယ်သာလန်နိုင်ငံ) များနှင့် ကြွေးမြီရှင်းလင်းရန် ၂၄-၁-၂၀၁၃ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပသော ပဲရစ်ကလပ်အဖွဲ့ဝင် မြီရှင်နိုင်ငံများနှင့် ကြွေးမြီညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အများသဘောတူညီချက် (Multilateral Agreement) အနေဖြင့် အောက်ပါအတိုင်း သဘောတူညီမှုရရှိခဲ့သည်-

(၁) စုစုပေါင်းကြွေးမြီပမာဏ (နောက်ကျကြွေးအပါအဝင်)၏ ၅၀ ရာခိုင်နှုန်းကို ကြွေးလျှော်ပေးခြင်း၊

(၂) ကျန် ၅၀ ရာခိုင်နှုန်းကို ဆိုင်းငံ့ကာလ ၇ နှစ်အပါအဝင် စုစုပေါင်း ၁၅ နှစ်ဖြင့် ပြန်လည်ပေးဆပ်ခြင်း၊

(၃) ကြွေးလျှော်ပေးသည့် ပမာဏ၏ ၄ ပုံ ၁ ပုံကို ချက်ချင်းလျှော်ပစ်ခြင်းနှင့် ကျန် လေးပုံသုံးပုံအား IMF နှင့် ပူးပေါင်းဆောင်ရွက်သည့် Staff Monitored Program (SMP) အစီအစဉ်အကောင်အထည်ဖော်မှုကို တစ်နှစ်စောင့်ကြည့်၍ IMF ၏ အတည်ပြုချက်ရရှိပါက ဆက်လက်ကြွေးလျှော်ပေးခြင်း၊

(င) အဆိုပါ သဘောတူညီချက်အား ပဲရစ်ကလပ်အဖွဲ့ဝင်မြီရှင် ၁၁ နိုင်ငံနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့အကြား ၂၅-၁-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

(စ) နှစ်နိုင်ငံသဘောတူညီချက် (Bilateral Agreement) အနေဖြင့် ဂျပန်နိုင်ငံမှ စုစုပေါင်းကြွေးမြီ၏ ၆၀ ရာခိုင်နှုန်း၊ နော်ဝေနိုင်ငံမှ ၎င်း၏ ရရန်ရှိသည့် စုစုပေါင်းကြွေးမြီပမာဏ၏ ၁၀၀ ရာခိုင်နှုန်း၊ ပဲရစ်ကလပ်အဖွဲ့ဝင် မြီရှင်နိုင်ငံများက ကြွေးမြီပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ကြွေးလျှော်ပေးခဲ့သည်။

(ဆ) ပဲရစ်ကလပ်အဖွဲ့ဝင် မြီရှင်နိုင်ငံများသို့ ပေးရန်ရှိကြွေးမြီ စုစုပေါင်း USD ၁၀ ဒသမ ၃၂၇ ဘီလီယံမှ ကြွေးလျှော်ပေးသည့်ပမာဏမှာ USD ၅ ဒသမ ၉၂၅ ဘီလီယံဖြစ်သဖြင့် ကြွေးမြီစုစုပေါင်း၏ ၅၇ ရာခိုင်နှုန်းခန့်ကို ကြွေးလျှော်ပေးခဲ့ခြင်းဖြစ်သည်။

**ပြည်တွင်းအရင်းအနှီးဈေးကွက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ**

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ၃၁-၇-၂၀၁၃ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို အဖွဲ့ဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် တည်ထောင်ဖွင့်လှစ်နိုင်ရန် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အာမခံ၊ပင်စင်၊အသေးစားငွေရေးကြေးရေးလုပ်ငန်းများတွင် ပြုပြင်ပြောင်းလဲမှုများ**

မြန်မာ့အာမခံလုပ်ငန်း၊ ပင်စင်ဦးစီးဌာနနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းတို့တွင်လည်း ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ရာ အာမခံလုပ်ငန်းတွင် ပုဂ္ဂလိကအာမခံလုပ်ငန်းများခွင့်ပြုခြင်း၊ ပင်စင်လုပ်ငန်းတွင် ပင်စင်ရန်ပုံငွေထူထောင်နိုင်ရေး လေ့လာဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းကို ဖျက်သိမ်း၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများအပါအဝင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး**

နိုင်ငံပိုင်ဘဏ်များဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဖွဲ့စည်းတည်ဆောက်ပုံနှင့်လုပ်ငန်းလည်ပတ်ပုံများကိုပါ ပြည်တွင်းပြည်ပကျွမ်းကျင်သူများအကူအညီဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အခွန်အကောက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ**

အခွန်အကောက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအဖြစ် ခေတ်ကာလနှင့်မလျော်ညီတော့သော ဥပဒေတို့ကို ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများကို ပြုလုပ်ခဲ့ရာ ၂၉-၉-၂၀၁၁ ရက်နေ့တွင် အမြတ်ခွန်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ဝင်ငွေ ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။

ဆက်လက်၍ ၂၄-၃-၂၀၁၄ ရက်နေ့တွင်လည်း ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ကို ပြင်ဆင်သည့်ဥပဒေ၊ ၂၈-၃-၂၀၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့သည်။

ယခင်က ပြည်ပသို့ အကြောင်းအမျိုးမျိုးကြောင့် ထွက်ခွာသူများအား အခွန်ပေး ဆောင်ပြီးကြောင်း သက်သေခံလက်မှတ်ရ ယူစေခဲ့သော်လည်း ၁၅-၃-၂၀၁၃ ရက်နေ့မှစ၍ အခွန် ပေးဆောင်ပြီးကြောင်း သက်သေခံလက်မှတ် ရယူရန်မလိုတော့ကြောင်း ဖြေလျှော့ပေးခဲ့သည်။

အခွန်တိမ်းရှောင်မှု ကာကွယ်တားဆီးနိုင်ရန်အတွက်လည်း ပို့ကုန်၊ သွင်းကုန် တင်ပို့တင်သွင်းမှုအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် (Withho-lding Tax) အား ၄-၆-၂၀၁၃ ရက်နေ့မှစ၍ ကောက်ခံခဲ့သည်။

နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် အခွန်စနစ်အဖြစ် ပြုပြင်ပြောင်းလဲနိုင်ရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် ချိတ်ဆက်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အမေရိကန် နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနတို့၏အကူအညီဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၁-၄-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (Large Taxpayer Office- LTO) ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ အခွန်အများဆုံးပေးဆောင်သူများစာရင်းကို ၂၀၁၂ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ပြန်ကြေညာပေးခဲ့သည်။

အကောက်ခွန်ဆိုင်ရာ ပြောင်းလဲမှုများလည်း များစွာလုပ်ဆောင်ခဲ့ရာထင်ရှားသည့် ကြိုးပမ်းမှုတစ်ရပ်မှာ အာဆီယံပြတင်းတစ်ပေါက်စနစ် (ASEAN SINGLE WINDOW) ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန် ဂျပန်နိုင်ငံအကူအညီဖြင့် မြန်မာအလိုအလျောက်ကုန်သေတ္တာရှင်းလင်းရေးစနစ် (Myanmar Automatic Cargo Clearance System-MACCS) ကို ၂၀၁၆ ခုနှစ်တွင် စတင်အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို တိုင်းဒေသကြီး/ ပြည်နယ်များအတွက် သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည့်စနစ်ကို ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်သို့ ပြောင်းလဲခဲ့သည်။ ထို့ပြင် ပြည်တွင်းတွင် MPU (Myanmar Payment Union) ကတ်များကို အသုံးပြုပေးချေနိုင်သလို ပြည်ပတွင်ပါ ပေးချေနိုင်သော ဗီဇာ၊ မာစတာကတ်များကိုပါ သုံးစွဲနိုင်လာခြင်း၊ e-pension စနစ် (Smart Card) ကျင့်သုံးလာခြင်း၊ ပြည်ပကြွေးမြီရှင်းလင်းခြင်း၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကိုပြဋ္ဌာန်းခြင်း၊ အာမခံလုပ်ငန်းတွင် ပုဂ္ဂလိကအာမခံလုပ်ငန်းများခွင့်ပြုခြင်း၊ ဘဏ်များပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေး၊ အခွန်တိမ်းရှောင်မှုကာကွယ်တားဆီးရေးဆောင်ရွက်နိုင်ခဲ့ခြင်းစသည်တို့မှာ အစိုးရသစ်လက်ထက်ဘဏ္ဍာရေးဆိုင်ရာပြုပြင်ပြောင်းလဲ စီမံဆောင်ရွက်ခဲ့မှုများတွင် ထင်ရှားသောအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများအဖြစ် မှတ်တမ်းတင်ကျန်ရစ်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ပြည်တွင်းကြွေးမြီနှင့် ပြည်ပကြွေးမြီများ၏ ဘဏ္ဍာရေးနှစ်အလိုက်အခြေအနေ**

| ဘဏ္ဍာရေးနှစ် | ပြည်တွင်းကြွေးမြီ (ကျပ်ဘီလီယံ) | ပြည်တွင်းကြွေးမြီနှင့် ဂျီဒီပီအချိုး | ပြည်ပကြွေးမြီ (ကျပ်ဘီလီယံ) | ဂျီဒီပီတန်ဖိုး (ကျပ်ထရီလီယံ) | ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး |
|---|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ | ၉၉၃၈ | ၂၁. ၃% | ၆၃၃၅ | ၄၆. ၆၀၆ | ၁၃. ၆% |
| ၂၀၁၂-၂၀၁၃ | ၁၀၈၂၄ | ၂၁. ၁% | ၇၃၀၁ | ၅၁. ၂၀၇ | ၁၄. ၂% |
| ၂၀၁၃-၂၀၁၄ | ၁၂၀၁၄ | ၂၀. ၃% | ၉၅၆၁ | ၅၉. ၂၄၉ | ၁၆. ၁% |
| ၂၀၁၄-၂၀၁၅ | **ဆောင်ရွက်ဆဲ** | - | ၉၅၄၅ | ၆၆. ၁၈၇ | ၁၄. ၄၂% |

**နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် အခွန်စနစ်အဖြစ် ပြုပြင်ပြောင်းလဲနိုင်ရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် ချိတ်ဆက်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏အကူအညီဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိ**

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅




**ရှေ့ဖုံးမှ**

CESR ၏ ပညာရေးကဏ္ဍ ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၂၀) ကိုလည်း ပြုစုထားပြီးဖြစ်သည်။ ထို့ပြင် ပြဋ္ဌာန်းပြီးသည့် အမျိုးသားပညာရေးဥပဒေနှင့်အညီ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်း (KG)တန်းကို သင်ရိုးအသစ်ပြောင်းလဲပြီး စတင်အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျောင်းသား ၂ ဒသမ ၈ သန်းကျော်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်းကောင်း၊ အထက်တန်းကျောင်းသား ရှစ်သိန်းကျော်အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်းကောင်း အခမဲ့ဖြန့်ဝေခဲ့သည်။

၂၀၁၅-၂၀၁၆ အခြေခံပညာသင်ဆုများအတွက် မြို့နယ်တစ်ခုလျှင် သုံးဦးစီနှင့် မြို့နယ်ခွဲတစ်ခုလျှင် နှစ်ဦးစီဖြင့် အလယ်တန်းကျောင်းသား ၁၁၅၈ ဦးအတွက်

**၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၅ ဘဏ္ဍာနှစ်အထိ နှစ်အလိုက် ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်တိုးတက်မှု**




**ငါးနှစ်တာကာလအတွင်း လေးဆကျော်တိုးမြှင့်သုံးစွဲ**

ပညာရေးအသုံးစရိတ်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ်ဘီလီယံ ၃၁၀၊ ၂၀၁၂-၂၀၁၃တွင် ငွေကျပ်ဘီလီယံ ၆၄၀၊ ၂၀၁၃-၂၀၁၄ တွင် ၈၉၂ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ တွင် ၁၁၀၅ ဘီလီယံသုံးစွဲခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၃၉၉ ဘီလီယံအထိ တိုးမြှင့်သုံးစွဲခဲ့ပြီး ငါးနှစ်တာကာလအတွင်း လေးဆကျော် တိုးမြှင့်သုံးစွဲခဲ့သည်။

**အခြေခံပညာကဏ္ဍ**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်၌ အခြေခံပညာကဏ္ဍတွင် ကျောင်းစုစုပေါင်း ၄၅၁၇၈ ကျောင်း၊ ဆရာ/ဆရာမ စုစုပေါင်း ၃၂၂၅၁၄ ဦးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၈၅၁၄၈၀ ရှိသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မူလတန်းအဆင့် အခမဲ့ပညာရေးကို စတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်

တစ်ဦးလျှင် တစ်နှစ်ငွေကျပ်နှစ်သိန်းစီနှင့် အထက်တန်းကျောင်းသား ၁၁၅၈ ဦးအတွက် တစ်ဦးလျှင် တစ်နှစ်ငွေကျပ် သုံးသိန်းစီ ချီးမြှင့်လျက်ရှိသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် အခမဲ့ပညာရေးနှင့် ပညာရေးထောက်ပံ့မှုများ**

ကျောင်းထောက်ပံ့ကြေးများကို မူလတန်းကျောင်းသားအရေအတွက် အနည်းအများအပေါ်မူတည်၍ တစ်ကျောင်းလျှင် တစ်နှစ် ငွေကျပ် ရှစ်သိန်းမှ ၁၆ သိန်းအထိပံ့ပိုးပြီး ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၄၆ ဘီလီယံသုံးစွဲသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းပြ ၉၀၁၄ ဦး၊ အလယ်တန်း ပြ ၂၃၄၁၇ ဦးနှင့် မူလတန်းပြ ၄၄၅၆၂ ဦး ဖြည့်ဆည်းသွားမည်ဖြစ်သည်။

ကျောင်းသားဦးရေနှင့် ဆရာ/ဆရာမ အချိုးကိုက်ညီစေရေးအတွက် ဆရာ/ဆရာမများကို ဖြည့်ဆည်းလျက်ရှိရာ

**အခြေခံပညာကဏ္ဍ၊ အခမဲ့ပညာရေးအသုံးစရိတ်**

| စဉ် | ဘဏ္ဍာနှစ် | မူလတန်း | အလယ်တန်း | အထက်တန်း | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၁၈၄၄.၀၂၀ | - | - | ၁၈၄၄.၀၂၀ |
| ၂။ | ၂၀၁၂-၂၀၁၃ | ၇၄၅၇.၄၃၉ | - | - | ၇၄၅၇.၄၃၉ |
| ၃။ | ၂၀၁၃-၂၀၁၄ | ၁၄၇၃၀.၄၃၇ | - | - | ၁၄၇၃၀.၄၃၇ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၁၇၃၀၅.၈၈၇ | ၄၄၇၁.၄၆၀ | - | ၂၁၇၇၇.၃၄၇ |
| ၅။ | ၂၀၁၅-၂၀၁၆ | ၁၈၄၅၃.၅၉၅ | ၆၆၁၃.၇၀၀ | ၃၉၃၅.၁၃၀ | ၂၆၀၂၂.၄၂၅ |

အထက်တန်းအဆင့်အထိ တိုးတက်ဆောင်ရွက်ခဲ့သည်။

အခြေခံပညာကျောင်းများရှိ (ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်) ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးဖတ်စာအုပ်များ နှင့် ဗလာစာအုပ်များကို အခမဲ့ပေးဝေပြီး ကျောင်းအသုံးစရိတ်များကို နိုင်ငံတော်ဘတ်ဂျက်နှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပံ့ပိုးပေးလျက်ရှိသည်။

**အခမဲ့ဖြန့်ဝေ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အခမဲ့ပညာရေးအတွက် စုစုပေါင်းငွေကျပ် ၂၉ ဘီလီယံသုံးစွဲမည်ဖြစ်သည်။ မူလတန်းအဆင့် ကျောင်းသား ငါးသန်းအတွက် တစ်ဦးလျှင် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းဝတ်စုံတစ်စုံစီကို လည်းကောင်း၊ အလယ်တန်းအဆင့်

အငြိမ်းစားဆရာ ဆရာမများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြင်ပတွင်ရောက်ရှိနေသော ဆရာ/ဆရာမများကို ရရှိထားသော ဆရာအတတ်ပညာ အောင်လက်မှတ်အဆင့်အလိုက် ကန်ထရိုက်စနစ်ဖြင့် ခန့်ထားမည်ဖြစ်သည်။


ကျောင်းအဆောက်အအုံများကို နှစ်စဉ်တိုးချဲ့တည်ဆောက်ပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း ဆောင် ၃၄၇ ဆောင်၊ အလယ်တန်းကျောင်းဆောင် ၂၇၉ ဆောင်၊ မူလတန်းကျောင်းဆောင် ၁၆၁၃ ဆောင်၊ မူလတန်းကြိုကျောင်းဆောင် ၁၆၉၀ နှင့် ရုံး/ဆရာ ဆရာမနေအိမ် ၁၃၇ ဆောင် စုစုပေါင်းကျောင်းဆောင် ၄၀၈၆ ဆောင်ကို ဆောက်လုပ်ခဲ့သည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမ တန်း ဘက်စုံပညာထူးချွန်လူငယ်များကို ပုဂံ၊ အင်းလေးနှင့် ငွေဆောင်ဒေသများသို့ လေ့လာရေးခရီးစေလွှတ်ခဲ့သည်။ ကင်းထောက်အဖွဲ့ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစ၍ ဖွဲ့စည်းခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ကင်းထောက်မောင်မယ် ဦးရေ လေးသောင်းကျော် ရှိလာပြီဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ကိုယ်ပိုင်ကျောင်း ၃၃၅ ကျောင်း ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင် ကိုးမြို့နယ်၊ ၂၀၁၄ ခုနှစ်တွင် ၂၉ မြို့နယ်နှင့် ၂၀၁၅ ခုနှစ်တွင် မြို့နယ်နယ် ၃၀ တို့ကို ရွေးချယ်၍ ဒေသခံလုပ်အားပေးဆရာ၊

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အဆောက်အဦ တိုးမြှင့်ဆောက်လုပ်ပေးမှု**




နိုင်ငံတကာအကူအညီအထောက်အပံ့များ နိုင်ငံတကာအကူအညီဖြင့် ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သော စီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ စီမံကိန်းနှင့် စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံကိန်းစီမံချက် | စီမံကိန်းကာလ | | မိတ်ဖက်အဖွဲ့အစည်း | ထောက်ပံ့မှု |
|---|---|---|---|---|---|
| | | မှ | ထိ | | |
| ၁။ | လူ့စွမ်းအားဖွံ့ဖြိုးရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက် | ၂၀၀၁ မှ | ယနေ့ထိ | JICA | မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် သုတေသန ပညာသင်ဆုများနှစ်စဉ် ပျမ်းမျှ(၄၀)ဦး |
| ၂။ | ပညာရေးအရည်အသွေးနှင့် စီမံခန့်ခွဲမှု စီမံချက် | ၂၀၁၁ | ၂၀၁၅ | UNICEF | US$ ၄၈.၀၇ သန်း |
| ၃။ | ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး စီမံချက် | ၂၀၁၁ | ၂၀၁၅ | UNICEF | US$ ၁၇. ၇၂၃ သန်း |
| ၄။ | ဘဝတွက်တာကျွမ်းကျင်စရာနှင့် ဒုတိယအကြိမ်သင်ယူမှု အခွင့်အလမ်းရရှိရေးစီမံချက် | ၂၀၁၁ | ၂၀၁၅ | UNICEF | US$ ၁၀. ၉၇ သန်း |
| ၅။ | ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်း | ၂၀၁၂ | ၂၀၁၅ | CESR | နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက် များ(၂၄) ဖွဲ့ |
| ၆။ | ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းသင်တန်း | ၂၀၁၂ | ၂၀၁၆ | JICA | သင်တန်းများနှင့် နည်းပညာအကူအညီ |
| ၇။ | မြန်မာ-ဂျပန်ကျောင်းကျန်းမာရေး မြှင့်တင်မှုအစီအစဉ် | ၂၀၁၂ | ၂၀၁၆ | JICA | နည်းပညာအကူအညီ |
| ၈။ | သဘာဝဘေးအန္တရာယ်ကြိုတင် ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးပညာပေးခြင်းလုပ်ငန်း | ၂၀၁၂ | ၂၀၁၅ | UNESCO | ပြည်တွင်း/ပြည်ပ သင်တန်းများ |
| ၉။ | ပညာရေးမူဝါဒရေးရာ အကြံပေးပညာရှင်၏ နည်းပညာအကူအညီရယူရေးစီမံချက် | ၂၀၁၃ | ၂၀၁၆ | JICA | ပြည်တွင်း/ ပြည်ပ ပညာရှင်များ |
| ၁၀။ | ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး ပညာပေးလုပ်ငန်း | ၂၀၁၃ | ၂၀၁၄ | UNESCO SEED Asia | သင်တန်းများ |
| ၁၁။ | English for Education College Trainers(EFECT) | ၂၀၁၄ | ၂၀၁၆ | British Council | UK မှ အင်္ဂလိပ်စာဆရာ၊ ဆရာမ ၄ဂ ဦး X ၂၄ လ |
| ၁၂ | အခြေခံပညာကျောင်းများ ကျောင်းထောက်ပံ့ငွေစီမံကိန်း | ၂၀၁၄ | ၂၀၁၈ | ကမ္ဘာ့ဘဏ် နှင့် AusAID | (ကမ္ဘာ့ဘဏ်ချေးငွေ US$ ၈၀ သန်း AusAID ထောက်ပံ့ငွေ US$ ၂၀သန်း |
| ၁၃။ | ပထမတန်းနှင့် ဒုတိယတန်းကလေးများ အတွက် စာဖတ်စွမ်းရည်စစ်ဆေး အကဲဖြတ်မှု သုတေသနလုပ်ငန်း | ၂၀၁၄ | ၂၀၁၆ | ကမ္ဘာ့ဘဏ်နှင့် AusAID | |
| ၁၄။ | Intel Teach Getting Started သင်တန်း | ၂၀၁၄ | ၂၀၁၄ | Intel Co. Ltd | နည်းပညာအကူအညီ |
| ၁၅။ | မူလတန်း သင်ရိုးညွှန်းတမ်း ပြုပြင်ရေးဆွဲရေးစီမံကိန်း | ၂၀၁၄ | ၂၀၁၉ | JICA | နည်းပညာအကူအညီ |
| ၁၆။ | တောင်ငူပညာရေးကောလိပ် အဆင့်မြှင့်တင်ရေးစီမံကိန်း | ၂၀၁၅ | ၂၀၁၆ | JICA | ယန်း ၂၅၁၃ သန်း |

ဆရာမများနှင့် တက္ကသိုလ်များမှ လုပ်အားပေး ကျောင်းသား ကျောင်းသူများပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**အဆင့်မြင့်ပညာကဏ္ဍ**

ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၃၆ ခု ရှိပြီး တက္ကသိုလ်ဆရာ ဆရာမ ၂၂၅၃၀ ရှိသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် အတွင်း စစ်ကိုင်းတက္ကသိုလ်၊ မန္တလာကောလိပ်နှင့် တောင်ကုတ်ကောလိပ်တို့ကို အသစ်ဖွင့်လှစ်ခဲ့ပြီး ပဲခူးဒီဂရီကောလိပ်နှင့် ရွှေဘိုဒီဂရီကောလိပ်တို့ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။

၂၀၁၃-၂၀၁၄ပညာသင်နှစ်မှစ၍ ဝိဇ္ဇာသိပ္ပံဘာသာရပ် ၂၁ ခုအတွက် ထူးချွန်ကျောင်းသား ၅၀ စီကို ရွေးချယ်၍ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်၌ ပထမနှစ်သင်တန်းမှ စတင်သင်ကြားပေးလျက်ရှိပြီး ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆုများ ချီးမြှင့်ပေးလျက်ရှိသည်။

၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ တက္ကသိုလ် ဆရာ ဆရာမ စုစုပေါင်း ၁၆၃၀ ကို ပြည်ပနိုင်ငံများသို့ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ ညီလာခံ၊ လေ့လာရေး၊ သင်တန်းနှင့် ပညာတော်သင်စေလွှတ်ခဲ့သည်။

အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီကို ဖွဲ့စည်းပြီး အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံတက္ကသိုလ်များမှ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ အားကစားပညာဘွဲ့ B.Sc (Sports) သင်တန်းကိုလည်း ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

**ဆရာအတတ်ပညာကဏ္ဍ**

အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆရာ ဆရာမ များခန့်အပ်နိုင်ရန် ပညာရေးကောလိပ် ၂၁ ခုတွင် လေ့ကျင့်သင်တန်းပေးလျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းကိုလည်းကောင်း၊ ဘွဲ့ရပြီးသူများအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်းများကိုလည်းကောင်း ဖွင့်လှစ်ပေးလျက်ရှိသည်။

လုပ်ငန်းခွင်မှ ဆရာ ဆရာမများအတွက် မူလတန်းနှင့် အလယ်တန်း ဆရာအတတ် စာပေးစာယူသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

အခြေခံပညာကျောင်းများမှ နေ့စားလပေးဆရာများအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ အထူးတစ်လသင်တန်းများ ပေးခဲ့သည်။

**နိုင်ငံတကာအကူအညီ၊ အထောက်အပံ့များ**

၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍ ပြည်တွင်းပြည်ပအလှူရှင်များ ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာကျောင်းပေါင်း ၁၃၅၀ ရှိပြီး တန်ဖိုးငွေကျပ် ၇၁ ဘီလီယံကျော်ရှိသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရေကြီးနစ်မြုပ်မှု သဘာဝဘေးကြောင့် အခြေခံပညာကျောင်း ၆၄၃ ကျောင်း ပျက်စီးခဲ့ပြီး ယင်းကျောင်းများ ပြန်လည်ပြုပြင်ရန်အတွက် အစိုးရဘတ်ဂျက်နှင့် ပြည်တွင်းပြည်ပထောက်ပံ့ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ပညာရေးကဏ္ဍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများမှာ ယခင်အစိုးရအဆက်ဆက် လက်ထက်များထက် ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပြီး နောင်သားစဉ်မြေးဆက် မြန်မာ့ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက်လည်း အခြေခံအုတ်မြစ်ကောင်းများချပေးနိုင်ခဲ့ပြီဟု ရေးသားတင်ပြလိုက်ရပါသည်။

# မြန်မာ့နိုင်ငံရေးအပြောင်းအလဲနှင့်အတူ သက်ဝင်လှုပ်ရှားလာသည့် မြန်မာအထူးစီးပွားရေးဇုန်များ

**သိမ်မွေ့ညင်သာသော မြန်မာ့နိုင်ငံရေးအပြောင်းအလဲအပေါ် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံကြီးများက စံပြဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်စဉ်အသွင် ရှုမြင်သုံးသပ်လာကြသည်။**

သတင်းဆောင်းပါး - ခင်မောင်ထွေး

တစ်ဆက်တည်းမှာပင် မြန်မာ့နိုင်ငံရေးပြုပြင် ပြောင်းလဲမှုအပေါ် မူတည်၍ အာရှ၏ နောက်ဆုံးစီးပွားရေးစားကျက်အဖြစ် ရှုမြင်ကာ ရင်းနှီးမြှုပ်နှံမှုများကို စတင်ဆောင်ရွက်ရန်ကြိုးပမ်းလာကြသည်။

၂၀၁၂ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့်အရေးယူပိတ်ဆို့မှုများကို ပြန်လည်သုံးသပ်ပြီး ပိတ်ဆို့မှုအချို့ကို ဧပြီလအတွင်း စတင်ရုပ်သိမ်းပေးခဲ့သည်။

အမေရိကန်နိုင်ငံကလည်း အကူအညီပေးနိုင်ရေးအတွက် ပိတ်ပင်မှုအချို့ကို စတင်ရုပ်သိမ်းပေးခဲ့သည်။ ပိတ်ဆို့မှုများအနက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ရန် တားမြစ်ချက်များကို မေလ ၁၇ ရက်နေ့မှ စတင်ဖြေလျှော့ပေးခဲ့သည်။

ဥရောပသမဂ္ဂကလည်း မြန်မာ့ကုန်ပစ္စည်းများ အီးယူသို့တင်ပို့ရောင်းချရာတွင် အခွန်ကင်းလွတ်ခွင့်နှင့် ကန့်သတ်မှုကင်းလွတ်ခွင့်များကို ပြန်လည်ပေးအပ်ကြောင်း ၂၀၁၂ ခုနှစ် စက်တင်ဘာလတတိယပတ်အတွင်း ထုတ်ပြန်ကြေညာသည်။

မြန်မာနိုင်ငံဘက်ကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းပေးနိုင်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေနှင့် ချိတ်ဆက်ပေါင်းကူးနိုင်ခဲ့သည်။

ထိုသောအခါ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်နှင့် စီးပွားရေးလုပ်ကိုင်ရန် ချိတ်ဆက်ဆောင်ရွက်မှုရှိလာ၍ အမေရိကန်နှင့်ဂျပန်နိုင်ငံတို့က အာရှ၏ နောက်ဆုံးစီးပွားရေးစားကျက်သို့ သွက်လက်သောခြေလှမ်းတို့ဖြင့် ဝင်ရောက်လာကြသည်။

## ရေရာသေချာလာသည့်သီလဝါ

၂၀၁၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အကြား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့ခြင်းမှ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်း စိတ်ကူးအိပ်မက်သည် စတင်ပေါ်ပေါက်လာသည်။



၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် တည်ဆောက်ပြီးစီးသွားသည့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံတစ်ရုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-မှတ်တမ်း)

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းလွှာ (MoC) လက်မှတ်ရေးထိုးမှုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း၊ နှစ်ဖက်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် နားလည်မှုသဘောတူစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးခြင်းကို ၂၀၁၃ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး မြန်မာနိုင်ငံခရီးစဉ်အတွင်း သီလဝါဆိပ်ကမ်း၌လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းရန် သဘောတူညီချက် (JV Agreement) လက်မှတ်ရေးထိုးခြင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့၌လည်းကောင်း၊ စီမံကိန်းတည်ဆောက်ခြင်း လုပ်ငန်းစတင်သည့်အခမ်းအနားကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်၌လည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့အရောက်တွင်မူ သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်းကို မြန်မာ-ဂျပန် နှစ်နိုင်ငံတို့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက "ယခုဖွင့်လှစ်လိုက်သည့် သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနှင့် ဂျပန်နိုင်ငံတို့အကြား ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်အပေါ် မြန်မာတို့မျှော်လင့်ရှုမြင်ထားမှုကိုလည်း "သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်သည်နှင့်အညီ မိမိတို့၏ရည်မှန်းချက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြင့်မားရေးဆိုသည့် ဒေသတွင်းနိုင်ငံများ၏ သာမန်ရည်မှန်းချက်ထက်များစွာပိုမိုပါကြောင်း၊ မိမိတို့၏ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပါရာဒိုင်းအရွေ့ပင်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအတွက် ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ဖန်တီးရန်အတွက် အတွေးသစ်အမြင်သစ်များ၊ မူဝါဒအသစ်များ၊ လုပ်ထုံးလုပ်နည်းအသစ်များနှင့်အတူ အခန်းကဏ္ဍများစွာတွင် ညှိနှိုင်းပေါင်းစပ်အဆင်ပြေစေမည့် ရင်းနှီးမြှုပ်နှံမှုပုံစံကို သီလဝါအထူးစီးပွားရေးဇုန်အဖြစ် စတင်ခဲ့ပြီးဖြစ်ကြောင်း" ထုတ်ဖော်ပြောကြားခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းသည် ဟက်တာ ၂၄၀၀ ကျယ်ဝန်းသည်။ စီမံကိန်းပထမအဆင့်အဖြစ် ၃၉၆ ဟက်တာကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဧရိယာအတွင်း လူနေနှင့်စီးပွားရေးဧရိယာ ၃၅ ဟက်တာလည်းပါဝင်သည်။ စီမံကိန်းပထမအဆင့်အတွက် အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု လုပ်ကိုင်ခွင့်ရရှိထားသည်။

လက်ရှိတွင် စီမံကိန်းပထမအဆင့် ဧရိယာအတွင်း ကုမ္ပဏီ ၁၃ ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းပြီးစီးပါက မြန်မာတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနှစ်သိန်းခန့် ဖော်ဆောင်နိုင်မည်ဟု တာဝန်ရှိသူတို့က ခန့်မှန်းတွက်ချက်ထားသည်။

လတ်တလောအားဖြင့် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စတင်ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် တစ်စုလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် အများပြည်သူသို့ ရောင်းချခဲ့သော မူလအစုရှယ်ယာများမှာ တစ်စုလျှင် ငွေကျပ် ၄၀၀၀၀ ခန့်အထိ ဈေးတက်သွားသည်။

၂၀၁၄ ခုနှစ် မတ် ၃ ရက်မှစပြီး ၉ ရက်အထိ ရောင်းချခဲ့သော အစုရှယ်ယာများကို အများပြည်သူ ၁၈၀၀၀ နီးပါးက ဝယ်ယူရန် အဆိုပြုခဲ့ပြီး ရှယ်ယာတန်ဖိုးငွေကျပ် ဘီလီယံ ၄၀ ကျော်အထိရှိခဲ့ကာ အစုရှယ်ယာစုစုပေါင်း ၂ ဒသမ ၁၄၅ သန်းကို ရောင်းချခဲ့သည်။

## သီလဝါပြီးတော့ထားဝယ်

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကိုမူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် ၁၇/၂၀၁၁ ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေမှတစ်ဆင့် စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်ရာ သီလဝါထက်ပိုစောသော အထူးစီးပွားရေးဇုန်ဖြစ်သည်။

သို့တစေ ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ စက်မှုနယ်မြေတည်ထောင်ခြင်း၊ ကားလမ်းနှင့်ရထားလမ်းများဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်သည့်လိုင်းများ၊ ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံပိုက်လိုင်းများသွယ်တန်းခြင်း၊ လူနေရပ်ကွက်များ၊ အပန်းဖြေစခန်းများ၊ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ပါဝင်၍ လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်သည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ကြန့်ကြာမှုများပေါ်ပေါက်လာသည်။ မူလ မြန်မာ-ထိုင်းနိုင်ငံတို့အပြင် တတိယနိုင်ငံဂျပန်ပါဝင်ရန် ဆက်လက်ဆွဲဆောင်နေရပြန်၍ ထားဝယ်ပြီးမှ သီလဝါအစား သီလဝါပြီးမှ ထားဝယ်အခြေအနေသို့ ပြောင်းပြန်ဆိုက်ရောက်သွားသည်။

ပစ္စက္ခတွင်မူ မြန်မာ-ထိုင်း-ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တန်ချိန် ၁၅၀၀၀ ခန့်ရှိသည့် သင်္ဘောများဆိုက်ကပ်နိုင်သော ဆိပ်ကမ်းငယ်တစ်ခုတည်ဆောက်ပြီးဖြစ်ကာ ကုန်လှောင်ရုံများနှင့် ဆိပ်ကမ်းအဝင်/အထွက် သောင်တူးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ်သို့ဆက်သွယ်မည့် မိုင် ၉၀ ခန့်ရှိ နှစ်လမ်းသွားမော်တော်ကားလမ်းကို မြေသားလမ်းအဆင့် ဖောက်လုပ်ထားပြီး လမ်းအဆင့်မြှင့်တင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကနဦးစီမံကိန်းတွင်စက်မှုဇုန်ဧက ၇၀၀၀ခန့်ကို အပိုင်းလိုက်တည်ဆောက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်း၊ မြို့ပြလုပ်ငန်းနှင့်တယ်လီဖုန်းလိုင်း တည်ဆောက်ရေးလုပ်ငန်းများကို ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်လာပါက ဒေသခံပြည်သူ သုံးသိန်းခန့်ကိုအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဟု တာဝန်ရှိသူများက တွက်ချက်ခန့်မှန်းထားသည်။

## ထားဝယ်ပြီးတော့ကျောက်ဖြူ

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို နာယကခေတ်တွင် စတင်စီစဉ်ဆောင်ရွက်ခဲ့သည်။ ပထမအဆင့်ဖြစ်သည့် စိတ်ကူးစီမံချက်ရေးဆွဲသည့်လုပ်ငန်းစဉ်ကို Japan Development Institute (JDI) ပညာရှင်များ၊ ဇုန်အကြံပေးအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့ပေါင်းစုံတို့ ပါဝင်သည့်အဖွဲ့များက ကျောက်ဖြူမြို့သို့ အကြိမ်ကြိမ်ကွင်းဆင်းလေ့လာခဲ့သည်။

ဒေသခံပြည်သူများနှင့် မိတ်ဖက်အဖွဲ့ပေါင်းစုံ၏ အကြံပြုချက်များနှင့် သဘောထားများရယူပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဟဇာတဖြစ်သော ရေရှည်တည်တံ့သည့် စီးပွားရေးဖြစ်ထွန်းမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအပါအဝင် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ထွန်းလာနိုင်မည့်စိတ်တူစီမံချက်တစ်ခုကို ရေးဆွဲခဲ့သည်။

ဒုတိယအဆင့်အဖြစ် အကြံပေးကုမ္ပဏီကို တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ၂၀၁၃ ခုနှစ် ဩဂုတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ အကောင်အထည်ဖော်ခဲ့သည်။

တတိယအဆင့်အဖြစ် ရင်းနှီးတည်ဆောက်သူ (Developer) များကို အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ်တွင် အကြံပေးကုမ္ပဏီများက ကျောက်ဖြူခရိုင်တစ်ခုလုံး လွှမ်းခြုံနိုင်မည့်မဟာစီမံချက်ကို လေ့လာရေးဆွဲခဲ့ရာ ကနဦးအဆိုပြုချက်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး၊ ဒေသခံများ၊ နိုင်ငံသားများ ပါဝင်လုပ်ဆောင်ခွင့်ရရေး၊ ရေနက်ဆိပ်ကမ်းကို အခြေပြုသော ကုန်ထုတ်လုပ်ငန်းများ၊ အဆင့်ဆင့်ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ရေးအပိုင်းကို ဦးစားပေးသည့်ထောက်ပံ့ ပို့ဆောင်နိုင်သည့် လုပ်ငန်းများပါဝင်နိုင်သော လုပ်ငန်းအမျိုးအစားများကိုစုစည်းကာ ရေနက်ဆိပ်ကမ်းရင်းနှီးတည်ဆောက်သူ၊ ဆောက်လုပ်ရေးနှင့်ဆိုင်သည့်ပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ၊ အထည်အလိပ်လုပ်ငန်းနှင့်ဆိုင်သည့် စက်မှုလုပ်ငန်းများ၊ စက်မှုဥယျာဉ်ရင်းနှီးတည်ဆောက်သူနှင့် လူနေအိမ်ရာများဆောက်လုပ် ရင်းနှီးတည်ဆောက်သူစသည်ဖြင့် တင်ဒါသုံးခုခွဲ၍ ခေါ်ယူမည့် မဟာစီမံချက်မူကြမ်းတွင် ယခင်စိတ်ကူးစီမံချက် ပထမအဆင့်၌ ဧက ၁၀၀၀ စတင် အကောင်အထည်ဖော်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ပထမအဆင့်၌ ဧက ၄၀၀၀ခန့်အထိ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အထူးစီးပွားရေးဇုန်၏တန်ဖိုးကို ပိုမိုမြင့်မားလာစေရန်၊ ရင်းနှီးတည်ဆောက်သူများကို ပိုမိုဆွဲဆောင်မှုရရှိစေရန်နှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရန် အကြံပြုချက်အပေါ် ဆွေးနွေးတိုင်ပင်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းသည် ၂၀၄၅ ခုနှစ်အထိ နှစ်တို၊ နှစ်လတ်နှင့်နှစ်ရှည်စီမံကိန်းများချမှတ်၍ စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းစတင်နိုင်ရန် ရင်းနှီးတည်ဆောက်သူ တင်ဒါသုံးဦးရွေးချယ်ရန်ညှိနှိုင်းမှုများကို ယခုနှစ်နှစ်ဆန်းပိုင်းကစတင်၍ ညှိနှိုင်းခဲ့သော်လည်း တိကျသည့် တင်ဒါကုမ္ပဏီများကို မရွေးချယ်နိုင်သေးကြောင်းနှင့် ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။ ကုမ္ပဏီများ၏ အချက်အလက်လိုအပ်ချက်ကြောင့် ရွေးချယ်မှုမပြီးစီးသေးခြင်းဖြစ်ကြောင်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (BEAC)မှ သိရသည်။

မြန်မာအထူးစီးပွားရေးဇုန် စီမံကိန်းများအနက် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအောင်မြင်မှုသည် ကျန်အထူးစီးပွားရေးဇုန်များအတွက် စံပြပြယုဂ်အဖြစ် တည်မှီလာသည်။

သို့တစေ မြန်မာ့နိုင်ငံရေးအပြောင်းအလဲနှင့်အတူ ရုပ်လုံးပေါ်ပေါက်လာသည့် မြန်မာအထူးစီးပွားရေးဇုန်များကြောင့် အနာဂတ်တွင် မြန်မာအတွက် အရင်းအနှီးနှင့် နိုင်ငံခြားငွေရရှိခြင်း၊ နည်းပညာလွှဲပြောင်းရရှိနိုင်ခြင်း၊ စီမံခန့်ခွဲမှုနှင့် ဈေးကွက်ဗျူဟာဆိုင်ရာ အရည်အသွေးများ တိုးတက်ခြင်း၊ ယှဉ်ပြိုင်စွမ်းအားတိုးတက်ခြင်း၊ ပြည်ပဈေးကွက်များနှင့် ချိတ်ဆက်နိုင်ခြင်း၊ ထုတ်ကုန်တန်ဖိုးများတိုးတက်ရရှိစေခြင်း၊ အလုပ်အကိုင်များဖန်တီးနိုင်မှုနှင့်အတူ ဆင်းရဲမှုလျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူး ရလဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်တင်ပြထားကြသည်။